
# ဝမ္မရတ္တ

## အိန္ဒိယပြည်ရှိဗုဒ္ဓဌာနများ



၃၁၅

# ဓမ္မရဏ

## အိန္ဒိယပြည်ရှိ ဗုဒ္ဓဌာနများ။

အိန္ဒိယအစိုးရ ပြန်ကြားရေးဌာန၏
ခွင့်ပြုချက်အရ။

---

ဗုဒ္ဓ ဓမ္မ ကမ္ဘာ့သာသနာပြုအဖွဲ့
၂၀၀ (က) ဦးဝိစာရလမ်း
ရန်ကုန်မြို့၊

# အမှာ

မူရင်းအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုရာတွင်။ ၁။ တိုက်ရိုက်ပြန်ဆိုခြင်းနှင့် ၂။ မူလူအဓိပ္ပါယ်မပျက်စေဘဲ၊ မြန်မာ့ဝေါဟာရနှင့် အဆင်ပြေစွာ ဆိုလိုချက်သဘောကိုသာ ပြန်ဆိုခြင်းနှစ်မျိုးလုံးကို ဤစာအုပ်တွင် သင့်လျော်သလို ပြန်ဆိုရေးသား စီစဉ်ထားပေသည်။

# မာတိကာ

---


**အချီး** .... .... .... ၅

**အထွဋ်အမြတ်ဌာနများ** .... ၁၁

လုမ္ဗိနီ .... .... ၁၈
ဗုဒ္ဓဂယာ .... .... ၂၁
ဆာရ်နတ် .... .... ၂၆
ကုသိနာရုံ .... .... ၄၂
သာဝတ္ထိပြည် .... .... ၄၄
သင်္ကဿနဂိုလ် .... .... ၅၅
ရာဇဂြိုဟ်ပြည် .... .... ၅၇
ဝေသာလီပြည် .... .... ၆၂

**အရေးကြီးသောဌာနများ** .... ၆၇

ဆန်ချီ .... .... ၇၁
အဂျန္တာနှင့်ဧလိုရာ .... ၉၀
နာလန္ဒာ .... .... ၉၉

**နိဂုံး** .... .... .... ၁၀၅

**အိန္ဒိယမြေပုံ** .... .... ၁၀၆



ကြေးနက်ဖြင့် ထွင်းထုထားသော ရုပ်တော်မူ။
(နာလန္ဒ ပြတိုက်။)

# အခါး။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ (ခရာဇ်မပေါ်မီ နှစ်ပေါင်းခြောက်ရာ) အချိန်အခါက၊ အာရှတိုင်း၏အံ့သိဉာဏ်လောကဘွင်၊ ကြီးကျယ်သောအံ့ကြွချက်များကိုတွေ့ရပေသည်။ တရုပ်ပြည်ကွန်ဖြူးရှပ်(Confucius) နှင့် လောဆီ (Lao-tse), အီရန် (Iran) ပြည်၌၊ ဇောရိုးစတား(Zoroaster)တို့အပြင်၊ အိန္ဒိယပြည်၌ မဟာဝီရနှင့်ဂေါတမဗုဒ္ဓတို့၏ အပြားပြားသောလမ်းစဉ်များ ပေါ်ထွက်လာခြင်းတို့ကြောင့်၊ ဝေးကွာသောအရပ်အသီးသီး၌ လူတို့၏စိတ်ဓါတ်များကို လှုံ့ဆော်ပေးကဲ့သော အချက်နှင့်တူလေသည်။

အိန္ဒိယပြည်တွင်း၌ ပေါ်ပေါက်လာခဲ့သော အံ့ကြွမှု နှစ် ရပ် လုံး ပင်၊ အဟိံသ(Ahinsa)ခေါ် သူတပါးအသက်ကို မသတ်ဖြတ် မညှင်းဆဲသော မေတ္တာဝါဒပေါ်မှာ အခြေတည်ခြင်းနှင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ သမ္မာကမ္မန္တ။ စသောမဂ္ဂင် တရားကိုယ်, သစ္စာတရားတော်ကို ဟောကြားခြင်းဟူသော ထူးခြားသည့်လမ်းစဉ်ကြီးနှစ်ရပ် သီးခြား ထွက်ပေါ် လာသောကြောင့် အထူးအောင်မြင်ခဲ့ပေသည်။ ၎င်းလမ်းစဉ်ကြီးနှစ်ရပ်လုံးပင် အိန္ဒိယမြေပြင်၌ ခိုင်မြဲနက်ကျယ်စွာ အခြေအမြစ် တွယ်ခဲ့လေရာတွင်၊ တရပ်ဖြစ်သော ဂေါတမ၏ဗုဒ္ဓတရားတော်မှာ အိန္ဒိယမြေပြင်မှပင် ကျော်လွန်ခါ၊ ပတ်ဝန်းကျင်အရပ်များသို့ပင် ပျံ့နှံ့ခဲ့လေသည်။ ယခုအခါ ၎င်း၏ပေါ်ပေါက်ရာဒေသဖြစ်သည့်နိုင်ငံ၌ ပျောက်ကွယ်သလောက်ပင်ရှိသော်လည်း ယနေ့အချိန်တိုင် ကမ္ဘာကြီး၏ သုံးပုံတပုံသောလူတို့၏ လေးစား မြတ်နိုးစွာ ကြည်ညိုကိုးကွယ်လျက်ရှိသော လမ်းစဉ်ကြီးတရပ်အဖြစ် ထွန်းလင်းလျက်ပင်ရှိလေသည်။ ဗုဒ္ဓတရားတော်၏ပေါ်ထွက် ထွန်း လင်း လာခြင်းသည် အိန္ဒိယရာဇဝင်တွင်သာမက၊ အာရှတိုက်၏ရာဇဝင်မှာပင် ကျောက်စာတိုင်ကြီးသဘွယ် ခန့်ထယ်စွာ မားမားကြီးပေါ်လွင်ခဲ့ပေသည်။

ဘာသာခေါင်းဆောင်များ၏ ပတ်ဝန်းကျင်၌၊ ချဲ့ထွင် ဖွဲ့ဆို သီကုံး မှတ်သားမှုများပေါ်ပေါက်တတ်စမြဲဖြစ်သကဲ့သို့ပင်။ ဗုဒ္ဓဓမ္မခေါင်းဆောင်ကြီး၏ ပတ်ဝန်းကျင်၌လည်း ဒဏ္ဍာရီ သမိုင်းစသည်တို့ပေါ်ပေါက်လာခဲ့၏။ မှတ်တမ်းတင်ရာ ရာဇဝင်ဆရာများ၏ ကလောင်ကွန့်လျက် တခမ်းတနား အံ့ဘွယ်ဘနန်း ထူးဆန်းကျယ်ပြန့်စွာရှိနေသည့် အချို့အချက်များကို ယနေ့ ပစ္စက္ခ နားလည်မှုအရ၊ ချုံလှပ်လိုသူက ချုံလှပ်ဦးစေကာမူ၊ အဆက်ဆက် အမာခံစာပေသမိုင်းများ နိုင်လုံသောရာဇဝင် အကိုးအကားများဖြင့် ဘာသာတရား၏ မူလအခြေမှန်ကိုရှာတွေ့နိုင်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် (6th century B.C.) က၊ ဟိမဝန္တာ တောင်ခြေအနီး၌၊ ကပိလဝတ္ထု (Kapilavatthu)ခေါ် နိုင်ငံငယ်တခုရှိလေသည်။ ထိုနိုင်ငံကို သာကီဝင်မင်းမျိုးများ စိုးစံတော်မူလေသည်။ ထိုမင်းမျိုးတို့မှ သုဒ္ဓေါဒနအမည်ရှိ ဘုရင်မင်းမြတ်နှင့် ၎င်း၏ကြင်ယာတော် မဟာသီမာယာဒေဝီတို့မှ၊ အဥ္ဇနမင်းကြီး၏ ဖြိုကွင်းသက္ကရာဇ် ၆၈ ခု က ဆုန်လပြည့် သောကြာနေ့ (ခရာဇ်မပေါ်မီ နှစ်ပေါင်း ၅၆၆ နှစ်) တွင်၊ သိဒ္ဓတ္ထအမည်ရှိ ဂေါတမဘုရားအလောင်းတော် သားမြတ်ရတနာတပါးကို၊ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်၊ ဖွားမြင်ရာဌာနကား၊ ကပိလဝတ္ထုအနီး လုမ္ဗိနီ(Lumbini)ဥယျာဉ်ဖြစ်လေသည်။ မယ်တော်မှာ ဖွားမြင်ပြီး မကြာမီပင် နတ်ရွာစံခဲ့လေသည်၊ ပုရောဟိတ်နှင့် ဗေဒလက္ခဏာပါဂျမြောက် ပညာရှင်ကြီးများက၊ ဖွားသစ်စအလောင်းမြတ် သားတော်ရတနာကို၊ စက္ကဝတေးမင်းသော်၎င်း၊ လောကသုံးပါး၌ အတုမရှိသော ဘုရားရှင်သော်၎င်း၊ ဧကန်ဖြစ်ရမည်ဟု လက္ခဏာဖတ် ကြွေးကျော်ပြောဆိုကြသဖြင့်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အရွယ်ရောက်လာသည့်အခါဝယ် လောက၏ပူဆွေးခြင်း၊ ဒုက္ခခံရခြင်းတို့မှကင်းဝေးစေလျက် ချမ်းမြေ့နှစ်သိမ့်ဘွယ်သော စီးစိမ်အမျိုးမျိုးတို့နှင့် ဖန်တည်းစီမံကာ ဝန်းရံစောင့်ရှောက်၍ထားခဲ့ပေသည်၊ သို့သော် ခမည်းတော်၏ အားလုံးသောဆောင်ရွက်ချက်များမှာ အရာမရောက်ခဲ့ဘဲ၊ သူအို၊ သူနာ၊ သူသေ၊ တည်းဟူသော နိမိတ်ကြီးတို့သည် သိဒ္ဓတ္ထမင်းသား၏ မီးခဲပြာဖုံး ပမာဖြစ်နေသော ဘဝအသိဉာဏ်များကို ဖေါ်နှိုးသကဲ့သို့ သတ္တဝါမှန်သမျှတို့ ခံစားရသောဒုက္ခ၊ အနှစ်မရှိသောလောက၏ စင်စစ်မွေ့လျော် ပျော်

ပါးဘွယ်မရှိခြင်းများကို သိဒ္ဓတ္ထမင်းသားနားလည်စေခဲ့သည်။ "မည်သူတဦးတယောက်မျှ ဒုက္ခကိုဘုံလှူင်ခြင်းမရှိဘဲ၊ ဤမျှလောက်ကြင်နာစွာဂရုဏာနှင့် ဆင်ခြင်တွေးတောခြင်းကိုဘယ်သောအခါမှမပြုခဲ့ဘူးပေ။" အလောင်းတော်သည်လွတ်မြောက်ရာလမ်းစဉ်ကိုရှာစားနေစဉ်၊ တည်ကြည်အေးချမ်းကိလေသာ တဏှာကင်းသော ရဟန်းတော်၏နိမိတ်ကို တဖန်မြင်ရပြန်သော်၊ အထူးကြည်နူးခဲ့လေ၏။ ထိုအခါ သက်တော် ၂၉ နှစ်အရွယ်သို့ရောက်သော်၊ ကြင်ယာတော် ယသော်ဒေဝီမှ ရာဟုလာခေါ် သားတော်တပါးဖွားမြင်လေသော်၊ နောက်ထပ် သံယောဇဉ်နှောင်ကြိုး တိုးလာပြန်လေပြီဟုစဉ်းစားမိခါ ဒိမိ၏အကျိုးအတွက်သာမက၊ လောကရှိသတ္တဝါအပေါင်းတို့၏ သံသရာဝဋ်မှ၊ ကင်းလွတ်ရာ ကင်း လွတ် ကြောင်း အတွက်၊ ကြင်ယာတော် သားတော်တို့နှင့်တကွ၊ လောကစည်းစိမ် ဂုဏ်သိမ်ချမ်းသာအဖြာဖြာတို့ကို စွန့်လွှတ်ယခွါလျက်၊ တောထွက်တော်မူရန်ဆုံးဖြတ်တော်မူလေသည်။ ။သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်းလာနေ့ ညဉ့်သန်းခေါင်တွင်၊ မဟာဘိနိက္ခမခေါ် အတုမရှိသော လောကသခင် ဘုရားရှင်ဖြစ်ရေးအတွက်၊ ကြီးမြတ်သောစွန့်ခြင်း အမှုပြုခဲ့ပြီးနောက်၊ ဟိုမှသည်မှလှည့်လည့်သွားလာခါ၊ အမျိုးမျိုးသော မိခိုရာ ရသေ့သူတော်စင်တို့အထံတွင် နည်းနာခံယူ၍နေခဲ့လေသည်၊ ဂယာမြို့ (Buddha Gaya) အနီးဥရုဝေလ (Uruve!a )တော၌၊ ဘုရားအလောင်းသည်အပြင်းထန်ဆုံးသောဒုက္ကရစရိယာကို အားထုတ်သော်၊ ရည်ရွယ်ချက်ပန်းတိုင်ကို ဆွတ်လှမ်းရန်အကူအညီ အထောက်အမ မဟုတ်ပါတကားဟု သိရှိယုံပင်ဖြစ်လေ၏။ ထိုနောက် လီလာဂျန် (Lilajan) ခေါ် နေရဥ္စရာ (Nairanjana) မြစ်ဆိပ်တွင်ရေချိုးပြီး၍ ညောင်ပင်တပင်၏အောက်၌ ဗောဓိတည်းဟူသော မြင့်မြတ်ဆုံးဖြစ်သည့်အသိညာဏ်ကို အောင်မြင်ရရှိတော်မမူမခြင်း၊ ထိုနေရာမှမထဟူ၍ ခိုင်မြဲသောဓိဋ္ဌာန်ချက်နှင့် ထိုင်တော်မူပြီးသော်၊ တန်ခိုးပြာဋ္ဌိဟာတို့သည် တချိုးဆက်လျက်ထွက်ပေါ်လာကြ၍ မိုက်ရိုင်းသောမာရ်နတ်ကိုအောင်မြင်တော်မူပြီး၊ နောက် ဆုံး၌ သဗ္ဗညုတ ရွှေဉာဏ် တော်ကိုအောင်မြင်ရရှိတော် မူခဲ့လေသောကြောင့်၊ ထိုညောင်ပင်ကို ဗောဓိပင်ဟုခေါ်ဝေါ်သမုတ်ကြသည်။ ထိုအခါမှစ၍လည်း၊ ဗုဒ္ဓဟူ၍ရင်း။၊သမ္မာသမ္ဗုဒ္ဓဟူ၍ရင်း။ သစ္စာတရားကိုသိမြင်တော်မူသော တထာဂတဟူ၍ရင်း။ သကျ

မုနိဟူ၍၎င်း။ သာကီဝင်မင်းမျိုး ပညာရှိသူကောင်းဟူ၍၎င်း။ အမျိုးမျိုး ခေါ်ဆိုအပ်သော အမည်ထူးကြီးတို့ကိုခံယူတော်မူခဲ့သည်။ ဂေါတမအမျိုး အနွယ်ဝင်ဖြစ်သောကြောင့်ရှေး၌ပွင့်တော်မူကြကုန်ပြီးသောအခြားဘုရား ရှင်တို့နှင့် ကွဲပြားစေရန်ခွဲခြား၍ ဂေါတမဘုရားရှင်ဟူ၍လည်း ခေါ်ဆိုသ မုတ်ကြလေကုန်သည်။


ဘုရားရှင်သည် မိမိသိမြင်ပြီးသော သစ္စာတရားတော်ကိုဟောကြား တော်မူရန်၊ ဗာရာဏသီ (Banaras) မြို့အနီးရှိ ဆာရ်နတ် (Sarnath) ခေါ် ဣသိပတန (Isipatana) မြို့ မိဂဒါဝုန်တောသို့ ဆက်လက်ကြွတော်မူ၍ ထို နေရာအရပ်တွင် ရှေးအခါက သစ္စာတရားကိုရှာဖွေနေစဉ် မိတ်သင်္ဂဟများ ဖြစ်ခဲ့သော ပဉ္စ ဝဂ္ဂီရဟန်းငါးဦးတို့အား နိဗ္ဗာန်ကိုညွှန်ပြသော မဇ္ဈိမပဋိ ပဒါ တရားဦးတရားမြတ်ကို ဟောတော်မူလေသည်။ မဇ္ဈိမပဋိပဒါလမ်း စဉ်သည် အရိယာသူတော်ကောင်းတို့သွားရာ မဂ္ဂင်ရှစ်ပါးဖြစ်၏။ ၎င်းတို့ မှာ။ ၁။ မှန်စွာမြင်ခြင်း။ ၂။ မှန်စွာကြံခြင်း။ ၃။ မှန်စွာဆိုခြင်း။ ၄။ မှန် စွာပြုခြင်း။ ၅။ မှန်စွာအသက်မွေးခြင်း။ ၆။ မှန်စွာအားထုတ်ခြင်း။ ၇။ မှန်သောသတိရှိခြင်းနှင့်။ ၈။ မှန်စွာတည်ကြည်ခြင်းဟူသော မဂ္ဂင်တ ရားမြတ်များဖြစ်ကြသည်၊ ဘုရားရှင်သည် ကိလေသာတရားတို့ကိုပယ်ဖြတ် တော်မူ၍ သဗ္ဗညုတဉာဏ်ဖြင့် ထိုးထွင်း၍သိတော်မူအပ်သော သစ္စာ လေးပါးဖြစ်သော အကြောင်းအကျိုး အစီအစဉ်ကိုထုတ်ဖေါ်၍ပြခဲ့သော တရားတို့ကား။ ဒုက္ခ၊ ဒုက္ခ၏အကြောင်းများ။ ဒုက္ခကိုချုပ်ငြိမ်းစေခြင်းနှင့် ဒုက္ခကိုချုပ်ငြိမ်းစေသောနည်းလမ်းများဖြစ်ကြသည်။ ဤတရားထူးဖြင့် ဗုဒ္ဓ လမ်းစဉ်ကိုစတင်တည်ရှိတော်မူစေ၍ တရားမြတ်၏စက်ဝန်းကိုလည်တော် မူစေခဲ့၏။ (ဓမ္မစက္က ပဝတ္တန)။

နှစ်ပေါင်းလေးဆယ်ငါးနှစ်ပတ်လုံးဗုဒ္ဓဘုရားရှင်သည် မင်းမျိုးရာဇာ ဆင်းရဲသားဟူ၍မခွဲခြားဘဲ၊ တရားဟောပုဂ္ဂိုလ်တပါးအနေဖြင့် တရားရေ အေးမြိုက်ဆေးကို တိုက်ကျွေးတော်မူခါ၊ဒေသစာရီကြွချီတော်မူလေသည်၊ လမ်းစဉ်သစ်ကို ပြောင်းလဲဝင်ရောက်ကြသော အတန်းစား။ အမျိုးစားအ သီးသီးတို့၏အရေအတွက်မှာ တိုးပွားများမြောင်လာခဲ့လေ၏။ နောက်

ဆုံးသက္ကရာဇ် ၁၄၈ ခု၊ ကဆုံလပြည့် အင်္ဂါနေ့ သက်တော် ၈၀ ပြည့်နှစ်တွင်၊ ဂေါရက္ခပူ (Gorakpur) ခရိုင်၊ ယခုအခါ ကစိယာ(Kasia) မြို့ဟုခေါ်သော ကုသိနာရုံ (Kusinagara) မြို့တော်ဝယ်၊ မဟာပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသည်။

ဂေါတမရှင်တော်ဘုရားသက်တော်ထင်ရှားရှိစဉ်အတွင်း၊ ဗုဒ္ဓဓမ္မ တရားတော်သည် (သဒ္ဓမ္မတရားတော်ဟူ၍ လမ်းစဉ်လိုက်နာကျင့်သုံးကြသူတို့ ခေါ်ဝေါ်ကြသည်။) ကိုယ်တော်တိုင် ဓမ္မကထိကလုပ်ငန်း ဗဟိုရဌာနဖြစ်သော၊ ကောသလ (Kosala) တိုင်းနှင့် မဂဓ (Magadha) တိုင်းတို့၏ နယ်နိမိတ်အတွင်း၌သာလျှင် တည်ရှိခဲ့လေသည်။ ဗုဒ္ဓရှင် မဟာပရိနိဗ္ဗာန်စံတော်မူပြီးနောက်၊ နှစ်ပေါင်းနှစ်ရာကျော်ကာလပတ်လုံး ဗုဒ္ဓတရားတော်သည် တည်တန့်နေခဲ့ရာမှ ကေရာဇ်ရှင် အာသောကဘုရင် မင်းမြတ်သည် ကာလိင် (Kalinga) တိုင်းပြည်ကြီးကို အောင်မြင်သိမ်းပိုက်ပြီးသည့်အခါ၊ ဗုဒ္ဓဓမ္မ၏ရာဇဝင်တွင် ထွန်းကားချက်တမျိုး ထင်လင်းစွာပေါ်ထွက်လာခဲ့စေသည်။ စစ်မက်တိုက်ခိုက်ရာတွင်ပေါ်ပေါက်သော ကြမ်းကြုတ်သည့်သာဓကများသည်၊ အာသောကမင်းကြီး၏စိတ်နှလုံးကို လှိုက်လှိုက်လှဲလှဲ ထိခိုက်ခါ၊ ဂေါတမဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က နေထိုင်ခဲ့သူတဦးဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ လက်ထက်တော်မှစ၍၊ မဂဓတိုင်း၌ ရှေးရိုးစဉ်လာထုံးစံဓလေ့အယူဝါဒဖြစ်သောလက်နက်အားကိုး၍တိုက်ခိုက်အောင်မြင်ခြင်းသဘောကို စွန့်ပစ်လိုက်စေပြီး၊ ထိုလက်နက်အင်အားသုံးသောဝါဒ၏နေရာတွင် လူတို့၏စိတ်နှလုံးတို့၌ သူတော်ကောင်းတရားကို ပွားများမွေးမြူခြင်းအားဖြင့် အောင်ပွဲအစစ်ဆင်နိုင်သော "ဓမ္မဝိဇယ" တည်းဟူသောမွန်မြတ်သည့်အယူဝါဒကို အစားထည့်သွင်း ကျင့်သုံးစေလေသည်။ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးတို့လွှမ်းမိုးလျက်၊ စစ်တိုက်မှုကြောင့်ဖြစ်စေခဲ့သောဒုက္ခတွေကို၊ ကိုယ်တိုင်တွေ့ကြုံသိမြင်ခဲ့ရသောကြောင့်၊ ပြင်းထန်ထိတ်လန့်ဘွယ်ဖြစ်သည့် သံဝေဂတရားများသည် အာသောကမင်းအားသတ္တဝါအားလုံးကိုမိမိရင်ဝယ်သားကဲ့သို့ချစ်ခင်တော်မူသောမဟာဂရုဏာကောဘုရားရှင်ဟောကြားခဲ့သည့် သတ်ဖြတ်ညှင်းဆဲခြင်းကင်းသော အယူဝါဒသို့ကူးပြောင်းသက်ဝင် ယုံကြည်သူ တဦးအဖြစ်သို့ သက်ရောက် စေခဲ့

သည့်အပြင်၊ မင်းတြားကြီးကိုယ်တော်တိုင်ကြိုးစားအားထုတ်မှုကြောင့်ဂေါတမဘုရားရှင်၏လမ်းစဉ်သည်အိန္ဒိယပြည်လုံးပြန့်နှံ့ခဲ့ရုံမျှသာမက။ ပြင်ပနိုင်ငံများသို့လည်း လျင်မြန်စွာပြန့်ပွားခြင်းရှိခဲ့လေသည်၊ သီဟိုဠ်ကျွန်းသို့လည်း အာသောကမင်းတြားကြီးသည်၊ မိမိ၏သားတော် သမီးတော်ရင်းဖြစ်သော ရှင်မဟိန္ဒမထေရ်နှင့် သင်္ဃမိတ္တာထေရီမ တို့ကိုစေလွှတ်ခါ၊ သာသနာပြုစေခဲ့သဖြင့်၊ ထိုအချိန်မှစ၍ ယနေ့တိုင် သီဟိုဠ်မြေပြင်ပေါ်တွင် သာသာပြန့်ပွားတည့်ရှိလေ၏၊ မြန်မာပြည်၌ ဗုဒ္ဓလမ်းစဉ်ပြန့်ပွားခြင်းသည်လည်း၊ အာသောကမင်းတြားကြီး၏ သာသနာပြုလုပ်ငန်းစဉ်၌ သုဝဏ္ဏဘုမ္မိသို့ အရှင်သောဏနှင့်အရှင်ဥတ္တရမထေရ်မြတ်တို့၏ဆောင်ရွက်ချက်များဖြစ်ပေသည်။ အာသောကမင်းကြီး၏ ကျောက်စာသခိုင်းများတို့၌ ရေးသားထားသည်မှာ၊ ဗုဒ္ဓဓမ္မတရားတော်များသည် ထီးပြိုင် နန်းပြိုင် အုပ်ချုပ်သူတို့၏ နိုင်ငံများ အပါအဝင်ဖြစ်သော အနောက်ဘိုင်းများသို့ပင် ကျယ်ဖြန့်ဝေးလန်စွာ ရောက်ရှိခဲ့လေပြီဟု ပါရှိလေသည်၊ အာသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းသည်၊ ဗုဒ္ဓလမ်းစဉ်ကို ခံယူလိုက်နာကျင့်သုံးသူတို့အား၊ ဘာသာပြောင်းလဲရခြင်း၏ အကျိုးကျေးဇူးမြတ်တို့နှင့် ပြည့်စုံကြရ၍၊ မြတ်မြတ်နိုးနိုး လေးစားကြည်ညိုခဲ့ကြသဖြင့် ဗုဒ္ဓဓမ္မတရားတော်သည် အရပ်လေးမျက်နှာသို့ ပြန့်နှံ့ကျော်ကြားခါ ယခုခေတ်ကမ္ဘာကြီး၌ပင် ကျယ်ပြန့်သောဒေသများပေါ်တွင် တည်ရှိလျက်ရှိပေသည်၊



# အထွဋ်အမြတ်ဌာနများ။

ဘုရားရှင်သည်၊အိန္ဒိယမြေပေါ်မှာ၊ စက်တော်ရာများကို ချထားမြှုပ်နှံတော်မူလျက်၊ လူတို့၏စိတ်ဓါတ်များပေါ်မှာ၊ကိုယ်တော်၏လက္ခဏာအမှတ်အသားတို့ကို၊ ထားနှဲ့တော်မူခဲ့သည်။ ဤလူအပေါင်းတို့၏ဆရာ ဗုဒ္ဓရှင်၏ဘာသာတရားတော်တို့ နေ့လယမာ တောက်ထွန်းသာယာနေစဉ်၊ ဗုဒ္ဓရှင်သည် နတ်ပြည်ဘုံနတ်တို့ကိုပင်၊ လွှမ်းမိုးသာလွန်ပြီးလျှင်၊ ကိုယ်တော်မြတ်ကြွရောက် သီတင်းသုံးခဲ့သောနေရာများကို၊ ကြီးကျယ်စွာရိုသေလေးမြတ်ခြင်းကို ဖြစ်စေခဲ့လေသည်၊ ဘာသာတရားကို ကြည်ညိုလေးမြတ်သူတဦးဦးသည်၊ ယုံကြည်မြတ်နိုးသောစိတ်မနောဖြင့်၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုဖူးမြင်အပ်၊ ဌာနမြတ်ကြီးလေးဌာနနှင့်ပတ်သက်၍၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မမူမီ၊ ကိုယ် တော် တိုင် ဟော ကြား မိန့်မြွက်တော်မူခဲ့လေသည်။

၁၊ ဗုဒ္ဓရှင်ဖွားသန့်စင်တော်မူရာလုမ္ဗိနီဉယျာဉ်တော်။ (Lumbini)

၂။ ဗုဒ္ဓရှင် သဗ္ဗညုတညာဏ်တော်ကို အောင်မြင်ရရှိတော်မူရာ၊ ဂယာမြို့ (ဗုဒ္ဓဂယာ Buddha Gaya)

၃။ ဘုရားရှင် ဓမ္မစကြာတရားဦးကို ဟောတော်မူရာ၊ ဆာရ်နတ်၊ (Sarnath) ခေါ် ဣသိပတန အမည်ရှိသော မိဂဒါဝုန်ဉယျာဉ်တော်။

၄။ ဘုရားရှင် မဟာပရိနိဗ္ဗာန်တည်းဟူသော လုံးလုံးလွတ်မြောက်သောအခြေအနေကို ဆိုက်ရောက်အောင်မြင်တော်မူရာ၊ ကုသိနာဂရ (Kusinagara)—ဤလေးဌာနတို့ဖြစ်ပေသည်။

ဤနေရာများသို့ ဘုရားဖူးသွားရောက်ခြင်း၏ အကျိုးအာနိသင်ကို၊ ဗုဒ္ဓရှင်သည်၊ အကျယ်တဝင့်ဟောပြတော်မူခဲ့၏။ ဤနည်းဖြင့်၊ ဘုရားဖူးလှည့်ပတ်စဉ်အချိန်၊ အနိစ္စရောက်ကြရသော ပုဂ္ဂိုလ်တို့သည်၊ သေသည်၏အခြားမဲ့၌ စိုးစိမ်ချမ်းသာနှင့်ပြည့်စုံသော နတ်ပြည်သို့ဆိုက်ရောက်ရလိမ့်မည်ဟု ထုတ်ဖေါ်ဟောကြားတော်မူခဲ့လေသည်။

အထက်ပါ လေးဌာနအပြင်၊ အခြားအရေးကြီးသော ဌာနလေးရပ်တို့မှာ၊ မူလတန်ခိုးပြာဋိဟာကြီးများကို ပြသတော်မူရန်၊ ဗုဒ္ဓရှင်အား အရေးကြုံခဲ့ရသည်ဟုပြောဆိုကြသော၊ ရှုမျှော်ခြင်းလေးဌာနဖြစ်ခဲ့လေသည်။ ၎င်းနှစ်ရပ်ကို ပေါင်းစပ်၍ခေါ်ဝေါ်သော၊ (အဋ္ဌမဟာဌာန) ဗုဒ္ဓရှင်နေရာမြတ် ရှစ်ဌာနဟုခေါ်သည်၊ အထူးရိုသေသွတ်ထိုက်သောဌာနများဟု ရှေးဗုဒ္ဓဘာသာကျမ်းစာများ၌၊ သီးခြားဟောကြားတော် မမူခဲ့သော်လည်း၊ ဤဌာနတို့သည်ကား၊ ဘုရားရှင်အား ပတ်ဝန်းကျင်၌တည်ရှိနေသော အကြောင်းအရာများနှင့် ဆက်ဆံနေမှုကြောင့်၊ ထူးခြားစွာအမှတ်ပြုခဲ့ရပေသည်။

ထိုလေးဌာနကား။

၁။ ကောသလတိုင်း၊ သာဝတ္ထိ (Savatti) ပြည်၊ ထိုနေရာတွင်၊ ဗုဒ္ဓရှင်သည်၊ တိတ္ထိဂိုဏ်းခေါင်းဆောင် ပုရာဏကဿပကြီးကို၊ ကြောက်ရွံ့ရိုသေအောင်၊ တန်ခိုး ပြာ ဋိ ဟာ များ ကို ပြတော်မူလျက် အောင်ပွဲဆင်ခဲ့လေသည်။


၂။ သာဝတ္ထိပြည်၌ တိတ္ထိတို့အား တန်ခိုးပြတော်မူပြီးနောက်၊ ဗုဒ္ဓရှင်သည်၊ ရှေးဘုရားတို့၏ ထုံးတမ်းစဉ်လာအရ၊ သုံးဆယ့်သုံးပါးသောနတ်၏နေထိုင်ရာ၊ တာဝတိံသာနတ်တို့ဌာနသို့၊ တက်ကြွတော်မူ၍၊ နတ်ရွာစံလွန်တော်မူခဲ့ပြီးသော၊ မယ်တော်မိနတ်သားကိုအမှူးထား၍၊ နတ်ဗြဟ္မာအပေါင်းတို့အား၊ အဘိဓမ္မာတရား ဟောကြားတော်မူပြီးသောအခါ၊ သိကြားမင်း၏အမှူးဆောင် ဝိသုကြုံနတ်သား ဆောက်လုပ်ထားသော လှေခါးသုံးထပ်ဖြင့်၊ လူ့ပြည် သင်္ကဿနဂိုရ် (Sankasya) မြို့တော်သို့ သက်ဆင်းကြွရောက်တော်မူခဲ့လေသည်။

၃။ မာဂဓတိုင်း ရာဇဂြိုလ် (Rajagriha) မြို့တော်ဌာန၌ကား၊ မလိုမုန်းထား ရန်အမျက်ပွားလျက်ရှိသော ဗုဒ္ဓရှင်၏ယောက်ဖတော်ဒေဝဒတ်က၊ ဗုဒ္ဓရှင်ကိုသတ်စေရန်လွှတ်လိုက်သည့်ကြမ်းကြုတ်ရက်စက် ဒေါသအမျက်ထွက်လျက်ရှိသော နာလာဂိရိ





(အထက်ပုံ) မယ်တော်မာယာအိမ်မက်ခန်း။ (အောက်ပုံ) ဘွားမြင်တော်မူရာ။







(အထက်ပုံ) မဟာဗောဓိပင်။ (အောက်ပုံ) စေတီတော်နံရံများ။





(အထက်ပုံ) မာရ်နတ်မင်းကိုအောင်မြင်တော်မူခန်း။
(အောက်ပုံ) စေတီတော်ပတ်ဝန်းကျင်ရှိ စေတီရံများ။





မဟာဗောဓိစေတီတော်။

အမည်ရှိသောဆင်မင်းကို၊ သုံးလူ့ထွဋ်တင် ဗုဒ္ဓရှင်သည်၊ နှိမ်နင်း အောင်မြင်ဘိသိက်တော်ဆင်ခဲ့သောဌာနဖြစ်ခဲ့လေသည်။

၄။ ဝေသာလီ၊ (Vesali) ပြည်၊ သရက်ဥယျာဉ်တော၊ တန်ခိုးပြာဋိဟာပြရာ၊ မျောက်တိရိစ္ဆာန်များစွာတို့က၊ ဗုဒ္ဓရှင်အား၊ ပျားရည်ဆွမ်း တသပိတ်လှူဒါန်းရာ ဌာနဖြစ်ခဲ့လေသည်။

ထို့ပြင်၊ ဗုဒ္ဓရှင် သက်တော်ထင်ရှားရှိတော်မူစဉ်အခါတွင်၊ ထိုထို၌ ဤ ဖြစ်စဉ်များသည်ကား၊ ရှေးဗုဒ္ဓဘာသာ ပန်းချီပညာကျော်များ၏၊ ပုံတူရေးသား အများနှစ်သက် ကြည်ညိုဘွယ်သော သခ်ာင်းစာများဖြစ်ခဲ့လေသည်။ အထက်ဖေါ်ပြခဲ့သော ရှစ်ဌာနတို့သည်ကား၊ ဂုပ္ပတ (Gupta) မင်းတို့လက်ထက်တွင်၊ အစပြုထားသော ပန်းပုပညာရပ်များတွင်၊ ပုံသေကားချ ထွင်းထုထားခြင်းများကို ပြုလုပ်ထားခဲ့ကြလေသည်။အိန္ဒိယပြည်အရှေ့ပိုင်းနှင့် နီပေါနယ်၌ ရှေး ဗဟိုရ် ခေတ်အခါ၊ လက်ရေးစာလုံးများကိုရေးဆွဲသော ပန်းချီပညာများ၌၊ ပန်းချီရေးဆွဲပုံများကို၊ အကြိမ်ပေါင်းမြောက်များစွာ ရေးဆွဲဖေါ်ပြခဲ့၍၊ ထိုစဉ်အခါများမှာ၊ ပန်းချီပညာရေးဖြင့်အကောင်းဆုံးသော ရှေးအယူဝါဒစနစ်ကို၊ သေချာစွာအကောင်အထည်ဖေါ်ပြခဲ့ပေသည်။

ဤနေရာထူးများသည်၊ မြင့်မြတ်ရှိသေထိုက်သော ဘာသာတရား၏ ရာဇဝင်နှင့် ပူးတွဲပါဝင်ဆက်စပ်နေသောကြောင့်၊ ကြည်ညို ရှိသေသူများ၏စိတ်ကို ဆွဲဆောင်တတ်သောဗဟိုရ်ဌာနကြီးများဖြစ်ကြ၍၊ ဘာသာရေးအစဉ်အလာ ထုံးစံအတိုင်း၊ ၎င်းဌာနကြီးများသို့ လှည့်လည် ဖူးမျှော်ခြင်းကို၊ ပြုလုပ်ခဲ့ကြပေသည်။ သီရိဓမ္မာသောကမင်းကြီးသည်၊ ဤကဲ့သို့ဘုရားဖူးခြင်းကို၊ ဓမ္မယတ္တသို့၊ ဘုရားဖူးလည်ပတ်ခြင်းများဟု ခေါ်ခဲ့သည်။ အထက်ဖေါ်ပြခဲ့သော ဌာနများမှတပါး၊ အရေးကြီးသော အခြားစေတီ ပုထိုး ကျောင်းကန် နေရာဌာနများဖြစ်ကြသော။ များစွာသောနေရာဌာနတို့သည်၊ ဗုဒ္ဓဓမ္မတရားပေါ်ပေါက်ထွန်းကားနေသည့်အချိန်အတောအတွင်း၌၊ ကျော်စောထင်ရှားခဲ့ကြလေသည်။ ၎င်းပြင်၊ ဘာသာယုံကြည်မှုကိုလိုက်

နာခံလိုသူ ဘာသာဝင်ပုဂ္ဂိုလ်တို့၏၊ စွဲမြဲကြည်ညိုခြင်းကို၊ ၎င်းတို့ ကိုယ်တိုင်ပင် ပြောဆိုကြေညာခဲ့ကြပေသည်။ ဤကဲ့သို့ ဌာနမျိုးအားလုံးကို ဗုဒ္ဓဌာနများဟု၊ အလွန်ရိုသေစွာမှတ်သားခါ၊ ဂရုတစိုက် စောင့်ရှောက် ထိမ်းသိမ်းပြီးလျှင်၊ အမျိုးမျိုးအဖုံဖုံကွဲပြားနေသော ဘာသာရေးအဆောက်အဦများနှင့် တန်ဆာဆင်ယင်ခဲ့ကြလေသည်။ ၎င်းတို့ သာယာစီပင် ထွန်းလင်းတောက်ပနေသောအခါ၌၊ ၎င်းတို့၏ ခန်းနား ကြီး ကျယ် ခြင်းသည်ကား၊ ၎င်းတို့၏ သန့်ရှင်းစင်ကြယ်သည်ထက်၊ ယုတ်လျော့ခြင်းမရှိဘဲ၊ အရပ်လေးမျက်နှာမှ၊ လူအပေါင်းတို့လာ၍ လှည့်လည် ကြည့် ရှု ကြရန် ဆွဲဆောင်နိုင်ခဲ့လေသည်။ အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာ ကွယ်ပျောက် ချုပ်ငြိမ်းမှုနှင့်အတူတကွ၊ ဤနေရာဌာနမျိုးတို့သည်၊ တနည်းတဖုံအားဖြင့်၊ တဖြည်းဖြည်း တစစ ချို့ယွင်းပျက်စီးလာခဲ့ရသဖြင့်၊ နောက်ဆုံး၌ ထပ်မံပြင်ဆင်ခြင်းမရှိဘဲ၊ လုံးဝပျက်စီးခြင်းသို့ ကျရောက်ခဲ့ရ လေတော့သည်။ များစွာသောနေရာတို့ကို အစရှာမရနိုင်အောင်ပင်၊ လုံးလုံးမေ့ပျောက်ခဲ့ကြရပေသည်၊ သို့ဖြစ်စေကာမူ၊ အိန္ဒိယပြည်ရှေးရာဇဝင်များကိုသင်ကြားလေ့ကျင့်ရေးဌာနက၊ ရှေးဟောင်းဌာနများကိုပြန်လည်တူးဖေါ်ရေး၊ ထပ်မံ၍မပျက်မစီးရန် ထိမ်းသိမ်းစောင့်ရှောက်ရေးစသည့် ရှေးဟောင်းဌာနများနှင့်ပတ်သက်၍၊ တိုးတက်ကောင်းမွန်ရေးတို့ကို၊ မကြာမီကစတင် ရွက်ဆောင်နေခြင်းတို့ကြောင့်၊ ကာလရှည်လျားစွာ ချို့ယွင်းပျက်စီးခါ၊ မေ့ပျောက် ပျက်ကွက်နေခြင်းတို့မှ၊ တဖန်ပြန်၍ အသက်ဆက်ပေးရန် အားထုတ်နေကြပြီဖြစ်၍၊ များစွာအားတက်ဝမ်းမြောက်ဘွယ်ဖြစ်ပေသည်။

## လုမ္ဗိနီ ဥယျာဉ်တော်။

ဗုဒ္ဓဘာသာနှင့်ဆိုင်သောဘုရားနေရာဌာနများကို၊ အကျဉ်းချုံးဖေါ်ရေးပြသားရာ၌ ဘုရားသခင် ဖွားသန့်စင်သော လုမ္ဗိနီဥယျာဉ်တော်သည်၊ မဌမဦးစွာ ထွက်ပေါ်လာပေသည်။ ဗုဒ္ဓဘာသာကျမ်းစာတို့၏ အလိုအတိုင်း၊ ၎င်းနေရာသည်၊ ကပိလဝတ်(Kapilavatthu)) ပြည်မှ တဆယ့်နှစ်မိုင်ဝေးသောနေရာ၌တည်ရှိနေသည်။ မယ်တော်မာယာမိဖုယားသည် မီးရှူးသန့်စင် ဖွားမြင်ခါနီးအချိန်တွင်၊ ဒေဝဒဟ (Devadaha)

ပြည်မှ အမိအဘတို့ထံ သွားရောက်လည်ပတ်တွေ့ဆုံရန်၊ အာသာ ဆန္ဒ ဖြစ်ပေါ်လာသဖြင့်။ မောင်တော် သုဒ္ဓေါဒနမင်းအား၊ ခွင့်ပန်ကြား၍သွား လေရာ၊ ထိုလုမ္ဗိနီအင်ကြင်းတောအုပ်သို့ ရောက်သောအခါ၊ ကိုင်းညွှတ် ၍ကျနေသော အင်ကြင်းပင်တပင်၏ အကိုင်းတကိုင်းကို၊ ဆွဲကိုင်ရန် လက် လှမ်းတော်မူ၍ ထိုအကိုင်းအလက်ကို ကိုင်တွေ့လျက်ပင်လျှင်၊ မတ်မတ်ရပ် ခါ၊ ကမ္ဘာဇလေတိုက်ဒိုက်လှုပ်ရှားလျက် ဖွားမြင်ခြင်းကိစ္စပြီးမြောက်တော်မူ ရလေသည်။ ထိုခလေးသူငယ်အား အရပ်လေးမျက်နှာကို စောင့်ကြကုန် သောနတ်များနှင့် အခြား နတ် တို့သည်၊ လက်ခံယူကြ၍၊ နတ်တို့၏လက် များမှတဆင့်၊ လူတို့ကခံယူကြလေသည်။ ထို သူ ငယ် ဘု ရား အလောင်း တော်သည်၊ မြေသို့သက်ဆင်း၍။ မတ်တတ်ရပ်ခါ၊ ခြေ လှမ်း ခုနစ်လှမ်း လှမ်းပြီးနောက်၊ အား ရ ဝ မ်း သာ စွာ ကြွေးကြော်စကား မိန့်ကြားသည်မှာ၊ “ငါသည်ကား၊ လောက၏ အထွဋ်အမြတ်ဆုံးပါတကား” ဟူသတည်း။ လုမ္ဗိနီအင်ကြင်းတောဝယ်၊ ထိုခလေးသူငယ် သားသက်လှယ်ကို၊ ကပိလ ဝတ်ပြည်နန်းသို့ ဆောင်ကျဉ်းတော်မူခဲ့လေသည်။ ဘုရားရှင်၏ဘွားမြင် ခြင်း အခန်းအနားအမှုအရာ,ပုံသဏ္ဌာန်တို့သည်၊ အိန္ဒိယပြည်ပန်းချီပညာ တွင်၊ အားလုံးသောအဆင့်ဆင့်တို့၌၊ နှစ်သက်ဘွယ်အကောင်းဆုံးသော **အ**ရာတခုဖြစ်၍၊ ဤအမှုအရာပုံသဏ္ဌာန်တို့ကို၊ ပန်းပုပညာရပ်များနှင့်တ ကွ၊ ပန်းချီပညာတွင်လည်း၊ အထပ်ထပ်ဖော်ပြ ရေးဆွဲခြင်းများကို တွေ့ရှိရ ပေသည်။

လုမ္ဗိနီဥယျာဉ်တော်ကို၊ပဒေရိယား(**Paderia**) အရပ်မြောက်ဘက်တ မိုင်ခန့်ကွာသော အရပ်တွင်ဝင်း။ ဥတ္တရ် ပရ်ဒေရှ (**Uttar Pradesh**) ခေါ် နယ်၏၊ ဗတ်စတိ (**Basti**) ဒိစတြိတ်မြောက်ဘက်၌ တည်ရှိနေသော၊ ထို နီပေါတေဟိဆိလ် (**Nepalese Tehsil**) ခေါ်သောနယ်ရှိ ဘဂဝန်ပူရ် (**Bhagwanpur**) အရပ်၏ မြောက်ဘက် နှစ်မိုင်ခန့်ကွာသောအရပ်၌ဝင်း၊ တည်ရှိနေသော ရုမ္မိန်ဒေယီ (**Rummindei**) နေရာနှင့်၊ ထပ်တူထပ်မျှ ဖြစ် သည်ဟု၊ တထစ်ကျ သတ်မှတ်ယူဆကြလေသည်။ ၎င်းနေရာသို့ အိန္ဒိယ ပြည်၊ အဂူစ်-တားဟတ် တ် (**Oudh-Tirhut**) မီးရထားလမ်းပေါ်မှာရှိ သော ခရီးဆယ်မိုင်ခန့်ကွာသည့်၊ နောတန်ဝ (**Nautanwa**) မီးရထားဘူ

တာမှနေ၍၊ လူတင်ဘတ်စ်ကားဖြင့် သွားရောက်နိုင်ပေသည့် ရုမ္မိန်ဒေယီမြို့တွင်၊ ဘုရားဖူးများနှင့် ခရီးသည်များ တည်းခိုနေထိုင်နိုင်ရန်၊ နီပေါပြည်အစိုးရမင်း၏ ဗိုလ်တဲ တခုရှိပေသည်။

ရုမ္မိန်ဒေယီအရပ်သည်၊ တင့်တယ်ကြည့်ရှုဘွယ်ရာ နေရာတခုဖြစ်သည့်အပြင်၊ အသောကမင်းတြားကြီးရာဇာဘိသိက် မင်္ဂလာခံယူပြီးနောက်၊ တဆယ့်နှစ်ခုမြောက်နှစ်တွင်၊ ဤနေရာသို့ ဘုရားဖူးလှည့်လည်ရောက်ရှိခဲ့ခြင်းကို၊ သတိရစေရန်အထိမ်းအမှတ်အဖြစ်ဖြင့်၊ ကျောက်စာတခုနှင့် ကျောက်မှတ်တိုင် တတိုင်ကို စိုက်ထူထားခဲ့သဖြင့်၊ တွေ့ ရှိ နိုင်ပေသည်။ "ဤနေရာဌာနတွင် ဗုဒ္ဓသခင် ဖွားမြင်တော်မူခဲ့သည်" ဟု အသောကမင်းတြားကြီးက ပြောဆိုခဲ့သည့်အပြင်၊ ဤပြောဆိုချက်သည်၊ ထိုနေရာ၏ထင်တူထပ်မျှဖြစ်ခြင်းကို၊ သံသယကင်းစွာယုံကြည်စေခဲ့သည့် မှတ်တိုင်၏ဘေးတွင်၊ ဘုရားဟောကျမ်းဂန်များ၌ လာတော်မူခဲ့သည့်အတိုင်း ထိုဘုရားရှင်၏ဖွားမြင်တော်မူပုံကို ဘော်ပြသော ဆင်းတုတော်ဆူနှင့် ရှေးဘုရားကျောင်းတဆောင်ရှိလေသည်။ ၎င်းဌာန၏မပျက်မစီးနိုင်သောသန့်စင်မြင့်မြတ်ခြင်းတို့ကြောင့်၊ တိုး၍တိုး၍ လေးစားရိုသေဘွယ်ဖြစ်စေရန် အမာခံသာဓကများမှာ၊ ရှေးခေတ်တရုပ်ပြည်သား ဘုရားဖူးအများတို့သည်၊ ထိုနေရာတွင်၊ စိပင်သာယာဝ ပြောစွာ ထင်ရှားခဲ့သောအဆောက်အဦးများစွာတို့၏ အကြောင်းအရာတခုကို ရေးသားဖေါ်ပြထားခဲ့ကြခြင်းဖြင့် ထင်ရှားစေလေသည်။ စနစ်တကျ ထိုဌာနများတွင်မြေကိုတူးဖေါ်ခြင်းပြုပါက၊ တရုပ်ဘုရားဖူးများ ရေးသားဖေါ်ပြ ထားခဲ့ကြသည့်အတိုင်း ပိုမိုလေးမြတ်သတိရဘွယ်ရာ အရာများစွာတို့ ပေါ်ထွက်လာမည်မှာ မလွဲအမှန် ဖြစ်ပေမည်။ ထိုနေရာဝယ် နီပေါဒါဘာ (နီပေါလွှတ်တော်အစိုးရ) က၊ အနည်းငယ်မြေကို စမ်းသတ်တူးဖေါ်ခြင်း ပြုလုပ်ခဲ့သော်လည်း၊ တူးဖေါ်ခြင်း၏အကျိုးကိုကမ္ဘာ့သုတေသနပညာရှင်တို့၊ ယနေ့တိုင်သိရှိခွင့် မရကြသေးပေ။

# ဗုဒ္ဓဂါယာမြို့။

ဗုဒ္ဓဘာသာရာဇဝင်တွင်၊ ဒုတိယအဆင့် ကြီးကျယ်ခန်းနားမွတ်သား လောက်သော မြေရာဌာနကား၊ သာကီဝင်မင်းမျိုးဖြစ်သော မင်းသားတပါး၏ လောကုတ္တရာဉာဏ် (ဗောဓိ သို့မဟုတ် သမ္ဗောဓိ) ကို၊ ဆိုက်ရောက်အောင်မြင်ရာဌာနဖြစ်ပေသည်၊ ဤမမေ့နိုင်လောက်သော ကိုတွေ့ရချက်သည်ကား၊ ဂယာမြို့ (Buddha-Gaya) အနီးရှိ၊ ဥရုဝေလ (Uruvela) တောဥ္ဆညောင်ပင်တပင်အောက်ဝယ်၊ ဘုရားအလောင်းတော်သည်၊ ထိုင်တော်မူ၍၊ ဘာဝနာတရားပွါးများ အား ထုတ် နေသောနေရာ ဖြစ် သည်။ ၎င်းတန်ခိုးကြီးသော နေရာမြတ်သည် ဗုဒ္ဓရှင်နှင့်ပတ်သက်သောကြောင့်၊ ဗုဒ္ဓဂယာ (Buddha-Gaya) ဟုကြော်ကြားခဲ့၍ ထိုသစ်ပင်သည်၊ ဗောဓိပင်ဟုထင်ရှားလာလေသည်။ အသောကမင်းကြေးကြီးသည် ဆယ်နှစ်လုံးလုံး ဘိသိက်ခံယူပွဲသဘင်ကြီးကို၊ ကျင်းပပြုလုပ်စဉ်အခါ၊ ဤမြတ်သောနေရာဌာနသို့ လှည့်လည်ရောက်ရှိရာ၌၊ ရေးသားထားခဲ့သောကျောက်စာတိုင်တွင်၊ ဘော်ပြထားသည့်အတိုင်း။ ရှေးအခါက သမ္ဗောဓိဟု ဤနေရာကို ခေါ်ဆိုကြလေသည်။ ယခုအခါ ဤနေရာဌာနကို၊ မဟာဗောဓိဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဂယာမြို့သည်၊ အရှေ့ပိုင်း အိန္ဒိယမီးရထားလမ်းပေါ်မှာတည်ရှိသော ဂယာမီးရထားဘူတာရုံမှ၊ ဆယ်မိုင်ခန့်ဝေး၍၊ အငှါးမော်တော်များ၊ ခရီးသည်တင်ကားကြီးများ၊ သို့မဟုတ် ဘိုင်စီကယ် လန်ခြားများနှင့် ခရီးဆက်လက်သွားနိုင်သော ကျောက်လမ်းကောင်းတခုနှင့် ဆက်သွယ်ထားသည်။ ဘုရားဖူးများအတွက်၊ ဂယာမြို့မှာ ဗုဒ္ဓဘာသာတည်းခိုရန် အဆောက်အဦးတခုရှိသည်၊ ဂယာမြို့ ပြည်သူ့အလုပ်ဌာနကို ကြည့်ရှုစစ်ဆေးသော ဗိုလ်တဲ (P.W.D. Inspection Bungalow) နှင့် မီးရထားတည်းခိုရာအိမ် (Railway Rest House) တို့သည်လည်း၊ အချိန်အနည်းငယ်အတွင်း ခရီးသည်များအတွက်၊ နေရာထိုင်ခင်းများကို၊ စီမံပေးကြသည်။

( ၂၀ )

မှတ်သားထိုက်သော ရာဇဝင်အထုတ္ထုပ္ပတ္တိနှင့်ဆက်စပ်နေခြင်းကြောင့် ဗုဒ္ဓဂယာမြို့ကို ဗုဒ္ဓဘာသာကြီး၏ ပုခက်ယဉ်ဟုပင် ခေါ်ဆိုနိုင်သည့်အပြင်၊ စွဲမြဲယုံကြည်သော ဗုဒ္ဓဘာသာဝင်တို့အတွက်၊ ဤထက်ပိုမို၍ များစွာသက်ဆိုင်သော မြင့်မြတ်ဖြူစင်သည့် အထွဋ်အမြတ်နေရာမရှိတော့ချေ။ သဗ္ဗညုတဉာဏ်တော်ကို အောင်မြင်ရာဖြစ်သော ဤဖြူစင်သန့်ရှင်းသည့် ဗုဒ္ဓဌာနသည်၊ အဝေးအနီးမှ ဘာသာတရားကိုလေးစားကြည်ညိုကြသော ဘုရားဖူးများ၏စိတ်ဓါတ်များကို ခေါ်ငင်ဆွဲဆောင်ယူ၍၊ ဤမြင့်မြတ်သော သစ်ပင်နှင့် ဂေါတမဘုရားရှင်သည်၊ ကာမဂုဏ်စီးစိမ်တို့ကို ပါယ်စွန့်၍၊ နောက်ဆုံး အောင်မြင်ခြင်းတည်းဟူသော ပန်းတိုင်သို့ ဆိုက်ရောက်ပြီး၍၊ ထိုပလ္လင်ပေါ်မှာ စမ္ပါယ်တော်မူလျက်၊ လောကုတ္တရာဉာဏ်၏ စီးစိမ်ချမ်းသာကို စင်စစ်သိရှိအောင်မြင်ပြီးသော၊ ဝဇီရာသန ခေါ် စိန်ပလ္လင်တော်ကို။ ကြည်ညိုကိုင်းရှိုင်းခြင်း၊ ဂရုစိုက်ရိုသေခြင်း ရှိခဲ့ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည်၊ အစဉ်အဆက် စောင့်ရှောက် ထိန်းသိမ်းထားခဲ့ကြပေသည်၊ ထူးမြတ်သောဘုရားကျောင်းများနှင့် ခန်းနားကြီးကျယ်သော ကျောက်စာတိုင်များကို၊ ထိုနေရာဌာန၌၊ ဆောက်လုပ်စိုက်ထူ ထား ကြောင်း နှင့်၊ တရုပ်ပြည်သား ဘုရားဖူး ဟီယူအင်ဆင်က၊ ရေးသားထားခဲ့လေသည်။ ရှေးအခါက၊ ထိုနေရာ၏ လှပဆန်းကြယ် ရှုခြင်ဘွယ်ရှိသော ထိန်လင်းတောက်ပြောင်မှုကို၊ ကျွန်ုပ်တို့သိကြရပေသည်။ ဘွားဘက်တော် (၇) ပါး အပါအဝင်ဖြစ်သော မြတ်နိုးဘွယ် ဗောဓိပင်သည်ကား၊ ကြိမ်ဖန်များစွာပြောင်းလဲလာခဲ့ပြီဖြစ်၍၊ ယခုရှိနေသော ဗောဓိပင်ကား မူလဗောဓိပင်မှဆင်းသက်လာသည့် အဆက်အနွယ် တဆင့်ခံ အပင်ဖြစ်လေသည်။

လွန်ခဲ့သော ရာစုများအတွင်း၌ စိုက်ထူထားခဲ့သော မှတ်တိုင်တို့ကို၊ ဆာ အလက်ဇန္ဒာကန်းနင်းဟန်နှင့် အခြားပညာရှိတို့သည်၊ ထင်ရှားစွာ တူးဖေါ်သိရှိစေခဲ့လေပြီ။ ယခုတည်လျက်ရှိနေသော ခန်းနားကြီးကျယ်လျက်၊ ကြည်ညိုဘွယ်ကောင်းလှသော မဟာဗောဓိ စေတီတော်ကြီးကိုလည်း၊ ကြေးငွေမြောက်များစွာ အကုန်အကျခံ၍ အသစ် ထပ်မံ ပြင်ဆင်ဆောက်လုပ်ထားခဲ့လေသည်။ အသောကမင်းတြားကြီးသည်၊ ဘုရားပွင့်

တော်မူရာ မြတ်ဌာနတွင်၊ စေတီပုထိုးတဆူတည်ထားခဲ့လေသည်ဟု အဆိုရှိ၍၊ ဗုဒ္ဓဘာသာ ရေးဟောင်းပန်းချီ ပညာအရာတွင်၊ မကြာမကြာ ဖေါ်ပြညွှန်ကြားခဲ့သော ဘုရားစေတီတော်သည်ကား၊ ဤစေတီတော်မြတ်ပင်ဖြစ်ပုံရပေသည်။ အသောကမင်းကြီး တည်ဆောက်လှူဒါန်းခဲ့သော စေတီတော်၏ အဟောင်းအနွမ်း အကြွင်းအကျန်များတို့သည်၊ လုံးလုံးပင်မရှိတော့ချေ။ သို့ရာတွင် ယခုစေတီတော်ကား၊ နောင်အခါကာလမှ ဆောက်တည်ထားသော စေတီမြတ်ဖြစ်ပေသည်။ ဤစေတီတော်သည်၊ မူလက သစ်သားဖြင့်၎င်း၊ ထိုနောက် ကျောက်ဖြင့်၎င်း၊ ဆောက်တည်ထားပုံရသော မြင့်မြတ်ဖြူစင်သည့် ဗောဓိပင်ကို ပတ်ဝိုင်းလျက်၊ ပွတ်လုံးများဖြင့်ခြံရံထားသော ပစ္စယံဖြစ်လေသည်။ ကျွန်ုပ်တို့ယနေ့ ဖူးမြင်ကြရသော ကြီးကျယ်ခန်းနားသည့် အဆောက်အဦးမှာကား၊ နောင်အခါကျမှ တည်ထားသော၊ စေတီတော်ကြီးဖြစ်၏၊ ဤစေတီတော်ကြီးကို အကြိမ်ပေါင်းများစွာ မူရင်းအတိုင်း ထပ်မံ၍၊ အသစ်တည်ထောင်ခဲ့ရသဖြင့်၊ ၎င်း၏နေ့စွဲနှင့် အနုပညာပုံသဏ္ဌာန်တို့ကို၊ စဉ်းစားဆုံးဖြတ်ရန် မလွယ်ကူလှချေ။ သို့ဖြစ်လင့်ကစား၊ ဟာဗီဟူးအင်ဆင်၏ ရေးသားဖေါ်ပြချက်ကြောင့်၊ ဤစေတီတော်သည် အမှန်အားဖြင့်၊ ယခုတွေ့မြင်ဖူးမျှော်ကြရသော အရွယ်ပုံသဏ္ဌာန် အတိုင်းပင်၊ ခရစ်သက္ကရာဇ် ခုနစ်ခုမြောက် ရာစုနှစ်တွင်၊ တည်ရှိခဲ့ပုံရလေသည်။ ဤခန်းနားကြီးကျယ်သော စေတီတော်ကြီးသည် မြန်မာပြည်ရှိ မဟာဗောဓိ စေတီတော်၏ စံနမူနာပုံအဖြစ် အထောက်အပန့်ဖြစ်ခဲ့လေသည်။

ဗုဒ္ဓဂယာမြို့ရှိ မဟာဗောဓိစေတီတော်သည်၊ ယခုတည်ရှိနေသည့်အတိုင်း၊ ပေပေါင်း ၁၆၀ ခန့်နီးနီးမြင့်၍၊ ဟားရ်မီကနှင့် ထီး အားဖြင့်၎င်း၊ လိုက်ခေါင်းဖေါက်ထားသော "အမလက" ကဲ့သို့သော ခပ်နိမ့်နိမ့် "အမလက" အားဖြင့်၎င်း၊ • ပြဿဒ်အချွန်၏အထက်၌ ခြားခြားနားနားဖြစ်ကြသောအဆင့်တို့ကို၊ သတ်မှတ်ခြားနားထားလေသည်။ ဒေါင့်ဖြစ်သော "အမလက" တို့ဖြင့်၊ပြည့်စုံစွာသော စေတီတဆူနှင့်ထပ်ဆင့်တည်ထား၍၊ ဖြောင့်သောဒေါင့်ရှိသော စတုရန်းပုံဖြင့်၊ ရှူး၍တက်သွားသော ပြဿဒ်ချွန်တခုပါဝင်လေသည်။ မူရင်းစေတီတော်ထတ် သာလွန်၍ထင်ရှားသည့်

နောက်ကျသော အဝင်ဝ မုခ်ပေါက် ပေါင်းခုံသည်၊ အရှေ့မျက်နှာ၌ရှိလေသည်၊ မုခ်ပြဿဒ်ချွန်၏ လေးမျက်နှာပတ်လည် အသီးသီးတို့၌၊ လိုဏ်ဂူပေါက်ကလေးများကိုဖေါ်ပြ၍ ရှေ့မျက်နှာဘေးမှာ၊ ဘုရားခန်းအတွင်းသို့ အလင်းရောင်ရစေရန် အပေါက်ဖေါက်ထားသော ပေါင်းကုန်းပေါက်မြင့်မြင့်တခုရှိသည်။ ထိုပြဿဒ်စေတီ၏ အောက်ချေဒေါင့်လေးဒေါင့်အအသီးသီးတွင်၊ ပြဿဒ်စေတီမကြီး၏ ပုံသဏ္ဍာန်နှင့်တူသည့်၊ အသေးစားပုံတူစေတီပြဿဒ်ကလေးများ တခုစီစိုက်ထူထားသည်၊ ကောင်းကင်ပြင်သို့ မြင့်မားစွာထိုးဝင်လျက်ရှိသော မြင့်မားကြီးကျယ် ထုထယ်ကောင်းသည့်၊ ဤအဆောက်အဦးကြီးသည်၊ ပတ်ဝန်းကျင်၌ ရှုမျှော်ခင်းအလုံးစုံတို့ကို၊ လွှမ်းမိုးအုပ်ချုပ်လျက်၊ ကမ္ဘာကြီး၏ အရပ်ဒေသအမျိုးမျိုးမှ ရောက်ရှိလာကြသော ခရီးလည်ပတ်သူများနှင့် ဘုရားဖူးများ၏စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး သဒ္ဓါတိုးစေရန်ဆွဲဆောင်နေသကဲ့သို့ရှိလေသည်။စေတီတော်ကြီးသည်ကား၊ ဘုရားရှင်သဗ္ဗညုတ ရွှေဉာဏ်တော်ကို အောင်မြင်ခြင်း၏ ကောင်းမြတ်သောအခါအခွင့်၏ အထိမ်းအမှတ်ကို ပြထားသော ပထဝီမြေကြီးကိုသုံးသပ်သော အမူအရာနှင့်၊ ရွှေချထားသော ဘုရားရှင်ကိုယ်တော်စား ရုပ်ပွားတော်မြတ်ကြီးတဆူအတွက်၊ ဌာပနာတိုက်ကြီးသဖွယ်ဖြစ်လေသည်၊လေးစားစွာကြည်ညိုမြတ်နိုးကြသော ဘာသာဝင်ပုဂ္ဂိုလ်တို့သည်၊ ဘုရားရှင်ကိုယ်စား ရုပ်ပွားတော်မြတ်ကို၊ အဖိုးတန် ပိုး, ဖဲ,ကတ္တီပါစသော သင်္ကန်းတို့ဖြင့်၊ ပူဇော်လှူဒါန်းကြ၍၊ ထိုဆင်းတုတော်ရှင်မြတ်၏ မဏိတော်အပေါ်ထက်၌ ထိုအရှင်မြတ်၏ ဘာသာဝါဒ တန်ခိုးကြီးခြင်းကိုအဓိပ္ပါယ်ဖေါ်ပြသောအဘိုးအနဂ္ဃထိုက်တန်သည့်ထီးတော်တစင်းမိုးလျှက်ရှိသည်။ ဘုရားစေတီတော်၏ မြောက်ဘက် ဘေးတလျှောက်မြေအထက်သို့ လေးခြေနှုန့်မြင့်ထားသော အင်္ဂတေကိုင်ထားသည့်၊ ကျဉ်းမြောင်းသော အင်္ဂတေလမ်းမြင့် တခုရှိသည်။ ဤဟာကို "ပတ္တမြားအဆောင်" သို့မဟုတ် အတုမရှိသောဗုဒ္ဓရှင်သည်၊ နက်နက်နဲနဲကမ္မဋ္ဌာန်းပွါးများလျက်၊ ခေါက်တုံ့ခေါက်ပြန်စင်္ကြံကြွတော်မူရာ၌၊ သီတင်းတပါတ်ကုန်လွန်ခဲ့သည်ဟု ပြောဆိုမှတ်သားကြရသော ဗုဒ္ဓရှင်၏စင်္ကြံလမ်း (စင်္ကမ) ဟူ၍ ထင်ရှားကျော်ဇောလေသည်။ ဗုဒ္ဓရှင် ခြေစက်တော်ရာချသောနေရာအချက်များ၌၊ ခြေတော်အောက်မှပေါ်ထွက်လာကြသည်ဟု စာပေ၌၊

တွေ့ရသည့်၊ အံ့ဩဘွယ် ပန်းပွင့်ကြီးများကို ဖေါ်ပြ ထွင်းထု ပြုလုပ် ထားသော ပန်းတန်ဆာများ ရှိလေသည်။ ဤစကြံတလျှောက်နှင့်၊ ဤစေတီတော်ကြီး၏ အနောက်မျက်နှာတွင်၊ သတ္တဝါအပေါင်းတို့၏ ဆရာသခင်ဘုရားရှင်သည်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို အောင်မြင်တော်မူရာ၊ ဝဇီရာသန စိန်ပလ္လင်ကိုဖေါ်ပြသော၊ သဲနီကျောက်ဖြာတချပ်ဖြင့်၊ ယခုအခါ မှတ်သားထားသည့်၊ မဟာဗောဓိပင်နှင့် ဘုရား ဖြစ် တော် မူ ရာ မြင့်မြတ်သည့်နေရာသည်၊ တည်လျက်ရှိပေသည်။ မူလမဟာဗောဓိ စေတီတော်ကို၊ ရှေ့ပန်းပုပညာရှင်များ အကြမ်းထုလုပ်ထားခဲ့ရာ၊ ယခုအခါ ဤနေရာကို၊ မဟာဗောဓိပင်ပါ,ပါဝင်စေလျက်၊ လွှမ်းခြုံ၍ ထပ်တည်ထားသည်ဟု အဆိုရှိသည်။ စေတီတော်တဆူကို၊ ခွက်ကံတေ့ပုံသဏ္ဍာန် မြင့်မားသောမုခ်ပြသာဒ်နှင့် ဆောက်လုပ်ခြင်း၏ စိတ်ကူးသည်ကား၊ ၎င်း၏ အခြေတည်ရာအနေအထားကို၊ ဤမြတ်သောနေရာ၏အရှေ့ဘက်သို့ အနည်းငယ်လိုအပ်စေသည်။ ထို့ကြောင့်၊ ပန်းပုပန်းတို့ကို၊ ယခုအခါ၌ ထိုဘုရားစေတီတော်ကြီး၏ နောက်ဘက်မျက်နှာ၌ တွေ့မြင်နိုင်ပေသည်။

ထိုစေတီတော်မြ တ်ကြီး၏ပတ်ဝန်းကျင်၌၊ မရေမတွက်နိုင်လောက်သော အပျက်အစီး အကြွင်းအကျန်များရှိလေသည်၊ ထိုအပျက်အစီးများအနက်၊ အရေးအကြီးဆုံးတို့သည်ကား၊ ကျောက်ပွတ်လုံး နံရံအပိုင်းအစများဖြစ်လေသည်။ ထိုအရာများမှာ၊ အစမူလက စေတီတော်ကို ပတ်ဝိုင်းပုံရ၏။ ဤကျောက်ပွတ်လုံး လက်ရန်းတို့ကို တည်ထား ဆောက်လုပ်ခြင်းအတွက်၊ အချိန်နှစ်ချိန် ကွဲပြားကြသည်။ ရှေးကြသောအချိန်မှာ၊ ခရာဇ်မပေါ်မှီ ဒုတိယရာစုလောက်အထိကြာ၍၊ နောက်အချိန်သည်ကား၊ ရှေးဦးအစ ဂုပ္ပတ္တ အချိန်အခါ အထိ ဖြစ် သည်။ စိတ်ဝင်စားဘွယ်ကောင်းလောက်အောင်၊ ထွင်းထုထားသော ပုံပန်းသဏ္ဍာန်တို့သည်၊ ဤပွတ်လုံးနရံတိုင်များတွင်၊ တန်ဆာဆင်လျက်ရှိလေရာ၊ ၎င်းတို့အတွင်းဝယ် ရှုန်ကီ ပုံကဲ့သို့ အိန္ဒိယရုပ်ပုံများနှင့် မြင်းလေးကောင်ကသောရထားဖြင့်၊ ဆွဲယူလျက်ရှိသော၊ နေနတ်သား (သူရိယ) ပုံတို့မှာ၊ ရှေးခေတ်ပန်းပု အနုပညာနှင့်ပတ်သက်၍ မှတ်သားဘွယ်ပင်။ ပတ်ဝန်းလည်တွင် ပြန့်နှံ့လျက်ရှိသော၊ လှပသော ထွင်း ပန်း များ နှင့် ပြည့်စုံစွာတန်ဆာဆင်၍ တည်

ဆောက်လုပ်ဒါန်းထားသော စေတီတော်တို့သည်၊ ဤထူးမြတ်သောနေရာသို့ စုရုံးရောက်လာကြသော ဘုရားဖူးများနှင့် လည်ပတ်ကြည့်ရှုသူများ၏ ချီးကျူးထောပနာလျက်၊ ကြည့်ရှုရန်အတွက်။ စိတ်ဓါတ်ကိုဆွဲဆောင်လျက်ပင်ရှိလေသည်။

စေတီတော်ကြီးကို ပူးကပ်၍ဆောက်ထားသော၊ မောဟန့်နေအိမ်နှင့် အနီး၌ရှိသော၊ ပန်းပုပညာအလုပ်ရုံကြီးသည်၊ ဤဘုရားနေရာကို။ ရှေးအခါက တန်ဆာဆင်ခဲ့သောအလှအပပန်းပုအရုပ်ပန်းများနှင့်၊ အခြားကြွင်းကျန်သောပစ္စည်းများကို၊ သိုလှောင်သိမ်းဆည်းရာ ပစ္စည်းခန်းများဖြစ်ကြလေသည်။ ထိုနေရာများအနီး၊ ဗုဒ္ဓရှင်သည် ဘုရားဖြစ်တော်မူရခြင်းကြောင့်၊ ဝမ်းမြောက်ပျော်ရွှင်တော်မူသဖြင့်၊ သီတင်းခုနစ်ပတ် သမာပတ်ဝင်စားလျက်၊ သတ္တဋ္ဌာန စံပါယ်တော်မူခဲ့သည့် နေရာများပေပင်ဟု ကျမ်းဂန်လာ ညွှန်ကြားချက်များအရ။ သတိပေးလျက်ရှိသေးသော သတ္တဋ္ဌာန နေရာတော်မြတ်များပင် ဖြစ်လေသည်။ ဤနေရာဌာနများသို့ လည်ပတ်ကြည့်ရှုခြင်း၊ ဖူးမျှော်ခြင်းမျိုးသည်၊ ဘာသာကြည်ညိုသူဘုရားဖူးတို့၏ကြည်နူးစွဲမြဲခြင်း၊ သဒ္ဓါတရား တိုး ပွား ခြင်း ကို ၎င်း၊ စုံစမ်းစစ်ဆေး လေ့လာလည်ပတ်ကြည့်ရှုသူတို့အား၊ ထူးဆန်းအံ့သြခြင်းကို၎င်း၊ အသစ်တဖန်ပြန်၍ဖြစ်ပေါ်စေလေသည်။

## ဆာရ်နတ်မြို့။

အတုမရှိသော ဆရာသခင် ဗုဒ္ဓရှင်၏ဖြစ်တော်ပေါင်းတို့၌၊ သတိရလောက်သော တိုင်းနိုင်ငံအမှတ်အသား တခုပင်ဖြစ်သည်။ ဆိပ်ငြိမ်အေးချမ်းရာ မိဂဒါဝုန်တော၌၊ ဘုရားရှင်သည် ကိုယ်တော်မြတ်၏ မိတ်ဆွေဟောင်းကြီးများဖြစ်ကြသောပ ဥ္စဝဂ္ဂီငါးဦးတို့အား၊ ပဌမအကြိမ်အတွက်၊ ဒုက္ခ၏ဆန်းကြယ်ပုံနှင့်၊ ၎င်းကိုအောင်မြင်နှိမ်နင်းခြင်း၏ နည်းနာများကို၊ ဘော်ထုတ်ဟောပြလျှက်၊ တရားဦးဟောတော်မူရာဖြစ်သော၊ ထူးမြတ်သည့် ဣသိပတနခေါ် ဆာရ်နတ် (Sarnath) မြို့ကား၊ ဘုရားရှင်၏ တရား

ရေယဉ် စတင်ပေါ်ထွန်းရာ ဖြစ်လေသည်။ ဤအခါမှ စ၍ "ဓမ္မစက္က ပဝတ္တန" ခေါ် တရားဓမ္မစက်ဝန်းကို လည် စေ ခဲ့သည်။ ဤမှတ်သား လောက်အောင် ကြုံတွေ့ မြင်သိရခြင်းများဖြင့် အလွန်ကြီးမားသောအကျိုး များနှင့်တကွ၊ နှစ်ပေါင်းများစွာ တည်ရှိမည်ဖြစ်သောလမ်းစဉ်ကြီးတပါး၏ ဂုဏ်ရည်ထွန်းတောက်မှုသည်၊ အစပြုခဲ့လေသည်။

ဆာရ်နတ်မြို့သည်၊ ကျောက်ခင်း လမ်းကောင်းတခုနှင့် ဆက်သွယ် ထားသော၊ ဗာရာဏသီမြို့နှင့် ကန်တော်မင် မီးရထားဘူတာရုံမှ ခြောက် မိုင်ဝေးကွာ၏။ ဥဓ် တားရ်ဟတ် မီးရထားလျှမ်းပေါ်မှာရှိသော ဆာရ် နတ်မီးရထားဘူတာရုံသည်၊ ရှေးဟောင်းအပျက်အစီးများမှ တမိုင်နှင့် လေးပုံတပုံကွာဝေး၏။ သို့ပင်ဖြစ်လင့်ကစား၊ ကုန်ပစ္စည်း ဝန်ဆောင်ယဉ် အမျိုးမျိုးကို၊ ရရှိငှါးယူနိုင်သောဗာရာဏသီမြို့မှနေ၍ သွားရောက်လည် ပတ်နိုင်ပေသည်။ တည်းခိုနေထိုင်ရန် နေရာထိုင်ခင်းများကို၊ ဆာရ်နတ် မြို့တွင်၊ မဟာဗောဓိအသင်း၊ ဂျိုင်းလူမျိုးများ၊ မြန်မာလူမျိုးများ၊ အစဉ် လိုက်အားဖြင့်၊ ဆောက်လုပ်ထားသော၊ "ဓမ္မသာလာ"ခေါ် တည်းခိုရာ ဌာနသုံးခု၌၎င်း၊ မကြာမီကဖွင့်လှစ်ထားသော ဘီရ်လာ (Birla) တဲအိမ်၌ ၎င်း၊ ပြောဆိုခါ ချမ်းသာစွာတည်းခိုနိုင်ပါသည်။

ဆာရ်နတ်မြို့သည်၊ ဂေါတမမြတ်ဘုရား၏ ဘာသာတရားကြီး ပေါ် ပေါက်ဖြစ်ထွန်းရာ ဌာနဖြစ်သည်။ ဤအချက်ကြောင့် ၎င်းနေရာသည် ဗုဒ္ဓ ဘာသာ အရေးအရာမှန်သမျှတို့၏ဗဟိုရ်ဌာနကြီးတခုဖြစ်လျက်၊ နှစ်ပေါင်း တထောင်ငါးရာကျော် အချိန်အတွက်၊ ဤကဲ့သို့ပင်တည်နေခဲ့၏။ ထိုနေရာ ကို ပေါရာဏဗုဒ္ဓဘာသာ ကျမ်းပြုဆရာတို့သည်၊ ဤဖြူစင်မြင့်မြတ်သော နေ ရာဌာနကို၊ (သဒ္ဓမ္မ ဓမ္မစက္က ပဝတ္တန ဝိဟာရ) တရားဓမ္မစကြာကို လည်စေ တော်မူရာ ကျောင်းတော်ဟုခေါ်ဆိုခဲ့ကြသော အမည်နာမဖြင့်၊ ဤသမိုင်း မော်ကွန်းစာတမ်းများဖြင့်၊ညွှန်ပြခဲ့ကြလေသည်။ဗုဒ္ဓဘာသာအယူဝါဒ တ ရားတော် ပေါ်ပေါက်ထွန်းကားလာလျက်၊ ရှေးနှစ်ပေါင်းများစွာအတွင်း ဝယ်၊ မိဂဒါဝုန်တော၏ အကြောင်းအတ္ထုပ္ပတ္တိကို၊ အနည်းငယ်မျှ သိရှိရ သော်လည်း၊ ထိုနေရာကား ဘာသာတရားကိုလေးစားယုံကြည်၍၊ သာ

သနဒါယကာ ကေရာဇ်ဖြစ်သော အသောကမင်းတြားကြီး၏ လက်ထက်တော်မှအစပြု၍၊ ဗုဒ္ဓသာသနာနှင့်သက်ဆိုင်သည့် အခြားဌာနများကဲ့သို့ပင်၊ ပြန်လည်၍ ပြည့်စုံကြွယ်ဝခြင်းသို့ ရောက်ရှိခဲ့လေသည်။ ဤသူတော်မြတ်ဘုရင်မင်းကြီးသည်၊ အန္တေဝါသိက ရဟန်းတော်များနှင့် သီလရှင်များအား၊ ကျောင်းအတွင်း၌ သံဃာဘေဒများမဖြစ်စေရန် လေးနက်စွာသတိပေးသော အမိန့်တော်ကျောက်စာတမ်းကို၊ ထွင်းဖေါက်ရေးသားထားခဲ့သည့် ကျောက်စာတိုင်တခု အပါအဝင်ဖြစ်သော အထိမ်းအမှတ်ကျောက်တိုင်များစွာတို့ကို စိုက်ထူခဲ့လေသည်။ သာဝတ္ထိဝါဒများ၊ သမ္မိတိယများ၊ စသော အမျိုးမျိုးသောဂိုဏ်းကွဲများမှာ၊ မူလအခြေခံဂိုဏ်းကြီးမှ၊ ပြောင်းလဲခွဲထွက်၍၊ ဂိုဏ်းသစ်များတည်ထောင်ခဲ့ကြသဖြင့်၊ အသောကမင်းကြီးသည်၊ ထိုပြင်းထန်လေးနက်သော သတိပေးအမိန့်ပညတ်ဖြင့်၊ ဂိုဏ်းသစ်ထောင်ပြီး ငြင်းခုံခိုက်ရန်ဖြစ်ပွားမှုအဓိကရုဏ်းနှင့် မိစ္ဆာအယူများကို ကင်းကြစေရန် ရည်ညွှန်းခဲ့ဟန်တူပေသည်။ တရုပ်ပြည်သား ဘုရားဖူး လှည့်လည်သူ ဖါဟိယန်နှင့် ဟိဟ္ဂူအင်ဆင်တို့သည်၊ ရှေးနောက်အစဉ်အဘိုင်း၊ ခရစ်သက္ကရာဇ် ငါးရာစုနှင့် ခုနစ်ရာစုနှစ်များတွင် ဤနေရာဌာနသို့ လည်ပတ်ဖူးမျှော်ကြ၍၊ ဤအရေးပါအရာရောက်သော ဌာနနှင့်ပတ်သက်၍၊ အဘိုးထိုက်အဘိုးတန် အကြောင်းအရာအဖြာဖြာတို့ကို ကျွန်ုပ်တို့အဘို့ရေးသားထားခဲ့ကြလေသည်။ နောက်ပုဂ္ဂိုလ်ဘို့သည် ပိုမို၍ အသေးစိပ်အကြောင်းအရာများကို ရေးသားထားခဲ့လေရာ၊ အဆောက်အဦးအချိုးမျိုးတို့တွင်၊ သီတင်းသုံးနေထိုင်တော်မူကြသော၊ ၁၅၀၀ ထက်မနည်း၊ အရေအတွက်ရှိသည့် ရဟန်းတော်များနှင့် ဘိက္ခုနီမများနှင့်၊ မိဂဒါဝုန်တော၏၊ စည်ပင်သာယာ ဝပြောသော အခြေအနေပုံသဏ္ဍာန် လက္ခဏာများကို၊ ယနေ့ ကျွန်ုပ်တို့ မှန်းဆ သိမြင် မှတ်သားကြရလျက် ရှိပေသည်။ ထိုရှေ့ပုဂ္ဂိုလ်တို့ ဖေါ်ပြရေးသားခဲ့သော အဆောက်အဦးများစွာတို့အနက်၊ ပဓာန လိုရင်းအဆောက်အဦးတို့သည်ကား၊ ဓမ္မစကြာကိုလည်စေသော အသွင်အပြင်ဖြင့် ဖေါ်ပြထားသော ဘုရားရှင်၏ အ ရ် တော် နှင့် အ မျ၊ ကြေးဆင်းတုတော်တဆူနှင့် ခမ်းနားကြီးကျယ်သော စေတီတော်တဆူ၊ အသောကမင်းကြီး တည်ဆောက်စိုက်ထူခဲ့သော ကျောက်တိုင်တတိုင်ပါဝင်လေသည်။ ထိုအချိန်အခါများ၌လည်း ထိုနေရာသည် သာယာစီပင်ဝ

ပြောလျက်၊ ကြီးကျယ်ခန်းနားစွာ တိုးတက်ခဲ့လေရာ၊ စာပေသမိုင်းများနှင့် အခြားထင်ရှားသော အချက်တို့သည်၊ စေတီ ဘုရား ကျောင်းသစ်များနှင့်၊ အဆောက်အဦးသစ်များကို ဆောက်လုပ်ခြင်း၊ ဟောင်းနွမ်း ပျက်စီး နေသော အဆောက်အဦးများကို၊ အသစ်တဖန် ပြင်ဆင် မွန်းမန် ခြင်း တို့ ကို ဘော်ပြခဲ့လေသည်။ နောက်အကျဆုံးသည်ကား၊ ခရစ်သက္ကရာဇ် တဆဲ့နှစ်ခုမြောက်ရာစု ပဌမတဝက်၌၊ ကနုဂျ် (Kanauj) ပြည် ဂေါဝိန္ဒစန္ဒြ ရှင်ဘုရင်၏ မိဘုရားတပါးဖြစ်သော ကုမာရဒေဝီမိဖုရားသည်၊ စတင်တည်ထောင်ထားခဲ့သော ဓမ္မစကြာ ဘုရားစေတီ ကျောင်းတဆူ ဖြစ် လေ သည်။ နောက်မကြာမီ ထိုနေရာကို၊ မုဟမ္မဒ် ဃောရီ၏စစ်တပ်က၊ အဆုံးသတ်ဖျက်ဆီးပစ်လိုက်သည်ဟုမှတ်သားနိုင်ပေသည်။အထူးသဖြင့်ရှေဦးအစရိုင်းပြစွာဖျက်ဆီးထားသော သက်သေခံချက်များကား၊ ဟန်းလူမျိုးတို့သည် တကြိမ်ဖျက်ဆီးပုံရပြီးနောက်၊ ဗာရာဏသီမြို့ကို ဃတ်ဇနီပြည် မုဟမ္မဒ် ပသီ ရှင်ဘုရင်က တဆင့်ပြီးတဆင့် စစ်တိုက်ဖျက်ဆီးပြုလုပ်ခဲ့ပုံရလေသည်။ သို့သော် ဤသို့ ကျူးလွန် ဖျက်ဆီးထားသော အပျက်အစီးများကို ဘုရားတရားကြည်ညိုသူ ဒါယကာတို့က၊ ချက်ခြင်းပင်ပြန်လည်ပြုပြင်ခါ၊ အသစ်ထင်မံဆောက်လုပ်ခဲ့ကြလေသည်။ သည်နောက်၊ အကြီးအကျယ်ပြင်းထန်စွာ အစုလိုက်၊ အပုံလိုက် တိုက်ခိုက်ချိုးဖဲ့ဖျက်ဆီးခြင်းကို ခံလိုက်ရသော နောက်ဆုံးအကြိမ် ပျက်းစီးရရာ၌၊ အဘိုးထိုက်အဘိုးတန် လှပဆန်းကြယ်သော အဆောက်အဦးများမှာ၊ ပြောင်းလဲကွယ်ပျောက် ပျက်စီးရသည်အထိဖြစ်လေသည်။ ဤအချိန်မှစ၍၊ ဗုဒ္ဓလမ်းစဉ်သည် အားအစွမ်းတန်ခိုးဂုဏ်ရည်တို့ သို့ုမှိန်ပျောက်ကွယ်ခဲ့၍၊ အိန္ဒိယပြည်၌၊ ထိုဘာသာ၏ကွယ်ပျောက် ပျက်စီးသည်နှင့်တပြိုင်နက်၊ ခေတ်ကောင်းခဲ့သော ရာဇဝင်ရာစုများအဘွင်း၌၊ ထိုနေရာတွင် စိုက်ထူထားခဲ့သော ကြီးကျယ်ခန်းနားသည့် အထိမ်းအမှတ်တိုင်ကြီးတို့သည်လည်း၊ ကျိုးပဲ့ပျိုလဲခါ မြေကြီးမြေမှုန့်နှင့် အမိုက်သရိုက်တို့၏ အောက်တွင် မြှုတ်၍နေကြရတော့သည်။

ဆာရ်နတ်မြို့၏ ရှေးဟောင်းအပျက်အစီးများကား၊ အလွန်ကျယ်ပြန့်သော မြေရိယာများအောက်ဝယ်၊ ဖုံးကွယ်ခြင်းခံနေရလျက် ရှိပေသည်။ ရှေးဟောင်းပစ္စည်းဆိုင်ရာ အစိုးရဌာနသည်၊ ထိုနေရာတို့တွင် ရှာဖွေတူး

ဖေါ်ခြင်းကိုပြုလုပ်၍၊ စိတ်ဝင်စားဘွယ် မှတ်ဘွယ်ကောင်းသော မှတ်တိုင်များ၊ အလွန်လှပသော ပန်းနုပန်းနွယ်များနှင့် လက်မှုပညာကျွမ်းကျင်မှုများကိုပြသော ပန်းပု ပုံ များ တို့ သည်၊ အသွန်ထင်ရှားစွာထွက်လာလေသည်။ တဦးတယောက်သည်၊ ဗာရာဏသီမြို့မှ ထိုနေရာသို့ဆိုက်ရောက်သောအခါ၊ ပဌမတွေ့ရသော မြေအမှတ်အသားမှာကား၊ ထို အ ရပ်၌ "ချောက်ဝုခန္ဓိ" ဟုခေါ်သော ကုန်းမြင့်ထိပ်ပေါ်တွင်၊ ရှစ်ထောင့်, မုခ်ပြဿာဒ်နှင့် တည်ဆောက်ထားသော အုပ်မြေပုံအမြင့် ကြီးတခုဖြစ်လေသည်။ ထိုအုပ်ခုံကြီးသည် ဂယာမြို့မှ ဣသိပတန (ကုဿိန္နာရုံပြည်) သို့၊ ဘုရားသခင်ကြွတော်မူစဉ်၊ ထိုဗုဒ္ဓရှင်၏လမ်းစဉ်သို့ ရုတ်တရက်ပြောင်းဝင်ခဲ့ကြသော မိတ်ဆွေဟောင်ငါးဦး (ပဥ္စဝဂ္ဂီ) တို့အား၊ ပဌမတွေ့ရှိရသောနေရာကို မှတ်မိစေရန် တည်ထားသော ပစ္စယံအထပ်ထပ်နှင့်။ စေတီတော်တဆူ၏ အပျက်အစီး အကြွင်းအကျ ံများပင်ဖြစ်သည်။ ရှေးဟောင်းပစ္စည်းများကို တူးဖေါ်စဉ် အတောအတွင်း၌တွေ့ရှိရသော ရှေးပစ္စည်းဟောင်းများနှင့်၊ သက်ဆိုင်ရာ အရာဝတ္ထု၊အမျိုးမျိုးတို့ကို၊ ဆင်ခြင်ကြည့်ရှုသော်၊ ထိုစေတီတော်သည် ဂုတ္တအချိန်အခါက၊ စေတီတော်ဖြစ်ဟန်တူလေသည်ထိုထိပ်ပေါ်တွင်ရှိသောရှစ်မြှောင့်မုခ်ပြဿာဒ်မှာ၊ခရစ်သက္ကရာဇ် (၁၅၈၈) ခုနှစ်၌၊ အက်ကဘာဘုရင် တည်ထားခဲ့သောများစွာနောက်ကြသည့်အဆောက်အဦးတခုဖြစ်လေသည်၊ ဤဘုရားရှင်နေရာသို့၊ အက်ကဘာဘုရင့်ဘခမည်းတော်၏ ရောက်လာခြင်းကို။ အထိမ်းအမှတ်အဖြစ်ဖြင့်။ သတိရစေရန် လည်းဖြစ်လေသည်။

မြောက်ဘက် မိုင်ဝက်အကွာတွင် ရှေးအခါက ကြီးကျယ်ခန်းနားခဲ့သော ကြည့်ရှုမှတ်သားဘွယ်ကောင်းသည့်၊ အဆောက်အဦးများနှင့် တန်ဆာဆင်ထားသော မိဂဒါဝုန်တောရှိလေသည်။ အဆောက်အဦးအားလုံးတို့သည်၊ ယခုအခါပျက်စီးသွားကြပြီး၊ ကျိုးပဲ့ပျက်စီးနေသော ဓမေ (က်) ခေါ် စေတီတော်တဆူသာ ကျံရှိ၍ငုင်းစေတီတော်သည် ပတ်ဝန်းကျင်ရှိအရပ်များအပေါ်မှာ။ ပေပေါင်းမှာ ၁၅၀ ခန့်နီးနီး မြင့်မားမိမောက်လျှက်ရှိလေသည်။ ရှေးဟောင်းပစ္စည်းများဘက်ဆိုင်ရာ အရာရှိတို့သည်၊ အပျက်အစီးများကိုတူးဖေါ်၍ ပြသထားသည့်အတိုင်း။ ထိုနေရာ၏အနေအထားမှာ


ကျောင်းဘုရား စေတီတော်တို့သည်၊ ပတ်ဝန်းကျင် ဧရိယာအတွင်း၌၊ ဘုန်းကြီးကျောင်းများတည်ရှိနေသော အလည်ဗဟိုရင်ပြင်ခုနကို ပိုင်ဆိုင်ခဲ့ပုံရှိပါသည်။ ၎င်းတို့သည် အချိန်ကာလ တခြားစီပင် ဆောက်လုပ်ခြင်းဖြစ်ကြ၍၊ ရှေးအကျဆုံးသည်ကား၊ အသောကမင်းတရားကြီး၏ လက်ထက်တော်အထိ၊ ကြာရှိပါသည်။ အချို့ အရေးပါအရာရောက်သော အဆောက်အဦးများကိုပြန်၍ ပြင်ဆင်ထားရှိခြင်း၊ အသစ်မွမ်းမံပြုလုပ်ခြင်းတို့ကြောင့်၊ အတိတ်အခြေအနေ၏ပုံဟန်ကို ထင်ရှားစွာတွေ့မြင်နေရပေသည်၊

ဟဝ်ဟူအင်ဆင် တွေ့ရှိဖူးမြင်ခဲ့ရသော အသောက စေတီတော်ကို၊ ၁၇၉၄ ခုနှစ်တွင်၊ ဗာရာဏသီမြို့၌ ဈေးတခုဆောက်ရန် အုပ်များအတွက်၊ ဂျဂတ်ဆင်းခေါ် ဗာရာဏာ ရာဇာချိတ်ဆင်း ဟိန္ဒူစော်ဘွားသည်၊ အုပ်ကို ဖျက်ယူပြီးနောက်၊ ဂျဂတ်ဆင်း၏စေတီဟု ခေါ်နေကြသော အုပ်စေတီကြီးတဆူ၏ အပျက်အစီးများဟု အမှတ်ပြုနေကြသည်၊ ဤအချိန်အခါက၊ တူးဖော်ရရှိသော ဓါတ်တော်မွေတော်များသည်ကား၊ ရာစုနှစ်ပေါင်းများစွာ ပျက်ကွက်မေ့လျော့နေခဲ့သော ဤဗုဒ္ဓနေရာကို။ ပြန်၍အသစ်ဖြစ်ပေါ်လာခြင်းအတွက်၊ အကြောင်းခံတရပ်ဖြစ်စေခဲ့သည်။ ထိုအဆောက်အဦးကား၊ ယခုမြင်တွေ့ရသည့်အတိုင်း ထပ်ခါထပ်ခါ မျိုး၍တည်ထားခြင်းဖြစ်၍၊ အဘွင်းအကြဆုံးသော အဆောက်အဦးမှာ၊ အသောက မင်း ကြီး၏ လက်ထက်နှင့် တချိန်တည်းဖြစ်ပုံရသည်။ ဤစေတီတော်နေရာသည်၊ ဘုရားရှင်တရားဦးဟော၍၊ ဓမ္မစကြာကိုလှည့်သောနေရာကို မှတ်သားထားပုံဖြစ်နိုင်ပေသည်၊ မြောက်ဘက်ခပ်နီးနီးတွင်၊ ဖေါ်ပြခဲ့ပြီးသော အသောက ကျောက်တိုင် ၎တ်ကျိုးကြီးတည်ရှိနေ၍၊ ၎င်းတိုင်၏ ခန်း နား ကြီးကျယ်သောခြင်္သေ့ကြာလန်ကြီးကို၊ အနီး၌ရှိသော၊ ရှေးဟောင်း ပစ္စည်း ပြတိုက်တွင်၊ ယခုအခါ ကြည့်ရှုတွေ့မြင်နိုင်ပါသည်၊ အရှေ့ဘက်နေရာတွင်၊ သာ၍ရှေးမကျသော်လည်း၊ ဂုတ္တလက်ထက်မှစ၍၊ နေ့စွဲထိုးရမည်ဖြစ်သော၊ မူလဘုရားကျောင်းအဖြစ်ဖြင့်၊ ကြံစီရည်ရွယ်ဆောက်လုပ်ထားသော ဘုရားကျောင်းတကျောင်း၏ အပျက်အစီးများကိုတွေ့မြင်နိုင်ပါသည်။ ထိုဘုရားကျောင်းသည်၊ အရှေ့ဘက်၌ ဘုရားခမ်းသို့အဝင်ဝ မုခ်ပြသာဒ်ပေါက်နှင့် ဆောက်လုပ်တပ်ထားသဖြင့်၊ မြောက်ဘက်၊ တောင်ဘက်နှင့် အ


နောက်ဘက်မျက်ဖြာများပေါ်မှာ၊ ဘုရားကျောင်းဆောင်ကလေးများ ပါဝင်လျက်၊ ရိုးရိုးတုရန်းပုံသဏ္ဍာန်ဖြစ်သည်။ အလည်ဗဟိုရှိဌာနနှင့် စိုက်ထောင်ထားသော မှတ်တိုင်သည်။ ဟဒိဟူအင်ဆင် တွေ့မြင်မှတ်သားခဲ့ရသော၊ အမြင့်ဘုရားကျောင်း၏ အပျက်အစီး အကြွင်းအကျန်ဟု ဖော်ပြခြင်းသည်ကား၊ မဖြစ်နိုင်ချေ။

တောင်ဘက်ရှိ ဘုရားကလေးသည်၊ ထွင်းဖောက်တူးဖော်သောအခါ အသောက်ကျောက်တိုင်များနှင့်၊ ကျောက်ကြာလံထိပ်ဖျားတွင်၊ ကျွန်ုပ်တို့မြင်ကြရသည့်အတိုင်း၊ အကျွမ်းကျင်ဆုံးသော လက်မှုပညာအစွမ်းသတ္တိဖြင့် ဆောက်နှင့်ထွင်း၍ အရောင်တင်ချယ်လှယ်ထားသည့်၊ တလုံး တည်းလေးတောင့်ကျောက်တုန်း လက်ရန်းတခုရှိသည် ဤလက်ရန်းကား၊ အသောမင်းကြီး၏ လက်ထက်တွင်၊ အရေးပါအရာရောက်သော အကြွင်းအကျန်တမျိုးပင်ဖြစ်လေသည်။ ဤလက်ရန်းကို အသောကစေတီတော်ထိပ်ပေါ်မှာ၊ (ချတ္တရဝတီ) ခေါ် ထီးတော်ကိုပတ်ဝိုင်း၍ မူလအစကထားခဲ့ပုံရပြီး၊ နောင်အခါ၌၊ ယခုနေရာသို့အရေးကြီးသော ရှေးဟောင်းပစ္စည်းအကြွင်းအကျန်တခုအဖြစ်ဖြင့် ပြောင်းရွှေ့ထားခဲ့ခြင်းဖြစ်သည်။

စေတီကော်ပတ်လည်တွင်၊ အရှေ့မှလာသော ကျောက်ခင်းထားသည့်လမ်းတလမ်းနှင့်ကျောက်ခင်းထားသောအခမ်းတခုရှိသည်။ ဤကွက်လပ်အခမ်းမှာ၊ အရွယ်အစားအမျိုးမျိုးရှိသော ဘုရားများနှင့်၊ အကြောင်းအားလျော်စွာ ဓါတ်တော်ခမ်း အကြွင်းအကျန်များနှင့် ဤဘုရားနေရာသို့ စုပြုံရောက်လာကြကုန်သော ဘာသာရေးကြည်ညိုသူများနှင့်၊ ဘုရားဖူးများ၏ကြည်ညိုစွာ လှူဒါန်းဘွယ်ရာ အဖြာဖြာတို့၏ အကြွင်းအကျန်များကို မရေမတွက်နိုင်အောင်တွေ့ရပေသည်။ မြောက်ဘက်နှင့်တောင်ဘက်မျက်နှာပေါ်မှာ၊ ကျောင်းအဆောက်အဦးများ စီတန်း၍ နေလေသည်။ ရဟန်းကျောင်းများသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အားလုံးပုံစံတူများဖြစ်ကြ၍၊ နေထိုင်ရာအခမ်းများကို၊ လဟာပြင် လေးဒေါင့်ပုံတခု၏ ဘေးလမ်းမျက်နှာ စီစဉ်ဆောက်လုပ်ထားလေသည်။ ၎င်းကျောင်းအချို့ကို ထပ်ခါမွမ်းခါ ဆောက်လုပ်ကြသဖြင့်၊ ရှေးကအဆောက်အဦးများ




အာသောကကျောက်တိုင်ဖျား ကြာလန်နှင့် ခြင်္သေ့ရုပ်။



ဓမ္မစကြာစေတီတော်။ (လက်ျာပုံ) ဓမ္မစကြာတရားဟောတော်မူခန်း။





လောကနာထ၊ (ဆာရ်နတ်ပြတိုက်။)

စွာတို့ကို၊ နောက်အဆောက် အဦးများ၏ အတွင်း၌၊ မြုတ်၍နေသည်ကို တွေ့ရလေသည်။ ခရာစ်သက္ကရာဇ် ၁၂ ခု မြောက်ရာစု၏၊ပထမတဝက်၌၊ ဂေါဝိန္ဒစန္ဒြမင်း၏ မိဘုရား ကုမာရဒေဝီ ဆောက်ထားခဲ့သော ထိုသဒ္ဓမ္မစကြာဇိနကျောင်းတော်သည်၊ ပို၍ရှေးမကျလျှင်၊ ကုရှန လက်ထက်အထိ ရှေးကြသော မူလကျောင်းတော်ကြီး၏ မြောက်ဘက်၌၊ ဤကဲ့သို့ တည်ရှိခဲ့သော၊ များပြားလှသည့် ရှေးကျောင်းတော်များကို၊ မွန်းမံထားပေသည်။ ဆာရ်နတ်မြို့တွင် ကြီးကျယ်သော အဆောက် အဦးတခုဖြစ်သည့် ဤနောက်ဆုံး မှတ်တိုင်ကို၊ များစွာသော ကွက်လပ်အခမ်းများနှင့်၊ အဝင်ဝမုခ်လမ်း ပေါက်များပါဝင်လျက်၊ ကျနသေသပ်စွာ စီမံဆောက်လုပ် ထားလေသည်။ ဥမင်လိုဏ်ခေါင်း အရှည်တလမ်းဖြင့် မြေအောက်မှသွားရသော လမ်းတခုကား၊ အနောက်အစွန်း၌ရှိသော မြေအောက်ရှိ ဘုရားလိုဏ်ဂူ ခမ်းနှင့် ဆက်သွယ်ထားပုံ ရလေသည်။ ကံမေးချိန်နှင့် ကြုံကြိုက်ခဲ့ရသည့် အားလျော်စွာ ဤနောက်ဆုံး မှတ်တိုင်သည်ပင်၊ ရိုင်းပြစွာ ချိုးပွဲဖျက်ဆီးသူတို့၏ လက်ချက်ကြောင့်၊ အကြီး အကျယ် ပျက်စီးခြင်းခံခဲ့ရ၍၊ ဤဌာန ဤအဆောက် အဦးတို့၏ အပြည့်အစုံ ပုံသဏ္ဌာန်တို့ကို၊ ယခုအခါတွင် သေချာစွာ မတွေ့မြင်နိုင်တော့ချေ။

ဆာရ်နတ်မြို့ ရှေးဟောင်း အပျက် အစီးများအနက်၊ မှတ်သားဘွယ် အကောင်းဆုံးသော အရာသည်ကား၊ ဤနေရာ၏ အရှေ့တောင်ဒေါင့်တွင်ရှိသော၊ "ဓမေ(က်)" စေတီတော်ဟု သိကြရသည်။ ကျိုးပွဲ ပျက်စီးနေသော်လည်း၊ ၎င်း၏မူလ ပန္နက်အခြေခံများမှ၊ ပေ ၁၄၃ ပေ မြင့်သေး၍၊ အောက်ပစ္စယံအဆင့်တွင်၊ ကျောင်းများ 'အုဋ္ဌများဖြင့်' ထူထပ်ခိုင်လုံစွာ အတုံး အခဲများဖြင့် ဆောက်လုပ်ထား၍၊ အပေါ်ပိုင်း၌ ကျောက်ဖြာဖြင့် ပိတ်ဆို့ကာမျက်နှာပန်းပုံ ပြုလုပ်ထားသော တုတယ် အဆောက် အဦးတခု ဖြစ်လေသည်။၎င်းသည် ပြွန်လုံးပုံသဏ္ဌာန် တခုနှင့်တူ၍၊ အောက်အနိမ့်ပိုင်း၌၊ ရုပ်ပွားဆင်းတု တဆူစီ ပူဇော်ထားရှိသော နံရံကပ် မုခ်ပေါက်ကြီးတခုစီနှင့် ထိုးထွက်နေသည့် ရှစ်ခုသော အဆောင်များဖြင့်၊ ထောက်ခံထားလေသည်။ ဤအောက်ပိုင်းကို ခါးပန်းပတ်ကြီးပြားတခု၏ အပေါ်၌၎င်း၊အောက်၌၎င်း၊ အခွက်ပန်းလှများကို စီတန်း ဆက်စပ်

ထား၏။ ထို့ပြင်များစွာသော အချိုး အစား ကျကျ ထွင်းပန်းများဖြင့် ပတ်ပိုင်းလျက် တန်ဆာဆင်ထားလေသည်။ ထွင်းထားသော ပန်းများမှာ၊ အံ့ဩဘွယ်ရာကျင်လည်စွာ သပ်သပ် ယပ်ယပ် ရှိလှပေသည်။ ၎င်းပြင် ထင်ရှားသော ပုံပန်းသဏ္ဍာန်များအပေါ်မှာ၊ ယခုရှိနေသည့်အတိုင်း ဤမှတ်တိုင်သည်၊ မည်သည့်နည်းနှင့်မဆို ခရာဇ်သက္ကရာဇ် ခြောက်ခုမြောက် ရာစုထက် နောက်မကျသော ဂုတ္တလက်ထက်လောက်ကပင်၊ တည်ရှိခဲ့ဟန်တူလေသည်။ "ဓမေ (က်)" ခေါ် ယခုခေတ်အမည်ကား၊ "တရားဓမ္မကိုသုံးသပ်ဆင်ခြင်ခြင်း" တည်းဟူသော အဓိပ္ပါယ်ရှိ၍ "ဓာရ်မေက်ရှ" ဟူသော သသ်ကရိုက်စကားမှ၊ ယူထားပုံရလေသည်၊ ၎င်း၏အခြေအနေမှာ မနီးမဝေးအနောက်ဘက်၌ ရှိနေသော အသောကမင်းကြီး၏ "ဓရ်မရာဇိက" စေတီတော်နှင့် တတန်းတည်းတည်လျက်၊ ၎င်းသည် အရေးကြီးသောမှတ်တိုင်တတိုင် ဖြစ်ဟန် ပုံသဏ္ဍာန်တူ၍၊ ဤနေရာက မူလအဆောက် အဦးသည်၊ အသောကမင်းကြီး လက်ထက်ကို မှီပုံရလေသည်။

ရှေးဟောင်း အပျက်အစီး အကြွင်း အကျန်များနှင့် မှတ်သားဘွယ်ရာများမှတပါး၊ မဟာဗောဓိအသင်းက တက္ကသိုလ် (Taxila) ပြည်၌တွေ့ရှိခဲ့ရသော ဗုဒ္ဓရှင်၏ ဓာတ်တော်အချို့ကို ဌာပနာရန် တည်ဆောက်ထားသောမူလဂန္ဓကုဋီဝိဟာရ တိုက်ကား၊ ယခုခေတ်အဘို့ စိတ်ဝင်စားဘွယ်ကောင်းအောင်ပင်၊ စီမံပြုလုပ်ထားသော ဌာနတခုဖြစ်လေသည်။ ၎င်းအဆောက်အဦးသည် ဖန်ကျောက်ပြား တမံသလင်းနှင့်တကွ၊ ကောင်းမွန်ခန်းနား သတ်ရပ်လှသည့်ပြင်၊ ရှုချင်စဘွယ် တန်ဆာ ဆင်ထားပုံများမှာ၊ ရာစုနှစ်ပေါင်းများစွာ အတွင်းတလျှောက်ဝယ်၊ မြတ်နိုး နှစ်သက်ဘွယ်ကောင်းခဲ့သော ရှေးဟောင်း ပုံသဏ္ဍာန်များကို ပြန်လည် သတိရစေရန်ဖြစ်လေသည်။အတွင်းဘက်နံရံများ၌။ဂျပန်ပြည်မှ ရှေးနည်းအကျဆုံးသောပန်းချီဆရာတဦးဖြစ်သူမစ္စတာ ကောစေတုနောစုသည်၊ ကောင်းမွန်ရေးဆွဲထားသော ဗုဒ္ဓရှင်၏ဇာတ်တော်များမှ အတ္ထုပတ္တိများကို၊ ကြည်ညိုဘွယ်ရာ ရှုမြင်နိုင်ပေသည်။ ဘုရားကျောင်း၏ နှစ်ပတ်လည် ကျင်းပမြဲ ပွဲသဘင်ကို၊ နှစ်စဉ် နိုဝင်ဘာလ လပြည့်နေ့တွင်ကျင်းပ၍၊ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင် အမျိုးသားတိုင်းလိုလို၊ ကိုယ်စားလည်လှတ်၍ တက်ရောက်

ကြသော ရဟန်းသံဃာတော်များနှင့် လူဥပါသကာများတို့သည်၊ ကြီး ကျယ်ခန့်နားစွာ ပေါင်းဆုံစုဝေးလျက်၊ဘာသာရေး ပွဲတော်ကြီးကို ကျင်း ပကြလေသည်။ ဤပွဲတော်ကြီး၏ အရေးကြီးသော မှတ်သားချက်ကား၊ ထိုဘုရားကျောင်း၏ ပလ္လင်တော်ဝယ်၊ ဋ္ဌာပနာ၍ထားသော ဘုရားရှင်၏ ကိုယ်စားတော် ကြွင်းကျံရစ်သည့်။ ဓာတ်တော် လှည့်ပွဲဖြစ်ပေသည်၊ ထိုမူ လဂန္ဓကုဋီတိုက်အနီးတွင်၊ ၁၉၃၆ ခုနှစ်က၊ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ယူ ခဲ့သော ဗောဓိပင်ပျိုကလေးမှာ၊ မူလဗောဓိပင်၏ကိုယ်စားသဘွယ်၊ ယခု အခါတွေ့မြင်ကြည်ညိုနိုင်ပေသည်။

ဆာရ်နတ်မြို့သည်လည်း၊ ဆဲ့တဦးမြောက် ဂျိန်တိရိတန်ကရ ဖြစ် သော သီရိအမ်စနထ၏ ရဟန်းတရားကျင့်ကြံခြင်းများ, ကွယ်လွန်အနိစ္စ ရောက် ပုံသဏ္ဌာန်များကို၊ ရှုမျှော်ခင်းများအဖြစ်ဖြင့်၊ ဂရုတစိုက် ရှိသေမှတ် သားကြသော၊ ဂျိန့်လမ်းစဉ်လိုက်သူတို့အတွက်၊ နေရာမြတ်တခု ဖြစ်လေ သည်။ ထို့အပြင် ဓမိက်စေတီတော်အနီး၌ တည်ထား သော ယခုစေတီ တော်သစ်ကို၊ ထိုသူတော်ကောင်းဆရာကြီးအား၊ ကြည်ညိုရိုသေစွာ ရည် စူး၍ဆောက်လုပ်ပူဇော်ထားခြင်းဖြစ်လေသည်။

ရှေးဟောင်းပစ္စည်းများကား၊ အပျက်အစီး အကြွင်းအကျံများ အ ဖြစ်နှင့်၊ ယခုအချိန်အထိ၊ တွေ့ရှိရသည်မှာ၊ များပြားလှ၍၊ အရုပ်ပန်းပု, ပန်းများ, အင်္ဂတေတဝက်ရုပ်လုံးပန်းများ,, လက်ရန်းအပိုင်းအစများ, မြေ ရုပ်ကလေးများ, မှတ်ပုံတံဆိပ်ကလေးများနှင့်၊ တံဆိပ်နှိပ်ရာများ, စာလုံး စာတမ်းများ, အိုးခွက် ပုဂံ အင်တုံများ, စသည်တို့ ဖြစ်လေသည်။ ချွင်း ချက်အနည်းငယ်နှင့်တကွ ၎င်းတို့သည်၊ ဗုဒ္ဓဘာသာ ဆိုင်ရာပစ္စည်းများ ဖြစ်၍ ခရာဇ်မပေါ်မှီ သုံးခုမြောက် ရာစုမှ၊ ခရာဇ်သက္ကရာဇ် တဆဲ့နှစ်ခု မြောက် ရာစုအထိ၊ နှစ်ပေါင်း.... ၁၅၀၀ လောက်နီးနီး၊ အချိန်ကြာ သွားလေသည့်။ ထိုရှေးဟောင်းပစ္စည်း အကြွင်း အကျံများကို၊ အနီး၌ တည်ရှိသော သန့်ရှင်းသပ်ယပ်သည့် ပြတိုက်ကလေးနှင့် ပန်းပုပညာ အ ခမ်းတွင် သိမ်းဆည်းထားလျက်ရှိလေသည်။ လှပသပ်ယပ်စွာ စီစဉ်သိမ်း ဆည်းထားသဖြင့်၊ ကျောက်ပန်း ကျောက်ရုပ်တို့သည်ကား၊ လှပ၍ ကြက်

သရေနှင့် ပြည့်စုံလျက်၊ ကောင်းစွာပြင်ဆင်ထားသဖြင့်။ လှည့်လည် ကြည့် ရှုသူတို့အား၊ ချီးမွမ်းအံ့သြဘွယ်ကောင်းသော ကြည့်ရှုစရာအဖြစ်ဖြင့်၊ ဆွဲ ဆောင် နေသယောင်ရှိတော့သည်။ အစမူလက အသောက ကျောက် တိုင်ကို တပ်ဆင်ထားသော တိုင်ထိပ်ကြာလန်ခြင်္သေ့ရုပ်သည်၊ယခုအခါ ပြတိုက်အခမ်းတည်းတွင်၊ ခမ်းနားစွာတည်ရှိနေပေသည်။ ၎င်းခြင်္သေ့ရုပ် မှာ ခေါင်းလောင်းပုံသဏ္ဍာန် အောက်ခံပေါ်မှ၊ ကျောက်ပြားတိုင်တတိုင် ပေါ်တွင်၊ ကျောခြင်းပူးကပ်လျက်၊ အရပ်လေးမျက်နှာသို့၊ တတက်စီ မျက် မှာမူနေသည့်၊ ခြင်္သေ့လေးကောင်ပါဝင်သည်။ ကျောက်ပြား တိုင်းမှာပင် လျှင်၊ အင်္ဂတေဖြင့် ပြုလုပ်ထားသော ခြင်္သေ့တကောင်ဆင်တကောင်, နွား လားတကောင်, နှင့်မြင်းတကောင်း ပါရှိသေး၏၊ရိုးရိုးသားသားသပ်သပ် ရပ်ရပ်ရှိပြီး၊ ထူးဆန်း အံ့သြဘွယ် ကောင်းလောက် အောင်အကြမ်းဖြင့်ထု လုပ်ထားသဖြင့်။ ဤကျောက်တိုင်ရှိ ကျောက်ရုပ် ကျောက်ပန်းတို့ကား၊ တိ ရစ္ဆာန်အရုပ်များကို နိုင်နင်းစွာ ထုလုပ်ထားသည့်၊ စံနမူနာကောင်းများ ဖြစ်ကြလေသည်။

ထိုတိုင်ထိပ်ကြာလန်ကို မူလက စကြာတခုနှင့် ဖုံးအုပ်ထား၍ ၎င်း၏ အစ အနများကို၊ ရှေးဟောင်းအပျက် အစီးများ အတွင်းမှ၊ ရှာဖွေတွေ့ရှိကြ ရလေပြီ၊ ၎င်းပြင် ဤမြင့်မြတ်ဖြူစင်သော နေရာဌာနတွင်၊ ဘုရားရှင်သည် တရားဒေသနာ ဆုမ္မဟောကြားတော်မူခြင်းကို၊ပဌမရှေးဦးစွာဟောကြား တော် မူခဲ့သည့်အဖြစ်ကို၊ သတ္တဝါများကြားသိစေရန် အဓိပ္ပါယ်ရှိသည်ဟု၊ အမှတ်ပြုကြလျက်ရှိလေသည်၊

ကမ္ဘာတဝှမ်းရာအိန္ဒိယပြည်ကြီး၏ငြိမ်းချမ်းရေးမေတ္တာစိတ်သြဘာစ ကား၏ အမှတ်အသား အဖြစ်ဖြင့်၊ ဤတိုင်ထိပ်ကြာလန်သည်ကား၊ ယခု အခါ အိန္ဒိယပြည်ကြီး၏ အသစ်တဖန် အောင်မြင်ပေါ်ပေါက်လာသောသ မတနိုင်ငံတော်အတွက်၊ တံဆိပ်တော်ဖြစ်လာလေသည်။

ဤအပျက် အစီးများ အဘွင်းမှ၊ မြတ်စွာဘုရားများ ဘုရားအလောင်းတော်များ၏ ဆင်းတုတော် ရုပ်ထုတော်များကို၊ မြောက်များစွာ တူးဖေါ်ရရှိလေသည်။ ၎င်းတို့ကား ‘အချိန်ကာလမတူ ခြားနားကြသဖြင့်၊ အလွန်အရေးကြီးသော အရာများကိုပင်၊ အချိန်ကလကို ခန့်မှန်းသတ်မှတ်ရန် မတတ်နိုင်ကြသေးပေ။ ကုရှနရှင်ဘုရင် ကနစ်ရှ်ကမင်း၏ နန်းစံအသက် သုံးနှစ်မြောက်တွင် ဗာလအမည်ရှိ ခရစ်ယန်ဘုန်းကြီး၏ သတ်မှတ်ထားခဲ့သော ကျောက်ရုပ်သည်။ အထက်တန်းစားလူတို့၏ လုပ္ပဝိရိယနှင့်၊ အလုံး ကိုယ်ထည်သားဖြင့် လွှမ်းမိုးသာလွန်နေသော ပုံစံတခုကို ဖေါ်ပြလျက် ဤပန်းပုအရုပ်သည် ဂုတ္တတို့လက်တွင်၊ ငြိမ်သက်တည်ကြည်သော ဘာသာရေး အောင်ခြင်းမင်္ဂလာနှင့်၊ ဘုရားကြက်သရေတော်တို့ရောပြွမ်းနေသော သပ်ရပ်ကောင်းမွန်လှပသည့်ကျောက်ရုပ်အစားပေါ်ပေါက်လာခဲ့ပါသည်။

နောင်အခါ ပန်းပုပညာ အဆင့်အတန်းတွင်၊ ထင်ရှား ကျော်ဇော သောအရာများအနက်၊ တခုအပါအ၀င်ဖြစ်သော အရာသည်ကား၊ အိန္ဒိယပြည်ပန်းယံပညာဘွင် အကောင်းဆုံးလက်ရာတခုဟု ကျော်ကြားလျက်ရှိသော (ဓမ္မစက္ကပဝတ္တနမုဒ္ဒ) ဓမ္မစကြာ တရားဟောတော်မူဟန်နှင့် ဘုရားရှင်၏ထင်ရှားကျော်စောသေါသဲကျောက်ဆင်းတုတော်တဆူဖြစ်ပါသည်။

ရှေးအလည်ဗဟိုရ်ခေတ်ကာလ ပန်းပုပညာတို့သည်၊ ကျွမ်းကျင်သပ်ရပ်စွာ ထုလုပ်ထားသောကြောင့်၊ များစွာနှစ်သက်ဘွယ် ဖြစ်စေလျက်၊ ဘုရားဆင်းတုတော်များ၏ ဘေးဘက်တွင်၊ မဟာယာန ဘုရားပုံတော်အမျိုးမျိုးတို့ကို ဖေါ်ပြ၍၊ ကျောက်တိုင်ကလေး အနည်းငယ်တို့ဖြင့်၊ ဘုရားရှင် ရွှေလက်ထက်တော်တွင်၊ ပရိသတ် အစီးအဝေး ရှစ်ဌာနကိုဖေါ်ပြထားလေသည်။

ဘုရားရှင်၏ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့ဘွင်၊ ဇာတ်ထုတ်တထုတ်အဖြစ် အပါအဝင်ဖြစ်သော၊ ခန္တိဝါဒ ဇာတ်ဝတ္ထုတော်ကို ဖေါ်ပြသောA.D.သက္ကရာဇ် ၇ ခု မြောက် အချိန်ခန့်က၊ ကျောက်တံခါးထုတ်ကြီးတခုသည်ကား၊ ဖေါ်ပြပုံအမူအရာနှင့်၊ အင်္ဂတေ ထုလုပ်ပုံအတွင်း၌၊ စိတ်

ဝင်စားစရာကောင်းလှသည်။ အရေးတယူ အလေးမူဘွယ် ဖြစ်သော စာ တမ်း စာချွန်တို့တွင်၊ ဘုရားရှင်၏ပဌမတရားဦး ဟောတော်မူစဉ်မိန့်မြွက် တော်မူသော၊ သစ္စာလေးပါး တရားတော်ကြီးကို၊ မှတ်သားထားသော မူလပါဠိကျမ်းရင်းကို၊ ရေးသားမှတ်ယူထားသည့်၊ ကျောက်ထီးတော်တ စင်း၏အပိုင်းအစတခုပေါ်မှာ၊ တွေ့ရှိရပေသည်၊

ထိုရှုးစမ်း ရှာဖွေ စစ်ဆေး တတ်သူနှင့် သဒ္ဓါတရား ရှိသော ဘုရားဖူး တို့သည်၊ဤဘုရားမြေ၏ အပျက်အစီးများ အတွင်း၌သော်၎င်း၊ ပြတိုက်အ တွင်းရှိစိတ်ဝင်စားဘွယ်ရာရှေးဟောင်းပစ္စည်းများအဘွင်း၌၎င်း၊ကြည်ညို လေးမြတ်စွာ ကြည့်ရှုကြခြင်းအားဖြင့်၊ အကျိုးတရား တိုးပွား နိုင်ပေသည်။

## ကုသိနာရုံ။

ကုသိနဂရ(Kusinara)သို့မဟုတ် ကုသိနရမြို့သည်၊ ဗုဒ္ဓဘာသာဝင် တို့အတွက်၊ ဘုရားရှင်သက်တော် ရှစ်ဆယ်မြောက်သောနှစ်တွင်၊ အင် ကြင်းတောအုပ်ဝယ်၊ ပရိနိဗ္ဗာန်စံမြန်းတော်မူရာဌာနဖြစ်သဖြင့်၊ မြင့်မြတ် သော နေရာမြတ်တခုပင်ဖြစ်သည်။ ထိုနေရာကို ဥတ္တရပြ ဒေသတိုင်း ဂေါ ရက္ခပူးရ် ဒိစတြိတ်နယ်ရှိ၊ ကဆိယ (ကသိယ) ဟု သပ်မှတ်ပြောဆိုကြလေ သည်။ မီးရထားလမ်း အဆက်အသွယ်မှ၊ ဝေးကွာစွာ တည်ရှိနေသဖြင့်၊ ဤနေရာကိုဥမ်တားရ်ဟတ်(Oudh-Tirhut)မီးရထားလမ်းပေါ်ရှိတေးဆိတ် ဒေယောရိယ(Tehsie Deoriya)ဘူတာရုံမှ၊၂၁မိုင်ဝေး၍မော်တော်ကား ဖြင့်သွားရောက်နိုင်ပေသည်။ကုသိနာရုံမြို့တွင်၊ လည်ပတ်သူများနှင့် ဘုရား ဖူးများအတွက်၊ နေရာထိုင်ခင်းအသင့်ဖြစ်စေရန်၊ မြန်မာတည်းခိုကျောင်း တခု ရှိလေသည်။

ကုသိနာရုံမြို့သည်လည်း၊ ဘုရားရှင် ဖြစ်တော်ပေါင်းနှင့် ဆက်သွယ် နေလျှက်၊ အခြားသော ဝတ္ထုကန်မြေများကဲ့သို့၊ လေးစား မြတ်နိုးအပ် သော ဘုရားဖူးရာဌာနတခုဖြစ်၍။ အချိန်အားသျှော်စွာ ဘုရားစေတီတော် များ, ဘုန်းကြီးကျောင်းများနှင့်၊ လှပသိုက်မြိုက်စွာ စီကားလာလေသည်၊


ဤကဲ့သို့ ဖြစ်စေကာမူ....ဤနေရာသည်, မသိနိုင်သော အကြောင်း

များကြောင့် အလွန်ကာလ ရှည်လျားစွာပင်၊ လူနေအိမ်ခြေ ကင်းကွာ ခြောက်ခြားခဲ့၍၊ ဖာ-ဟိယန်နှင့် ဟိယူယင် ဆန်, ပုဂ္ဂိုလ်နှစ်ဦးတို့ ဤနေရာသို့ ရောက်ရှိချိန်တွင်၊ ရှေ့ကထင်ရှားခဲ့သော နေရာ၏၊ လုံးလုံးပျက်စီးခြင်းနှင့် လူနေအိမ်ခြေကင်းမဲ့ခြင်းကို၊ ၎င်းတို့၏ မှတ်တန်းတွင် မှတ်သားထားခဲ့ကြလေသည်။ မြေကို အနီးငယ် တူးဖေါ်ခြင်းဖြင့် တွေ့ရှိရသော အကြွင်းအကျန်ပစ္စည်းကား၊ အလွန်အမင်း ဆွေးမြေ့ကြေမွ နေကြသည်။ သို့ရာတွင် ဤနေရာကို ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူရာ ဌာနအမှန်ပင်ဟု-တထစ်ချ အသိအမှတ် ပြုဘွယ်ရာ ပရိနိဗ္ဗာန်စေတီတော်အား ညွှန်ပြသော စာတမ်းများကို တွေ့ကြရသဖြင့်၊ သံသယကင်းစွာ ယုံကြည် ဆုံးဖြတ် ခွင့်ရကြလေသည်။ အသောက မင်းတရားကြီး တည်ထားခဲ့သည်ဟု ပြောဆိုကြသော ပရိနိဗ္ဗာန်စေတီတော်ကို ရှာဖွေတွေ့ရှိရန်လိုနေသေးသည်။ သမိုင်းစာတမ်းများ ညွှန်ပြသော ပရိနိဗ္ဗာန်စေတီတော်သည်ကား၊ ဂုပ္ပတခေတ်မှစ၍၊ ရက်စွဲထိုးထားသဖြင့်၊ အသောက စေတီတော်သည်၊ နောက်ထပ်တည်ထားသော စေတီတော်၏ အောက်၌မြုပ်၍ တည်နေသလော-မပြောနိုင်ကြပေ။ ယခုတည်လျက်ရှိနေသေးသော အခြားဘုရား အဆောက်အဦးများအတွင်း၌ နိဗ္ဗာန်တည်းဟူသော၊ လွတ်မြောက်ခြင်း အခြေအနေနှင့်၊ ကျောင်းတော်မှ ရုပ်ပွားတော်တဆူကို၊ ဌာပနာထားသော, မာသကုဏ္ဍာကကောခေါ် စေတီတော်ကို၊ တွေ့မြင် ဖူးမျှော်နိုင်သေးသည်။ ထိုရုပ်ပွားတော်ကြီးကို၊ အစိပ်စိပ် အမွှာမွှာ ကျိုးပဲ့ပျက်စီးလျက် တွေ့ရသဖြင့် မစ္စတာ ကားလီလ်သည်၊ ကျွမ်းကျင်စွာ ပင်ကိုယ်အတိုင်း ပြန်၍ပင်၊ ပြင်ဆင်ပြုလုပ်ထားလေသည်၊ ဘုရားရှင်၏ ရုပ်အလောင်းတော်ကို၊ သင်္ဂြိုဟ်၍ ဓာတ်တော်များကို၊ ညီမျှစွာ ရှစ်စုခွဲဝေသော၊ နေရာတွင် တည်ထားခဲ့သည့်စေတီတော်ကြီးကို၊ဒေသအားလျော်စွာ ခေါ်ဝေါ်သော ရမဘားရ်ဟုခေါ်သည့် မြေပုံကြီးတွင်၊ တွေ့မြင်နိုင်ပေသည်။ ဤမြေပုံ တစိတ်တဒေသအားဖြင့်သာ ကြည့်ရှုစစ်ဆေးပြီး၍၊ဘုရားအထိမ်းအမှတ်ဖြစ်သော ဤနေရာများ၏ ရာဇဝင်အတ္ထုပတ္တိအတွက်၊ အရေးကြီးသော အဘိုးတန်ပစ္စည်းဝတ္ထုများ ထင်ရှားပေါ်ထွက်လာစေရန် ပိုမို၍နည်းစနစ်ကျသော ရှာဖွေတူးဖေါ်စစ်ဆေး ကြည့်ရှုခြင်းကို၊ ထပ်မံပြုသင့်ကြပေသည်။


# သာဝတ္ထိပြည်။

ရှေးကောသလတိုင်းပြည်၏မြို့တော်ဖြစ်သော သာဝတ္ထိပြည် (Savatthi) သည် ဘုရားတို့၏ထုံးစံဓလေ့ အားလျော်စွာ၊ ဤနေရာဝယ်ဘုရားရှင်သည်၊ တိတ္ထိတက္ကတွန်းဆရာကြီးများကို အံ့ဩမဆုံးမြင်ရာအထူးဆုံးသော တန်ခိုးပြာဋိဟာ ပြတော်မူရာ ဌာနဖြစ်သောကြောင့်၊ ဗုဒ္ဓဘာသာဝင်တို့အတွက်၊ မြင့်မြတ်သော ဘုရားနေရာဖြစ်လေသည်။ ဘုရားဟော စာပေကျမ်းဂန်အရ ဤတန်ခိုး ပြာဋိဟာပြရာ၌၊ ဘုရားရှင်သည်၊ ကောင်းကင်တွင် နေနှင့်လတို့အတူတကွ ထွန်းလင်းတောက်ပ ပေါ်ထွက်လာခြင်း,, ဘုရားရှင်၏ ကိုယ်ခန္ဓာမှ အပေါ်ပိုင်း, အောက်ပိုင်းအရပ်များက၊ မီးတလှည့် ရေတလှည့်စီ စီးထွက်ခြင်း၊ များလှစွာသော ကိုယ်စားတော်တို့ကို ဖန်ဆင်းခြင်းစသော၊ ထူးထွေဆန်းကြယ်အံ့ဘွယ်သူရဲဖြစ်သော အခဏ်းတခု ပါဝင်လျက်ရှိပေသည်။ ဤသာဝတ္ထိပြည်၌ ဖြစ်ပေါ်သော အခဏ်းသည်ကား....ရှေးအလွန်ကြသော အချိန်ကာလမှစ၍၊ ဗုဒ္ဓဘာသာ ပန်းချီပညာရေးတွင်၊ အလွန်နှစ်သက်ဘွယ်သော အကြောင်း အရာတခု ဖြစ်လေသည်၊ ရှေးအခါက ဘော်ပြချက် များသည်ကား၊ မဟာပဋိဟာရိယ ခေါ် တန်ခိုးပြာဋိဟာကြီးကို၊ ဖန်ဆင်း ပြသတော်မူသော၊ ဘုရားရှင်၏ အမျိုးမျိုးသော ကိုယ်စားတော်တွေကို၊ နောက်ဆုံး ညွှန်ပြသော ဝတ္ထုကြောင်းအစဉ်များကို ဘော်ပြထားသည်။ ရှေးအစဉ်အလာအရ ကောင်းမွန်စွာ အနုစိတ်ပြုလုပ်ထားသော အရာများဖြစ်လေသည်။ နောက်ကိုယ်စားဘော်ပြချက်များတွင်၊ ယမကပါဋိဟာရိယခေါ် ရှေးကျသော ဝတ္ထုကြောင်းကိုး အမြဲချုံလုပ်ထားခဲ့၍၊ သာဝတ္ထိပြည် တန်ခိုးပြာဋိဟာပြတော်မူပုံကို ပတ်ဝန်းကျင်ရှိ ပုံတူဖြစ်သော၊ ဆင်းတုတော်များနှင့်တကွ၊ တရားဟောတော်မူသော အမူအရာဖြင့်၊ အလယ်ဗဟိုရ်ဘုရားရှင် ရုပ်ပွားတော်ကိုဖုံ့ သေပုံကျထုလုပ်သတ်မှတ်ပေးထားလေသည်။

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါမှာပင်၊ သာဝတ္ထိပြည်သည်၊ ဗုဒ္ဓဘာသာလုပ်ငန်းတွင်၊ ဗဟိုရ်ဌာန တဌာနဖြစ်၍ နာအထ





(အထက်ပုံ) မူလဂန္ဓကုတိဝိဟာရ။ (အောက်ပုံ) ကာဆီရာ။







(အထက်ပုံ) စဟက်မဟက်၌ရှိ ရှေးဟောင်းနေရာများ။
(အောက်ပုံ) ၎င်းစေတီပျက်၏အုပ်မြစ်။







(အထက်ပုံ) ရာဇဂြိုရ်ရှိအဆောက်အဦးများ။
(အောက်ပုံ) မဟာပရိနိဗ္ဗာနစေတီ။






(အထက်ပုံ) ဆန်ချီရှိမဟာစေတီ။ (အောက်ပုံ) ၎င်းမြောက်မုခ်။







မြောက်မုခ်ပန်းပုများ။




(အထက်ပုံ) အရှေ့မုခ်ပန်းပုများ။
(အောက်ပုံ) အာဂျန္တာလှိုင်ဂူများ။





လှိုင်ဂူ (၁၁၉) မှတ်။



စိဒ္ဒိုင်ကဝိရ (ဆာရ်နတ်)

ပိဋကသုဋ္ဌေးကြီးသည်၊ ရွှေ အ သ ပြာ မြောက် များ စွာပေး၍ဝယ်ယူထား သော ဇေတမင်းသား၏ဥယာဉ်မြေဝယ်၊ ဘုရားရှင်ကို ကိုးကွယ်ပူဇော်ဖူး မျှော်ရန်အတွက်၊ ကျောင်းတော်ကြီးတကျောင်းကို ဆောက်လုပ်လှူဒါန်း ခဲ့သောဌာနမြတ်ဖြစ်လေသည်။ ဤဥယာဉ်ကိုဝယ်ယူ၍၊ ဘုရားရှင်အား ပေးလှူခြင်း အခမ်းအနား၏ ဝတ္ထုကြောင်းသည်။ ရှေးဗုဒ္ဓဘာသာပန်းချီ ပညာတွင်၊ အထူးနှစ်သက်ဘွယ် အကြောင်းအရာ တခုပင် ဖြစ်လေသည်။ နောင်ကာလများတွင်လည်း၊ဘုရားစေတီတော်မျိုးနှင့်ရဟန်းတော်ကျောင်း များသည်၊ ဤနေရာဌာနတွင်၊ တိုးတက်ပေါ်ထွန်းလာကြ၍ နောက်အချိန် ကာလကြာသည့်တိုင်အောင်၊ ဤနေရာသည် ဘာသာရေးဆိုင်ရာတွင် စိ ကားသာယာဝပြောသော ဗဟိုဟ်ဌာနကြီးတခု ဖြစ်ခဲ့လေသည်။

သဝတ္ထိပြည်ကို ဥတ္တရပြ ဒေသတိုင်း ဂုန္ဒ (Gonda) နှင့် ဘာရိုက် (Bahraich) ဒိစတြိတ် နယ် ခြား များ ပေါ် ရှိ ဆဟေသ် - မ ဟေ သ် (Saheth-Maheth)၌တွေ့ရသော၊ ပစ္စည်းဟောင်းအကျွင်းအကျန်များပင် ဟု၊ တထစ်ချ အသိအမှတ်ပြုကြ၍၊ ဤနေရာတူသတ်မှတ်ခြင်းကို၊ သာ ဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးကိုညွှန်ကြားသော၊ သမိုင်းစာတန်း များစွာတို့နှင့်ပတ်သက်၍၊ ဆဟေသ်မြို့တွင်၊တွေ့ရှိရခြင်းအားဖြင့်၊အခိုင်အ မာအတည်ပြုကြလေသည်။ ထိုနေရာကို ၁၂ မိုင်ဝေးသော ဥဓ်-တားရ် ဟတ် မီးရထားလမ်းပေါ်ရှိ၊ ဗလရမ္ပူရ် (Balarampur) မီးရထားဘူ တာမှ သွားရောက်နိုင်ပါသည်။ နေရာထိုင်ခင်းကို၊ ဗလမ္ပူရ်မြို့ ဗိုလ်တဲ၌ရရှိ နိုင်ပါသည်။

ဆဟေသ် မဟေသ်မှာ၊ ခြားနား သော ဌာ န နှ စ်ခု ပါဝင် လေ သည်၊ မဟေသ်ခေါ် ပို၍ကြီးကျယ်သောဌာနသည်ကား၊ ဧရိယာ ဧကေ ပေါင်း ၄၀၀ လောက် ဖုံးလွှမ်းကျယ်ပြန့်လျက်၊ မူလရှိရင်းမြို့တော်၏ အ ကြွင်းအကျန်များပင်ဟု၊ တထပ်တည်းမှတ်ယူထား၍။ ဆဟေသ်သည်၊ဧရိ ယာဧကပေါင်း ၃၂ ကေရှိ၍၊ အနောက်တောင်ဘက်တွင် မိုင်လေးပုံတပုံ လောက်ဝေးစွာ တည်ရှိလေသည်။ ဇေတဝန်ကျောင်းတော်၏ နေရာဌာ နဖြစ်သည့်။ ရှေတည့်တည့်မြေနေရာပေါ်တွင်၊ တူးဖေါ်ရှာဖွေကြရာ၌၊ မြို့

တော်မှ ခိုင်ခန့်ထူထပ်သော ဝင်းတံခါးများ၏အကြွင်းအကျန်များကိုငှင်း၊ အခြားအဆောက်အဦးများ၏အပျက်အစီးများကိုငှင်း၊ ထင်ရှားစွာတွေ့ရှိရ၍၊ ရှေးလွန်လေပြီးသောအခါက၊ မြို့တော်၏သာယာဝပြောသော အခြေအနေကို၊ ညွှန်ပြနေသလိုရှိလေသည်။ မဟောယ် နောက်နေရာဌာနမှာ ဘုရားရှင်အားမမေ့နိုင်လောက်အောင် ဆက်သွယ်မှုကြောင့်၊ ဘုရားမြေမြတ်တခုဖြစ်၍၊ ဘုရားဖူးပုဂ္ဂိုလ်၏ လေးမြတ်ပူဇော်ရာ တခုဖြစ်လျက်၊ ဘုရားကျောင်း စေတီတော် ရဟန်းကျောင်းအမြောက်အများတို့ဖြင့်၊ ပြည့်စုံတင့်တယ်ခဲ့ပေသည်။ ယခုတွေ့ရှိရသော အကြွင်းအကျန်ပစ္စည်း တို့မှာ၊ မောရိယခေတ်မှစ၍၊ အောက်သို့ A. D. တဆဲ့နှစ်ရာစုအတွင်း၊ ဗုဒ္ဓဘာသာကွယ်ပျောက်သည်အထိ၊ ကြာရှည်ခဲ့ဟန်တူပေသည်။ ရှေးအကျဆုံးသော ထူပါတော်တဆူ၏ မူလအငြ္ဂမြစ်သည်၊ B. C. တတိယမြောက်ရာစုထက်ပင် ရှေးကျဟန်တူ၏၊ ငှင်းထူပါတော်အဘွင်း ဗုဒ္ဓဘုရားရှင်၏အရိုးဓါတ်တော်များပင် ပါဝင်လျက်ရှိပေသည်။ ကနစ်ရှဲကမင်း၏၊ နန်းစံနှစ်တတိယေမြောက်နှစ်တွင်၊ ခရစ်ယန်ဘုန်းကြီး ဗလ (A. D. ပဌမရာစု) ဆာရ်နတ်မြို့၌ ထိုပုံသဏ္ဍာန်တူ ဆင်းတုတော်တဆူကို၊ ခရစ်ယန်ဘုကြီး ဗလသည်၊ တည်ထားခဲ့ဘူးလေသည်။ စွဲမြဲသတ်မှတ်ထားခဲ့သော ဘုရားရှင်၏ရုပ်ပွားတော်ကြီးတဆူကို၊ ထိုနေရာမှာပင်တွေ့ရှိရ၍၊ ယခုအခါ ကလကတ္တားမြို့ အိန္ဒိယပြတိုက်ကြီးတွင်၊ ကြည့်ရှုတွေ့မြင်နိုင်ပေသည်။ မြေမှတူးဖေါ်ရရှိသော အကြွင်းအကျန်ပစ္စည်းတို့သည်၊ ဂုတ္တတို့၏လက်ထက်နှင့်၊ ရှေးဗဟိုရ်ခေတ်ကာလအတွင်းများတွင်၊ ဤနေရာ၏ စိုပင်သာယာသော အခြေအနေကို၊ သက်သေသဘွယ် ဘော်ပြ လျှက် ရှိလေသည်။ ထိုအဆောက်အဦး၏၊နောက်ဆုံး ဂေါပကလူကြီးများအနက် တဦးသည်ကား၊ ကန္နုဂျ်ပြည်ဂဟာဒဝလ်ရှင်ဘုရင်ဂေါ်ဝိန္ဒစန္ဒြမင်း၏မိဘုရားကုမာရဒေဝီဖြစ်၍ A. D. သက္ကရာဇ် ၁၁၂၈–၂၉ ခုနှစ်၌၊ ဇေတာဝန်ကျောင်းတော်ကြီးကို ထောတ်ပန့်လှူဒါန်းရန်အတွက်၊ အချို့သော လယ်ယာမြေများကို လှူဒါန်းခဲ့လေသည်။

ဗုဒ္ဓဝါဒသည်၊ ပျက်စီးယိုယွင်းခဲ့၍၊ ဤမေ့နိုင်ဘွယ်မရှိသောနေရာဌာန၏ ချမ်းသာတိုးတက်မှုတို့ကား၊ အစ္စလန်လူမျိုးတို့က၊ ဤနေရာကိုသိမ်း

ဝိုက်စိုးစံအုပ်ချုပ်မှုကြောင့်၊ နောက်ဆုံးတွင် ကွယ်ပျောက်ပျက်စီးခဲ့ရခြင်း ဖြစ်လေသည်။

## သက်ဿနဂိုရ်။

အခြားဝတ္ထုကန်မြေတခုသည်၊ ဘုရားရှင်၏ အဖြစ်တော်နှင့် ပတ်သက်သည့်အတိုင်း၊ သင်္ကဿနဂိုရ်ပြည် (Sankasya) ဖြစ်၍၊ ထိုနေရာ၌၊ ဘုရားရှင်သည် မယ်တော်မိနတ်သားနှင့်တကွ၊ အခြားသောနတ်တွေကို၊ အဘိဓမ္မာတရား ဟောကြား တော်မူရန် ကြွတော်မူရာ (သုံးဆယ့်သုံးပါး သောနတ်များတို့၏ဘုံဗိမာန်) တာဝတိံသာနတ်ပြည်မှ၊ လူ့ပြည်မြေ ပေါ်သို့ ကြွဆင်းတော်မူရာဌာနဟု သိကြရလေသည်။ ဤအရေးကိစ္စကို အားလုံးသောဘုရားရှင်တို့သည်၊ တန်ခိုးအကြီးဆုံးကို ဖန်ဆင်းပြသပြီး နောက်၊ သုံးဆယ့်သုံးပါးသောနတ်တို့၏စံရာ နတ်ပြည်သို့ ကြွရောက်ကြရ မည်ဟု၊ သတ်မှတ်ထားသော တရားတော်လာရှိသည်နှင့်အညီ၊ သာဝတ္ထိ ပြည်တွင် ဖန်ဆင်းပြသတော်မူခဲ့သော တန် ခိုး ပြာ ဋိ ဟာ ပွဲကြီးဖြစ်သည့် နောက်၊ ကြုံတွေ့ရသည်ဟု ပြောဆိုကြလေသည်။ ဗုဒ္ဓဘာသာဥဒါန်းစကား များအရ ဘုရားရှင်သည်၊ ဗြဟ္မာနတ်တို့ခြံရံလိုက်ပါလျက်၊ လှေခါးသုံးစင်း ဖြင့် ကြွဆင်းတော်မူခဲ့၍၊ ဤအကြောင်းအရာသည်၊ ဗုဒ္ဓ ဘာ သာ ပန်းချီ ပညာတွင်၊ အလွန်နှစ်သိမ့်ဘွယ်ကောင်းသော ကားပုံတချပ် ဖြစ် လာလေ သည်။ ဘုရားရှင်နှင့်ပတ်သက်သော ဤအဖြစ်စဉ်တွေကြောင့်၊ သက်ဿ နဂိုရ်ပြည်သည်၊ အရေးကြီးသောဘုရားဖူးရာ ဌာနတခု ဖြစ် လာ၍၊ ဘုရား ကျောင်းများ၊ စေတီတော်များ၊ ရဟန်းကျောင်းများလည်း၊ ဗုဒ္ဓဘာသာ တိုးတက်ထွန်းကားချိန်အခါတွင်၊ ထိုနေရာ၌ သာယာကြည်နူးဘွယ်ရာဌာ နကြီးဖြစ်ခဲ့လေသည်။

သက်ဿနဂိုရ်ပြည်ကို၊ ဥတ္တရာဒေသ၏ ပရ်ဒေ့ရှ်ဒေသရှိ တောဟ် ဒိစတြိတ် နယ်အတွင်း။ သနိသ ဘာသန္တတပူရ် အရပ်ဟူ၍လည်း၊ ခေါ်ကြသော သံ ကိသအရပ်ဟု မှတ်သားခေါ်ဝေါ်ကြလေသည်။ ထိုအမည်နှစ်မျိုးတို့သည် ကူရှံမျှသာမကသေး၊ နောက်ထပ်ဆုံးဖြတ် အတည်ပြုချက်တခုကို ပညာရှိ

တို့သည်၊ အသောကကျောက်တိုင်တတိုင်၏ထိပ်၌၊ မူလကတပ်ဆင်ထားခဲ့သည့်၊ ဆင်ရုပ်တိုင်ထိပ်ကြာလန်နေရာ၌၊ တွေ့ရှိကြရသောကြောင့်ဖြစ်လေသည်။ ထိုနေရာကို အီ အိုင် မီးရထားလမ်းပေါ်ရှိ၊ဖါးရက်ခ် ဟာဗဒ်ဘူတာမှ သွားရောက်နိုင်ပါသည်။ တည်းခိုရန်နေရာကို ဖါးရက်ခ် ဟာဗဒ်မြို့ ဒက်ဗိုလ်တဲအိမ်၌၊ သို့မဟုတ် ထိုမြို့ရှိထမင်းဆိုင်များ၌၊ နေရာရရှိနိုင်ပါသည်။

ဖါဟီယင်နှင့် ဟီယူယင်ဆန်ဂ် နှစ်ဦးလုံးတို့သည်၊ ထိုနေရာသို့ အလည်အပတ်ရောက်ခဲ့ကြ၍၊ အရေးကြီးသောမှတ်တိုင်များနှင့် ပတ်သက်၍၊ စိတ်ဝင်စားဘွယ်ရာအကြောင်းများကို ရေးသားထားခဲ့ကြလေသည်။ သို့ဖြစ်သော်ငြားလည်း၊ ကာလရှည်လျားစွာ မေ့လျော့ပျက်ကွက်နေခြင်းတို့ကြောင့်။ ထိုအရာအားလုံးတို့သည်၊ ယခုအခါ ပြိုကွဲ ကျိုးပဲ့ပျက်စီးလျက်၊ ရှိနေကြလေသည်။ တရုပ်လူမျိုးဘုရားဖူးများ၏ အကြောင်းအရာများသည်လည်း၊ ထိုကြွင်းကျံလျက်ရှိသော ပစ္စည်း များအတွက်၊ အတော် အတန် ထပ်တူထပ်မျှ မှတ်မိနိုင်ပါသည်ဟု ဝန်ခံရန်မထင်ရှားလှတော့ပေ။ ယခုတည်ရှိနေသောရွာသည်၊ ပေ ၄၁ ပေမြင့်၍၊ အလျားအနံပေ ၁,၅၀၀ နှင့် ၁၀၀၀ ခန့်ကျယ်ပြန့်လျက်ရှိသော " Fort "ခံတပ်အရပ်ဟုခေါ်သော ကုန်းမြင့် တောင်ကမူမြေပြင်ပေါ်မှာ တည်ရှိနေပေသည်။ တောင်ဘက်မျက်နှာတွင်၊ မိုင်ပေါင်း လေးပုံတပုံကွာသောနေရာ၌၊ အခြားတောင်ကမူတခုရှိရာ၊ ဒုဒယ်တခုလုံးကို၊ အုပ်များဖြင့်စီထား၍၊ အပေါ်တွင် မိဆ့ရာဒေဝီနတ်ကို လှူထားသော နတ်ကွန်းတခုဆောက်လုပ်ထားပါသည်။ အုဋ္ဌပုံများ အစုလိုက်အစုလိုက်ပါဝင်သော၊ အခြားကုန်းမြေမြင့်များကိုလည်း၊ ပတ်ပတ်လည် ပြန့်ကျဲလျက်နေကြသည်ကို တွေ့မြင်နိုင်၍၊ အောက်ခြေပတ်ဝင်းကျင် ၃ မိုင်ခွဲရှိသော၊ မြေမြို့ရိုးခုန်တခု၏ အကြွင်းအကျံများလည်းရှိလေသေးသည်။ အချိန်အတော်ကြာကာလက၊ မစ္စတာ ကာနင်ဟန် ကြီးမှူးလုပ်ကိုင်ခဲ့သော၊ မြေကိုစမ်းသပ်တူးဖေါ်ခြင်းများသည်၊ အကြွင်းအကျံတို့၏ အလွန်ဆွေးမြေ့ကြေမွနေသော သဘာဝကိုရင်း။ သင့်လျော်လျောက်ပတ်စွာ စမ်းသပ်ရှာဖွေတူးဖေါ်ခြင်းအတွက်၊ အလျှင်တစောလိုအပ်သည်ကိုရင်း။ သိရှိခွင့်ရသဖြင့် အဖြစ်မှန်ကို ညွှန်ပြသလိုပင် ရှိတော့

သည်။ အထက်ကညွှန်ကြားခဲ့သော ဆင်ရုပ်တိုင်ကြီးလန်သည်ကား၊ အ သောကမင်းတြားကြီးလက်ထက်မှ၊ အရေးကြီးသော အကြွင်းအကျန်တခု ဖြစ်၍၊ နောက်ထပ်တိုး၍တူးဖေါ်ရှာဖွေခြင်းအလုပ်များမှာ၊ ဤဘုရားမြေ ၏ရာဇဝင် အတ္ထုပ္ပတ္တိအတွက်၊ အရေးပါအရာရောက်သော ပစ္စည်းဝတ္ထု များ ပေါ်ထွက်လာပေလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြရပေသည်။

## ရာဇဂြိုဟ်ပြည်။

မာဂဓတိုင်း၏ ဘုန်းတန်ခိုးကြီးမားသော နယ်အတွင်းမှာ၊ မြို့တော် ဖြစ်ခဲ့သော ရာဇဂြိုဟ်မြို့ (Rajagriha) သည်ကား၊ တပါးမကများစွာသော အကြောင်းများကြောင့်၊ ဗုဒ္ဓဘာသာဝင်တို့အတွက် ဘုရား မြေ ဖြစ်ခဲ့လေ သည်။ ဘုရားရှင်သည် ဤကျော်စောထင်ရှားသော မြို့တော်ကြီးကိုအမှီပြု၍ နှစ်ပေါင်းများစွာ၊ ကိန်းဝပ်စံမွေ့ယ်တော်မူခဲ့ရုံသာမက၊ ယောက်ဖဆိုး ရ ဟန်းကြီးဒေဝဒတ်သည်၊ မြတ်စွာဘုရားကို အသေသတ်ဖြတ်ရန်၊ ကြံဖန် များစွာအားထုတ်ခဲ့သော နေရာလည်းဖြစ်ပေသည်။ ၎င်းပြင် ဤမြို့တော် ကြီးတွင်ရှိသော ဝေဘာရတောင် ( သတ္တပဏ္ဏိ ) သတ္တပဏ္ဏိ ဂူလိုဏ်ဝယ်၊ ပဌမဗုဒ္ဓဘာသာ သင်္ဂါယနာ (သင်္ဂီတိ) ပွဲတော်ကြီးကို ကျင်း ပ ပြု လုပ်ခဲ့ လေသည်။ ဝိနည်းကျမ်းနှင့် တရားဓမ္မများကို၊ ဤသံဂါယနာပွဲတော်တွင် ပြန်ဆို၍၊ အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့၏ အကူအညီဖြင့်၊ သတ်မှတ် အတည်ပြုခဲ့လေသည်။ ဓမ္မနှင့်ဝိနယ၏ပဓါနအချက်များကို၊ ဤသို့သဘော တူဆုံးဖြတ်ကြပြီး၍၊ ဘာသာတရား၏ အရှည်ခိုင်မြဲမှုကို ရွက်ဆောင်ခဲ့ကြ လေသည်။ ရာဇဂြိုဟ်ပြည်သည်၊ဗုဒ္ဓဘာသာကိုခံယူလိုက်နာသူတို့အတွက်၊ ဤကဲ့သို့မြင့်မြတ်သောနေရာဌာန ဖြစ်ခဲ့ရသည်ကား၊ ဘာသာရေးတည် ထောင်ခဲ့သူနှင့် ထိုနေရာ၏ ရင်းနှီးဆက်သွယ် မှု ကြောင့် သာမဟုတ်သေး၊ ဤမြို့တော်သည်၊ သမ္မဒ္ဓ ခေါ် ကောင်း သော ယုံကြည်မှုအယူဝါဒ၏ တိုး တက်ပေါ်ထွက်လာရာ၌၊ ပြုလုပ်ဆောင်ရွက်ခဲ့သော အရေးကြီးသည့် အ လုပ်များကြောင့်လည်း ဖြစ်ပေသည်။ ရာဇဂြိုဟ်မြို့တော်ကြီးကို၊ ယခုအခါ ဗိဟာနယ် ပတ္တနာ ဒိစတြိတ်တွင်၊ တောင် များ ပတ်ဝိုင်းလျက်၊ တရွာ တည်းတည်နေသော၊ ရွာကလေးတရွာအဖြစ် တွေ့မြင်နိုင်ပေသည်။ ရဂျ်

ဂါရိမြို့တော်ဟောင်း၏ အပျက်အစီးများဖြင့်၊ ပြည့်ကြပ် လျက်ရှိပေသည်။ ရဂျဂါရိရွာသည်၊ ဗက်တိယန်မစ်-ရဂျဂါး၏ မီးရထားလမ်းငယ်၏လမ်းဆုံးဖြစ်၍၊ E. I. မီးရထားလမ်းပေါ်ရှိ၊ ဟောက်ရာဘူတာမှမိုင်ပေါင်း ၃၁၀ ဝေးကွာပြီးလျှင်၊ ပတ္တနာလမ်းဆုံမှ ၂၈ မိုင်ဝေးသော ဗက်တိယန်ပစ်မှအဆက်ဖြစ်လေသည်။ ရဂျဂါး၌တွင်၊ စောင့်ရှောက်ကြည့်ရှုရေး မိုလ်ဘဲရှိသည်၊ ထို့ပြင်၊ ရဂျဂါးရှိမှာ၊ ဂျိုင်းဘာသာဝင်တို့အတွက်၊ နေရာမြတ်တခုဖြစ်သောကြောင့်၊ ၎င်းဘာသာဝင်တို့ ထိမ်းသိမ်း စောင့် ရှောက်ထားသော၊ ဓမ္မသလာဇရပ်များ၌၊ အလည်အပတ်ခရီးသည်တို့အဘို့၊ တည်းခိုနေထိုင်ရန်နေရာကို၊ စီမံခန့်ခွဲနိုင်ပါသည်။

ရှေးအခါက ထင်ပေါ်ကျော်စောခဲ့သော ဤရဂျဂါးရှိ မြို့တော်ကြီးကို တပါးမက များစွာသောအမည်နာမတို့ဖြင့် ခေါ်ခဲ့ကြသည်ကား၊ ဤသို့တည်း၊.... မြို့၏တည်ရာ ဒေသဌာနနှင့်ပတ်သက်၍၊ တောင်များပတ်ဝိုင်းလျက်ရှိသော မြို့တော်တမြို့ဖြစ်သောကြောင့်။ ဂိရိပ်ရာဇမြို့ဟူ၍၎င်း။ ရှင်ဘုရင်တို့၏နန်းစံရာ နန်းတော်ရပ်ဖြစ်သောကြောင့်၊ ရာဇဂရိဟမြို့ ဟူ၍၎င်း။ ရာမယန ကျမ်းစာအရ၊ ထိုမြို့တော်၏တည်ဆောက်သူဟူ၍ ပုံနိုင်းခဲ့သော ဝသုဥပရိချရ ရှင်ဘုရင်ကိုအစွဲပြု၍၊ ဝသုဝတီမြို့ဟူ၍၎င်း။ မာဂဓ ရှင်ဘုရင်တို့၏ ဗာရိဟဒြသနန်းဆက်၏ မဟာဘာရတ ကြက်သရေမင်္ဂလာနှင့် စတင်တည်ထောင်သူ ဂျရာသန္ဓရှင်ဘုရင်၏ ခမည်းတော်၊ ဗရိဟဒြသ ကိုအစွဲပြု၍၊ ဗာရဟဒြသပူရ မြို့တော်ဟူ၍၎င်း။ ဟ ိယူယင်ဆန်းဂ် ၏ အလိုအတိုင်း သန်မာထွားကြိုင်းသော မြက်များရှိသောမြို့ဟု အဓိပ္ပါယ်ရသည့် ကုသဂရပူရမြို့ဟူ၍၎င်း။ မဂဓတိုင်း၏မြို့တော်ကို ညွှန်ပြခြင်းနှင့်ပတ်သက်၍၊ မဂဓပူရမြို့တော်ဟူ၍၎င်း။ မဂဓတိုင်းအတွက် နယ် ချဲ့ ခေတ် တမျိုးကို၊ အစထွင်ခဲ့သော၊ မြတ်စွာဘုရားနှင့် တချိန်တည်းနေထိုင်ခဲ့သူ ဗိမ္ဗိသာရမင်းကြီးကိုအစွဲပြု၍၊ ဗိမ္ဗိသာရပူရိမြို့ဟူ၍၎င်း။ အမျိုးမျိုး ခေါ်ဆိုကြလေသည်။ ထို့ပြင် ဂိရိဝ္ရဂျမြို့၊ သို့မဟုတ်၊ ရှေး ရာဇဂရိဟမြို့တော်သည်၊ ရှေးဟောင်းစာပေထဲ၌၊ အမျိုးမျိုးခေါ်ကြသော်လည်း၊ ယခုအခါမှာ ဝေဘာရ, ဝိပုလ, ရတန, ချထ, ဥဒယဂိရိနှင့်သောဏဂိရိခေါ်သော တောင်များကာခိုလျက်ရှိသည့်၊ နေရာဌာနအတွင်း၌တည်ရှိလေသည်။ ထိုမြို့တော်

ကြီးသည်၊ နံရံနှစ်ထပ်တို့ဖြင့်၊ အားလုံးပတ်ပတ်လည် ခံတပ်စွဲထား၍၊ အကွယ်အကာဖြစ်သော တောင်များမှရရှိသော၊ သဘာဝစောင့်ရှောက်ကာကွယ်ချက်နှင့်တကွ ထိုခေတ်အခါက၊ တပါးရန်သူတို့ မတိုက်ခိုက် မဖျက်ဆီးနိုင်သလောက်ဖြစ်ခဲ့လေ၍၊ မဟာဘာရတကျမ်းစာ၌၊ ၎င်းကို ဒုရ်ဓါရ်ရှ ဟု သင့်လျော်စွာ ဘော်ပြခဲ့ လေသည်။ တောင်များကို ဖြတ်ကျော် လျက်၊ မြောက်ဘက်တွင်၊ မြစ်သစ်ကြီးတခုတည်ရှိနေပေသည်၊ ဤမြို့ကိုတည်ခဲ့ခြင်းကား၊ ဗိမ္ဗိသာရမင်းကြီး၏ နန်းမွေခံသားတော်ဖြစ်၍၊ ဗုဒ္ဓဘုရားရှင်နှင့် တချိန်တည်းနေခဲ့သူ လူငယ်တဦးဖြစ်သည့်၊ အဇာတသတ်မင်းကို၊ တော်ညွှန်းခဲ့ကြပေသည်၊ အဇာတသတ်မင်း၏ ထီးမွေနန်းမွေကို ဆက်ခံသိမ်းပိုက်သူ ဥဒယိန်မင်းသားသည်၊ ( ပါတလိပုတြ ) ကုသုမပူရ မြို့တော်ကို တည်ထောင်ခဲ့ရုံမကသေး၊ ထိုနေရာသို့ မြို့တော်ကိုရွှေ့ပြောင်းခဲ့လေသည်။ ထို့နောက် ရှင်ဘုရင်တပါးဖြစ်သော သိသုနာဂမင်းသည်။ မြို့တော်ဟောင်းကို ခင်တွယ်နေခဲ့သော်လည်း၊ နောက်ဆုံး၌ မြို့တော်ကို၊ ပါတလိပုတ်ပြည်သို့ ပြောင်းရွှေ့သူတဦးဖြစ်သည့် ကာလာသောကမင်းလက်ထက်၌၊ ရာဇဂြိုဟ်မြို့သည်၊ မင်းနေပြည်တော်အဖြစ်မှ။ အဆင့်အတန်း နိမ့်ကြခဲ့ရလေသည်။

ထိုမြို့တော်သည်၊ နိုင်ငံရေးခေတ် နိမ့်ကျခဲ့ရသော်လည်း၊ ဗုဒ္ဓဘာသာရာဇဝင်နှင့်၎င်း၊ ဘုရားရှင်နှင့်ဆိုင်သော နီးကပ်ဆက်သွယ်မှုများ ကြောင့်၎င်း၊ အခြားဘာသာရေး ယုံကြည်မှုများကြောင့်၎င်း၊ အရေးကြီးသောဌာနတူး ဌာနမြတ်တခုအဖြစ် ထင်ရှားကျော်စောစွာ ဆက်လက် ရပ် တည်လျက်ရှိခဲ့ရပေသည်။ ယခုမြေမျက်နှာပြင်ပေါ်မှာရှိသော မြို့တော်ဟောင်း၏အကြွင်းအကျန်တို့မှာ၊ အနည်းငယ်မျှသာဖြစ်၍၊ အကြားမလပ်အောင် မြေအောက်၌ နစ်မြုပ်နေသော အရေအတွက်ကား၊ များစွာရှိပေသည်။ ထိုအရပ်သည်၊ အချိန်ကာလကြာရှည်စွာ ပျက်စီးချို့ယွင်းခဲ့ရသဖြင့်၊ များစွာပျက်စီးခဲ့ရလေသည်။

အမျိုးမျိုးသော ဘာသာအယူဝါဒကို လိုက်စားခဲ့သူများသည်၊ ထိုနေရာတွင်နေခဲ့ကြသည်ဟု၊ အပျက်အစီးများက ညွှန် ကြား နေသလိုရှိပေ

သည်။ ဗုဒ္ဓဘာသာဆိုင်ရာ အကြွင်းအကျန်များသည်၊ ထိုထိုဤဤနေရာများတွင်၊ ကစင့်ကရဲ ကွဲကွာလျက်ရှိနေသော ရုပ်ထုတော်များမှတပါး၊ အထူးအားဖြင့် နည်းပါးနေ၍၊ ကြည့်မြင်ထိုက်သော အထိမ်းအမှတ်များမှာ၊ မြေမျက်နှာပြင်မှ ပျောက်ကွယ်ရခြင်းသည်။ ဘာသာရေးရန်သူဆိုးများကြောင့်တဝက်ဖြစ်သည်ဟုပြောဆိုရပေမည်၊

ပဌမသံဂါယနာပွဲ ကျင်းပပြုလုပ်ရာဌာနဖြစ်သော၊ သတ္တပဏ္ဏိလိုဏ်ဂူကို၊ တွေ့မြင်သိရှိရခြင်းသည်ပင်၊ သံသယမလွတ်ကင်းဘဲ ဖြစ်ရလေသည်။ တရားကျမ်းစာများ အလိုအားဖြင့်၊ ထိုလိုဏ်ဂူသည်၊ ဝေဘာရတောင်၏ မြောက်စွန်းပေါ်မှာတည်ရှိ၍၊ ထိုနေရာကို မြောက်ဘက်ဆင်ခြေလျောပေါ်ရှိ။ ကျောက်ဆောင်လခြမ်းစိုင်း ဒေါင့်ကွေးတခုတွင်။ ကြေဘက်မှ လိုဏ်ပေါက်တခုနှင့်၊ အဆင့်ခုနှစ်ကြီးတခုရှိသည့် နေရာပင်ဟု၊ စတိန်း ၏ သတ်မှတ်ချက်သည် မှန်ပုံရပေသည်။

ဘေးအနားများ၌ မညီညာသော ဂလိုဏ်ပေါက်များနှင်တကွ၊ ဝေဘာရတောင်အရှေ့ဘက်၊ ဆင်ချေလျောပေါ်တွင်၊ ဂျရဆန္ဓ ကိဘေတက်ခေါ် ခမ်းနားကြီးကျယ်သော အဆောက်အဦးကြီးကို၊ ဗုဒ္ဓဘာသာ ကျမ်းစာအချို့နှင့်၊ တရုပ်ပြည်သားဘုရားဖူးများ၏ ခရီးစဉ်များ၌ဖော်ပြခဲ့သော ပိပ္ပလဂူကျောင်းဖြစ်သည်ဟု၊ ပြောဆိုသတ်မှတ်ရန် ကြိုးပမ်းရှာဖွေခဲ့ကြလေသည်။

ပါဠိကျမ်းစာအချို့တို့သည်၊ ပိပ္ပလလိုဏ်ဂူအား၊ ပဌမသံဂါယနာအစီးအဝေးကို ဆော်သြကျင်းပပြုလုပ်သူ၊ အရှင်မဟာ ကဿပမထေရ်မြတ်၏ သီတင်းသုံးတော်မူရာကျောင်းတော်ဟု ဖေါ်ပြကြလေသည်။ မြို့ရိုးများနှင့် မြို့ခံတပ်စွဲထားသော ဝင်းတံခါးများ၏ ပန်းရံပညာအဆောက်အဦးများဖြစ်သော ကျောက်တုံးကြမ်းကြီးများ၊ ဖရိုဖရဲဖြစ်နေသော ပန်းရံအလုပ်လက်ရာများအရ၊ ဤအဆောက်အဦးသည်၊ မည်သို့ပင်ဖြစ်စေကာမူ၊ လူမှုလူရေး သို့မဟုတ် ဘာသာရေးဆိုင်ရာလက္ခဏာများ ထက် ပိုမို၍၊ စစ်ဘက်ဆိုင်ရာ ပန်ရံလက်ရာ အဆောက်အဦးတခုနှင့်တူလေသည်။

မြို့တော်ခံတပ်၏အနောက်ဘက်ရှိ၊ မြေပုံကြီးတခုကို၊ စေတီတော်တ ဆူဟုပြောရိုး ပြောလေ့ရှိကြ၍၊ ၎င်းစေတီတော်ကို ဖါဟီယန်အလိုအား ဖြင့်၊ အဇာတသတ်မင်း၊ ဟီယူယင်ဆန်းဂ် အလိုအားဖြင့်၊ အသောက မင်းတရားကြီးတို့ တည်ထားခဲ့သည်ဟုဆိုကြ၏။ ဤမြေပုံကြီးပေါ်မှာ၊ စမ်း သပ်တူးဖေါ်ခြင်းသည်၊ မြေအထပ်ပေါင်းများစွာပေါ်လာပြီး၊ ၎င်းတို့၏ အနက် မည်သည့်အထပ်ကိုမျှ၊ ကေန်ဇကေ တထစ်ကျအားဖြင့်၊ ခရစ်ယန်မ ပေါ်မီခေတ်ကာလကို။ အချိန်မသတ်မှတ်နိုင်ကြပေ။

ဝေဘာရတောင် မြောက်စင်းချောပေါ်မှာ၊ ဆောဘန္ဒာရ်ဟု ခေါ် သောလိုဏ်ဂူသည်၊ ဂျိုင်းအဆောက်အဦးတခုဖြစ်ခဲ့ရခြင်းကို၊ လုံး လုံး လျားလျား မပယ်နိုင်သော်လည်း၊ ဗုဒ္ဓဘာသာများ ထွင်းဖေါက်တူးဖေါ်ခဲ့ သော လိုဏ်ဂူဖြစ်နိုင်လေသည်။ ထိုလိုဏ်ဂူ၏ ဌာပနာတိုက်ခမ်းတခုတွင် ရွှေအမြောက်အများ မြှုတ်နှံ ဌာပနာထားသည်ဟု အရပ်ဆိုင်ရာလူများ သည်၊ ယုံကြည်ထင်မှတ်လျှက် ရှိကြလေသည်။

ဘုရားရှင်၏ နှစ်သက်ပျော်ရွှင် ကြည်လင်စမ္ပါယ်အမြဲခင်တွယ်၍၊ သီ တင်းသုံးတော်မူခဲ့သော၊ ဂိဇ္ဈကုတ်တောင်သည်၊ ထိုမြို့၏အနီး၌ ကပ်လျှက် တည်ရှိနေပေသည်။ ရာဇဂြိုဟ်ပြည်သည်၊ ယခုအခါကဲ့သို့ ရှေးအခါ၌ လည်း၊ ဂျိုင်းဘာသာ သာသနာပြုရာ ဗဟိုရ်ဌာနဖြစ်၍၊ ဂျိုင်းစေတီတော် များနှင့်၊ ပန်းပုပညာများ၏၊ စိတ်ဝင်စားဘွယ်ရာ အကြွင်းအကျန်တို့တည် ရှိလျှက်ပင်ရှိနေသေးသည်။

ထို့ပြင်၊ တခုတည်းသောမှတ်တိုင်ကို၊ ရာဇဂြိုဟ်မြို့၏ ဗဟိုရ် တည့် တည့်လောက်မှာပင်၊ မြို့စောင့်နတ် မဏိနာဂ ကို ရှိခိုးပူဇော်ခြင်းအတွက်၊ လှူဒါန်းထားသော၊ အရပ်ဆိုင်ရာ ရှေးထုံးစဥ်လာအရ၊ မဏိယာရ်မဌ တာခေါ် ပြွန်လုံးပုံ အုပ်နတ်ကွန်းစင်နှင့်အတူ၊ တွေ့မြင်သိမှတ်နိုင်ပါသည်။ အရပ်ဆိုင်ရာ ရှေးထုံးစံဓလေ့သည်လည်း၊ မဟာဘာရတ ကြက်သရေ ဇရာသန္ဓမြို့ ရဂ်ျဂါးရ ရှေးဟောင်းဌာနများ၏အချို့ကို၊ ဇရာသန္ဓလက်ာ အ ကြောင်းအရာများနှင့် ဆက်စပ်ပါဝင်လျှက်ရှိပေသည်။

ဗုဒ္ဓဘာသာ ဇာတ်ဝတ္ထုရာဇဝင်များနှင့်၊ ထိုမြို့တော်၏အလွန်အမင်း ရင်းနှီးဆက်သွယ်မှုသည်၊ ဗုဒ္ဓဘာသာဆိုင်ရာအကြွင်းအကျန်များ နည်းပါး လျက်ရှိသော်လည်း၊ ဤလှပသောရှုမျှော်ခင်းဌာနသို့၊ ဘုရားဖူးလည်ပတ် ခြင်းကို၊ စိတ်ဝင်စားဘွယ်ရာကောင်းပေသည်။ တောင်စဉ် တောင်တန်း များဖြင့်ဝိတ်ဖုံးကာကွယ်၍၊ သာယာသောရာသီဥတုက အားပေးသဖြင့်၊ ဤရာဂျဂါးရ်နေရာသည်၊ ချိုးသုံးရန် သဘာဝရေပူစမ်းများနှင့်တကွ၊ကျမ်း မာရေးအဘွက် အလွန်နှစ်သက်ဘွယ်ရာ ဌာနတခုလည်းဖြစ်ပေသည်။

# ဝေသာလီပြည်

တန်ခိုးကြီးသော လိစ္ဆဝီမင်းမျိုးတို့၏မြို့တော်ဖြစ်ခဲ့သော ဝေသာလီ မြို့တော်သည်။ (Vesali) ရှေးခေတ်အခါက၊ ဗုဒ္ဓဘာသာ ခွန်အားတန်ခိုး ကြီးမားခဲ့ရာ ခံတပ်ကြီးတတပ်ဖြစ်ခဲ့လေသည်။ ဂေါတမဘုရားရှင် သက် တော်ထင်ရှားရှိစဉ်အခါ၊ ၎င်းနေရာသို့ သုံးကြိမ်တိုင်တိုင် ဒေသစာရီကြွ ရောက်လှည့်လည်တော်မူခဲ့သည်ဟု၊ စာပေတို့၌ပြဆိုထားလေသည်။

ဤဒေသစာရီကြွချီတော်ရာ၊ တရံရောအခါဝယ်၊ မျောက် တိရိစ္ဆာန် များစွာတို့သည်၊ ဘုရားရှင်အား ပျားရေဆွမ်းတအိုး လှူဒါန်းကြသည်ဟု ပြောဆို၍၊ ဤအတ္ထုပ္ပတ္တိကား၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ဝယ်၊ ဝိပါက်တော်ရှစ်ပါးဆိုက်ကပ်ရာအချိန်၌၊ ဘော်ပြခြင်းကိုတွေ့ရလေသည်။ တဖန် ဘုရားရှင်သည်၊ ပရိနိဗ္ဗာန်စံဝင်ချိန်နီးပြီဟု မိန့်ကြားတော်မူသည် မှာ၊ ဤနေရာမှာပင်ဖြစ်ခဲ့၍၊ နိဗ္ဗာန်စံဝင်တော်မူပြီးနောက်၊ လိစ္ဆဝီမင်းတို့ သည်၊ သူတို့အတွက်ဝေစုဖြစ်သော၊ ဘုရားရှင်၏ဓါတ်တော်မြတ်များအ ပေါ်တွင်၊ စေတီတော်တဆူတည်ထားခဲ့သည်ဟု သိရလေသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်၊ နှစ်ပေါင်း ၁၀၀ ကျော် ခန့်တွင်၊ နောင်အခါဗုဒ္ဓဘာသာရာဇဝင်၌၊ မြင့်မြတ်စွာ အရေးပါ အရာ ရောက်ခဲ့သော၊ ဒုတိယအကြိမ်ဗုဒ္ဓသံဂါယနာတင်ပွဲကို၊ ဤနေရာတွင်ကျင်း ပပြုလုပ်ခဲ့လေသည်။ ဂျိုင်းဘာသာဝင်တို့အဘို့လည်း၊ ဝေသာလီပြည်

သည်၊ နှစ်ဆဲ့လေးဦးမြောက်ဂျိုင်းနတိရိတက်ရဖြစ်သော မဟာဝီရ၏ မွေးဖွားရာဌာနဖြစ်သဖြင့်၊ မြတ်နိုးဘွယ်ရာ နေရာထူးနေရာမြတ်တခုဖြစ်ခဲ့ လေသည်။

ဝေသာလီပြည်ကို ဗဆရ်ဟ်နယ် ရဂျုဗိဆောလ်ကဂါရိဟ်၏ အပျက် အစီးများဖြင့်၎င်း။ ဗိဟာနယ် မူဇာဖါပူ ဒိစတြိတ်တွင် ဆက်စပ် နေသော နေရာဌာနများဖြင့်၎င်း။အမှတ်ပြုသိနိုင်ပေသည်။ ထိုနေရာသည်၊ ဥမ်တား ဟတ်မီးရထားလမ်းပေါ်ရှိ မူဇာဗာ၏အနောက်တောင်တွင်။ ရာသီမရွေး သွားလာနိုင်သော လမ်းတလမ်းမှ ၂၂ မိုင်ဝေးသည်။ တည်းခိုနေထိုင်ရန် အတွက်၊ မူဇာဖါတွင် စီစဉ်နိုင်လေသည်။

ရာဇာဗိစောက ဂါဟနေရာကို၊ ဝေသာလီမြို့တော်ဟောင်း၏ ခံတပ် ကြီးနေရာဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ၎င်းဌာနသည် ပတ်ဝန်းကျင် မြေညီမှ ၈ ပေမြင့်၍၊ လုံးဝန်းအားဖြင့်၊ တမိုင်ခန့်မျှရှိပြီး၊ အုပ်တွေဖုံးနေ သော မြေပုံကြီးတပုံဖြစ်နေလေသည်။ ၎င်းကို ကျုံးမြောင်းတခုဖြင့်၊ မူလ ကပတ်ဝိုင်းထားခဲ့သဖြင့်၊ တောင်မျက်နှာမှနေ၍၊ တာရိုးလမ်းကျယ်ကြီးတ လမ်းမှ ဝင်ရောက်ရလေသည်။

စမ်းသပ် တူးဖေါ်ခြင်းကြောင့်၊ မသေသပ်သော လုပ်ကိုင်ပုံ တို့ဖြင့်၊ ဂုတ္တတို့လက်ထက်အထိ အချိန်သတ်မှတ်နိုင်သော အ ဆောက် အ ဦး အ ဟောင်းများ၏ အုပ်မြစ်အခြေခံများကို တွေ့ရပေသေးသည်။ ဤအရာအား လုံးတို့သည်၊ လူဝတ်ကြောင်တို့နှင့် သီးသန့်သက်ဆိုင်သော အဆောက်အ ဦးများဖြစ်ကြလေသည်။ စိတ်ဝင်စားဘွယ်အကောင်းဆုံး တွေ့ရှိရသော ပစ္စည်းများတွင်၊ အစိုးရနှင့် အသီးပုဂ္ဂလ မြေတံဆိပ်မြောက်များစွာပါဝင် ၍၊ တသီးပုဂ္ဂလတံဆိပ်တို့သည် ကုန်သည်ကြီးများ၊ ဘဏ္ဍာစိုးများနှင့်ဈေး သည်များ၏အမည်များ၊ သို့မဟုတ် အသင်းသားများ၏အမည်များ ပါရှိ လေသည်။

အစိုးရတံဆိပ်တော်များ၌ တွေ့ရသည်ကား၊ ဂုတ္တတို့လက်ထက်တွင် ဝေသာလီပြည်သည်၊ အရေးပါသောအုပ်ချုပ်ရေးရုံးစိုက်ရာ ဌာနတခုဖြစ်

၍၊ မောရိယခေတ်သုံး စာလုံးအက္ခရာတို့နှင့်ထွင်းထားသော စိတ်ဝင်စား ဘွယ်တံဆိပ်တခုသည်၊ ဝေသာလီပြည်၌ ပတ်တရောင်လှည့်သော ရာယမ ခံတပ်ကို၊ ညွှန်ပြထားပေသည်။ ဤတံဆိပ်များပေါ်တွင် ဖိနှိပ် ထားသော နည်းစနစ်အမျိုးမျိုးကို လေ့လာသင်ကြားခြင်းအတွက်၊ အိန္ဒိယပြည်၏ ပေါင်းသင်းဆက်ဆံရေးနှင့် ဘာသာရေးရာဇဝင်အတွက်၊ ထိုက်တန်သော အကျိုးကိုရရှိလိမ့်မည်ဟု မျှော်လင့်ရပေသည်။

တရုပ်ဘုရားဖူး ဖါဟီယန်နှင့် ဟီယူယင်ဆန်းဂ်တို့သည်၊ ခရီးလည် ပတ်ရာတွင်၊ ဝေသာလီပြည်ကို ရောက်ခဲ့ကြလေသည်။ နောက်ပုဂ္ဂိုလ်မှာ ထိုမြို့တော်ကိုဧရိယာအကျယ်စတုရန်းမိုင် ၁၀ မိုင်မှ ၁၂ မိုင်အထိ၊ ရှိသည် ဟုဖေါ်ပြခဲ့လေသည်။ သူ၏မှတ်တမ်း၌ဆိုခဲ့သည်မှာ၊ ဝေသာလီမြို့တော် ၏ အတွင်းအပြင်နှစ်ဘက်လုံးနှင့် ပတ်ပတ်လည်အားလုံးတွင်၊ ဘုရားအ ထိမ်းအမှတ် မှတ်တိုင်တို့သည်၊ အလွန့်အလွန်များပြားလှသဖြင့်၊ သေချာ စွာရေတွက်ရန်ပင် ခဲရင်းလှပေသည်ဟုဆိုခဲ့သည်။ ခေတ်ပြောင်းလဲသည် အားလျော်စွာ ထိုနေရာသည်၊ ယခုအခါ၌လုံးလုံးလျားလျား ဘာသာရေး ဆိုင်ရာအဆောက်အဦး အကြွင်းအကျံမရှိသလောက်ပင်ဖြစ်ခဲ့ရလေဘည်။

ရာဂျဗိဆောလ်ကဂါရိဟ်၏အနောက်မြောက်၌ ၂ မိုင်ဝေးကွာသော ကောလှုယနေရာတွင်၊ စတုရန်းတိုင်ထိပ် တ ခု ပေါ် ဝယ်၊ ထိုင်နေသော ခြင်္သေ့ရုပ်တရုပ်ကို၊ အောက်ကထောက်ပင့်ထားသော ခေါင်းလောင်းပုံ တိုင်ကြာလန်တခုဖြင့်၊တပ်ဆင်ထားသေါသဲကျောက်ကို၊ အလွန်ချောမော အောင်ပွတ်လုပ်ထားသည့်၊ (အင်မ်ဆင်၏ ကျောက်သင်ပုံးပြားဟုလည်း၊ ထိုအရပ်၌ခေါ်ဆိုကြသည့်) ကျောက်သားပကတိ တိုင်ကြီးတတိုင်တည်ရှိ ပေသည်။


၎င်းတိုင်သည်၊ နှစ်ပေါင်းအတော်ကြာညောင်းသဖြင့်၊ မြေတွင်းသို့ တဖြည်းဖြည်းသက်ဆင်းခါ၊ များစွာနစ်မြုတ်နေသော်လည်း၊ ယခုမြေနှင့် အညီနေရာမှ အပေါ်သို့ ၂၂ ပေခန့်မြင့်လျက်ရှိပေသေးသည်။ ပုံသဏ္ဍာန် အားဖြင့်၊ ၎င်းတိုင်သည် အသောက ကျောက် စာ တိုင်များနှင့် တူသော်

လည်း၊ ၎င်းတိုင်လုံးပတ်ပတ်လည် တူးဖေါ်ရှာဖွေခြင်းများသည်၊ ၎င်းနှင့် ပတ်သက်၍ အသောကကျောက်စာသမိုင်းများ၌ တစုံတရာအစွန်းအစကို မျှမတွေ့ရပေ။

သို့ရာတွင် ဝေသာလီမြို့ဟောင်းနေရာ၌၊ ဟာဗ်ယူယင်ဆန်ဂ် ဖေါ်ပြခဲ့သော အသောကကျောက်တိုင်များအနက်၊ တခုအဝင်အပါဟု အမှတ်ပြုကြလေသည်။ ချန်ပရန် နှင့် မုဇဖါးရ်ပါးရ် ဒိစတြိတ်နယ်များတွင်၊ ရမ်ပူရ်ဝ၊ လဝ်ရိယ - အရရဂ်၊ လဝ်ရိယ နန္ဒန်ဂါရ်ဟ်၊ ကောလှူယ၊ တည်းဟူသော ကျောက်တိုင်တန်းများကို၊ အသောကမင်းကြီး၏ နန်းသက်အနှစ် နှစ်ဆယ်မြောက်တွင်၊ ပါဋလိပုတ်မြို့မှလုမ္ဗနီအင်ကြင်းတောသို့၊ မင်းခန်းမင်းနားနှင့် တိုင်းခန်းစကြာလှည့်တော်မူရာ ခရီးအဆင့်ဆင့်တို့ကို၊ မှတ်သားထားခဲ့သည်ဟုယုံကြည်ကြပါသည်။ တောင်ဘက်အနီးတွင်ကပ်လျက်၊ ဘုရားရှင်ဘုဉ်းပေးသုံးဆောင်တော်မူရန်အတွက်၊ တောနေမျောက်သတ္တဝါများ တူးဖေါ်ထားခဲ့သည်ဟု ယုံကြည်ကြသော ရှေးဟောင်း မာရ်ကတဟ်ရဒ သို့မဟုတ် "မျောက်၏ရေကန်"ပင်ဟု မစ္စတာကာနင်ဟန်သည်၊ စိစစ်သတ်မှတ်ပြောဆိုခဲ့သော ရာမကုန္ဒ ဟုခေါ်သည့် ရေကန်ငယ်ကလေးတခု ရှိပေသည်။

အနောက်မြောက်ဘက်တွင်၊ ယခုမူကား အမြင့် ၁၅ ပေသာ ရှိ၍ အောက်ခြေ၌အခြင်း ၆၅ ပေလောက်ရှိသော၊ မြေပုံအပျက်အစီးတပုံရှိ၍၊ ၎င်းကို ဟာဗ်ယူယင်ဆန်းဂ်ရေးသားဘော်ပြခဲ့သော အသောကစေတီတော်၏အကြွင်းအကျန်ဖြစ်သည်ဟု အမှတ်ပြုကြရလေသည်။ ဤမြေပုံ၏ထိပ်ပေါ်တွင်၊ ဘုရားရှင်၏ မဏ္ဍိုမခေတ်ရုပ်ပွါးတော်တဆူကို၊ ဌာပနာထားသော ခေတ်အုပ်ကျောင်းတဆောင်တည်ရှိလေသည်။

ဤမြေရိယာတခုလုံးသည်၊ ပြင်းပြင်းထန်ထန် စိုက်ပျိုးလုပ်ကိုင်ထားရာဌာနဖြစ်သော်လည်း၊ ထိုထို ဤဤကြဲပြန့်လျက်တည်ရှိနေကြသော ကုန်းမြေကလေးများသည်၊ ရှေးဟောင်းအဆောက်အဦများ၏ နေရာများကို၊ ထင်ရှားစွာအမှတ်အသားပြ၍၊ ဤမြင့်မြတ်သော ဘုရားနေရာ၏ရာဇဝင်သမိုင်းကို၊ ပြန်လည်ထူထောင်ရေးသားရန်အတွက်၊ ကောင်းစွာပိုမိုနည်းစနစ်ကျကျစစ်ဆေးရှာဖွေခြင်းကို အလျင်အမြန်လိုအပ်ပေသေးသည်။



ဆန်ချီအရှေ့မုခ်။

# အရေးကြီးသောဌာနများ။

ဘုရားကျောင်းများ၊ စေတီပုထိုးများ၊ ရဟန်းကျောင်း ဌာ နများ ဖြစ်ကြသော၊ အနည်းငယ်ကျန်ရှိသေးသည့် အခြားသတိရဘွယ်ဗုဒ္ဓဘာသာဌာနများကို၊ ပြန်၍ရေးသားဘော်ပြရန်ရှိပေသေးသည်။အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ပေါ်ထွက် တိုးတက်ကြီးပွားနေစဉ်အဘွင်း၊ ဤကဲ့သို့သောနေရာဌာနများသည်၊ ဘုရားရှင်၏ အတ္ထုပ္ပတ္တိဖြစ်စဉ် ဇာတ်ဝတ္ထုတို့နှင့်၊ သီးသန့်ပိုင်းခြား၍ စပ်ယှက်ရင်းနှီးခြင်းမရှိသော်လည်း၊ ၎င်းတို့၏ပတ်ဝန်းကျင်အတွင်းအပြင်ဝယ်၊ တိုးတက်ထွက်ပေါ်လာသော၊ စိတ်နှစ်သက်ဘွယ် မှတ်တိုင်များကြောင့်၊ တိုးဘက်ထင်ရှား ကျော်ကြားလာပေသည်။

ဗုဒ္ဓဘာသာ ပြန့်နှံ့ပွားများသောနေရာတိုင်းဝယ်၊ စေတီပုထိုးဘော်ဟု ခေါ်ဝေါ်ကြသောအမည်နှင့်၊ ပေါင်းခုံအဆောက်အဦးပုံသဏ္ဍာန်ဖြင့် ထင်ရှားတွေ့မြင်နိုင်သော အကြွင်းအကျန် လမ်းကြောင်းလမ်းစများ ကျရစ်ခဲ့ပေသည်။ ၎င်းသည် ဘုရားဓါတ်တော် မွေတော်များကို၊ ဌာပနာခြင်းနှင့် သီးခြားစွာသက်ဆိုင်ပါဝင်သောကြောင့်၊ ဗုဒ္ဓဘာသာ မှတ် တိုင် အဆောက်အဦးများအနက်၊ အမြင့်မြတ်ဆုံးဖြစ်လေသည်။

ပရိနိဗ္ဗာနသုတ်တော်၌၊ ဘုရားရှင် ကိုယ် တော် မြတ်သည်၊ အလောင်းစင် ပြဿဒ်တော်ပေါ်တွင်၊ ကိုယ်တော်မြတ်ခန္ဓာကိုယ် တေဇောဓါတ်လောင်ပြီးနောက်၊ လမ်းဆုံလမ်းမ၊ လမ်းလေးခွအလည်တည့်တည့်တွင်၊ သရီရဓါတ်တော်များကို ဌာပနာ၍၊ စေတီတော်တဆူတည်ထားတော်မူရန်၊ အရှင်အာနန္ဒာမထေရ်မြတ်များ အမိန့်ပေးတော်မူခဲ့ပေသည်။

ရှေးဟောင်း ဗုဒ္ဓဝင်ဝတ္ထုအရ၊ ဘုရားရှင်၏ဓါတ်တော်များကို၊ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးလျှင်ပြီးခြင်း၊ ရှစ်စုညီမျှစွာခွဲဝေပြီးလျှင်၊ ၎င်းတို့ကို ဌာပနာ၍၊ စေတီပုထိုးတော်ရှစ်ဆူ တည် ထား ကိုး ကွယ် ခဲ့ကြလေသည်။

ပေါရာဏ စာပေသမိုင်းအရ၊ အသောကမင်းကြီးသည်၊ စေတီပုထိုး ၈၄,၀၀၀ တည်ထားကိုးကွယ်တော်မူခဲ့သည်ဟု ယုံကြည်ကြလေသည်။

ထို့ပြင်....ဓါတ်တော် တိုက်တတိုက်အထိမ်း အမှတ်အဖြစ်ဖြင့်၊ ဗုဒ္ဓဘာသာဝင်တို့သည်၊ စေတီတော်ကို အမြတ်ဆုံး အထွဋ်အထိပ်အကျဆုံး ဟုမှတ်ယူကြ၍၊ ဘုရားရှင်၏ ရုပ်ပွားတော်မပေါ်မီအခါဝယ်၊ စေတီပုထိုးကို ဘုရားရှင်ကိုယ်စား အထိမ်းအမှတ်ပြု၍၊ ကိုးကွယ်ပူဇော်ကြရန်၊ အခါခပ်သိမ်းလေ့လာပြုလုပ်ကြလေသည်။

ဤသို့သောနည်းအားဖြင့်၊ ဗုဒ္ဓဘာသာတရားတော်ကို၊ လက်ခံနာယူကြသော ပုဂ္ဂိုလ်တို့၏စွဲမြဲကြည်ညိုခြင်း၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ရာ၌၊ ဗဟိုရ်ချက်မတည့်တည့်ဖြစ်ပေသည်။ ဤသစ္စာဓိဌာန်ပြုရာတွင် စေတီပုထိုးများကို၊ "ချိုက်ကျ"များဟုခေါ်ကြ၍၊ ဤ ကဲ့ သို့ သော အဆောက်အဦးများကို၊ စေ တီ ကျောင်းဆောင်ဟုခေါ်၍၊ အထူးသီးခြားထားသော ဘုရားမြေအတွင်း၌၊ သစ္စာဓိဌာန်ပြုရာ အ ချက် များအနေနှင့်၊ တည်ထားခဲ့ကြလေသည်။

ဤ ပုံစံမျိုးဘုရားအဆောက်အဦးတခုမှာကား၊ နံရံဂူလိုဏ်ပေါက်အဆုံးနှင့် စီးပုံအမိုးမိုးထားသော ပေါင်းခုံအမိုးများနှင့်တကွ၊ စတုရန်းခမ်းမတန်းလျားတခုပုံသဏ္ဍာန်ကို၊ အ တု ယူ ၍လုပ်လေ့ရှိပါသည်။ တည်ဆောက်ထားသော စေတီခမ်းမများ၏အကြွင်းအကျန်တို့ကို၊ ဗုဒ္ဓဘာသာ၏အမျိုးမျိုးသော ဘုရားနေရာဌာနများတွင်၊ ပျက်စီးကွယ်ပျောက် ဗလာဟင်းလင်းဖြစ်သွားကြသော်လည်း၊ ယခုတွေ့ရှိရသော အကြွင်းအကျန်တို့သည်ကား။ များသောအားဖြင့်၊ မြေကြီးတူးဖေါ်ခဲ့ရသော၊ လုပ်ငန်းအစီအစဉ်မှ ရရှိခြင်းဖြစ်လေသည်။

ရုပ်ပွါးဆင်းတုတော်များကို၊ အကျိုးကျေးဇူး ဖြစ်ထွန်းအောင်အသုံးပြုလာသောအခါအထိပင်၊ စေတီတော်တဆူကို ပူဇော်ကိုးကွယ်ခြင်းသည်

ရုပ်ပွားဆင်းတုတော်တဆူကို၊ ကိုးကွယ်ပူဇော်သည်နှင့်အမျှ၊ ကောင်းမှု ကုသိုလ်၏အကျိုးတရား တူညီသည်ဟု မှတ်ယူကြသဖြင့်၊ အထိမ်းအမှတ် ဖြစ်လောက်အောင်၊ စေတီတော်ကြီးများနှင့်၊ စေတီတော်ကလေးများကို၊ ကြည်ညိုလေးမြတ်ဘွယ် ပူဇော်လှူဒါန်းရန် ကတော့ပွဲအမှတ်ဖြင့်၊ တည် ထားကိုးကွယ်ခဲ့ကြလေသည်၊

ရဟန်းတော်များ၏ ဂိုဏ်းဂဏ အဖွဲ့အစီးကို၊ ဘုရားရှင်သက်တော် ထင်ရှား ရှိတော်မူစဉ်အတွင်းဝယ်၊ အသင့်ပင်တည်ထောင်ပြုလုပ် ခဲ့ပြီးဖြစ် သည့်အပြင်၊ဘုန်းကြီးကျောင်းများဖြစ်ကြသောသံဃာရာမများသို့မဟုတ်ဝိ ဟာရများဖြစ်သည့်၊ ရဟန်းတော်များသီတင်းသုံးရာဌာနတို့သည်၊ ရှေးပ ဝေဏီအခါမှစ၍၊ ဘုရားဝတ္တကန်မြေ အဆောက်အဦးများ၏ အရေးကြီး စွာ တွဲဘက်သုဉ်ကပ်ထားသော အဆောက်အဦးများဖြစ်ခဲ့လေသည်။

ရဟန်းကျောင်းတကျောင်းကို၊ အလည်ဗဟိုရ်စတုရန်းတန်းလျား ဆောင်မကြီးတဆောင်ဖြင့်၊ ပတ်လည်ဝိုင်းရံလျှက်၊ သီတင်းသုံးနေထိုင်ရန် အခန်းပေါင်း အစဉ် အတန်း ပုံသဏ္ဍာန် ဖြင့်၊ စီမံဆောက်လုပ်မြဲဖြစ်လေ သည်၊၊ ဆောက်လုပ်ထားသော ကျောင်းအမျိုးအစားတို့သည်ကား၊ များ သောအားဖြင့်၊ ပြိုလဲပျက်စီးပြီးသွားကြသော်လည်း၊ ဤလိုတည်ဆောက်ခဲ့ သော အဆောက်အဦးတို့၏ ခန်းနားကြီးကျယ်မြင့်မားသောစိတ်ကူးဉာဏ် တို့ဖြင့်စီမံထားသည့်ပုံတခုကို၊ ကျောက်ဆောင်၌ ထွင်းဖေါက်ထားသည့် ရဟန်းကျောင်းအဆောက်အဦးများ၌ တွေ့ရှိနိုင်ပေသည်။

အထက်၌ဖေါ်ပြခဲ့သော သတိရဘွယ်အမှတ်အသား အဆောက်အ ဦးအမျိုးမျိုးနှင့်တကွ၊ အ ရေး ကြီး သည့် ဗုဒ္ဓဘာသာဌာနအားလုံးတို့အ တွက်၊ အကျဉ်းချုပ်အညွှန်းတခုကို ဘော်ပြပေးရန် ဤတွင်မဖြစ်နိုင်ပါ။ ဥဒါ ဟရဏ် သက်သေကား၊ တက္ကဇီလ, ပုရှပူရ, အခြားဂန္ဓရဌာနများနှင့် ဤကဲ့သို့သောနေရာဌာနများစွာတို့သည်၊ ယခုအခါ ပါကစ္စတန်အနောက် ပိုင်းနယ်အတွင်း၌ တည်ရှိနေပေသည်။

ရဟန်းကျောင်းတို့တွင်၊ အကြီးဆုံးကျောင်းတကျောင်းဖြစ်သောသော မပ္ပရမဟာဝိဟာရကျောင်းကြီးတဆောင်သည်၊ အရှေ့ပါကစ္စတန်နယ်၏အပိုင်ဖြစ်လါလေသည်။ ရှေးအကျဆုံးတည်၍မှတ်သားဘွယ်လည်းအကောင်းဆုံးဖြစ်သော စေတီတော်တဆူသည်ကား၊ ဘောပဲလ်အစိုးရနယ် ဆန်ချီဒေသ၌တည်ရှိနေပေသည်။ ဤဌာနသည် ခမ်းနားသောစေတီတော်များ၊ ဘုရားကျောင်းတော်များ၊ ရဟန်းကျောင်းများနှင့်တကွ၊ အကျယ်ပြန့်ဆုံးသောအဆောက်အဦးတို့၏ တည်ရှိရာအဖြစ် တိုးတက်ကြီးပွားလာ၍၊ ဤနေရာနှင့်ပတ်သက်သမျှကို၊ အတိုချုပ်ရေးသားဘော်ပြရပေသည်။

အထက်၌ ဘော်ပြခဲ့သောဌာနများနှင့်ပတ်သက်၍၊ ထိုအသင့် မှတ်သားခဲ့သော နေရာများမှတပါး၊ အရေးကြီးသော စေ တီ တော်များနှင့်၊ ရဟန်းကျောင်းများသည်၊ ပိပရဝ၊ ဘတ္တိပ်ရောလု၊ ဘားရဟုတ်၊ အမရာဝတီ၊ နာဂါးရ်ဂျူနကုန္ဒ၊ စသောဌာနများ၌လည်း၊ တည်ရှိနေပေသည်။ အကြွင်းအကျန်တို့သည်၊ အလွန့်အလွန် သေးနုပ်မှုံမွှား၍၊ အချို့ကိစ္စများတွင်၊ ပန်းပုပညာ အကြွင်းအကျန်များမှတပါး၊ ဤဌာနများ၏ ရှေးကတင့်တယ်ခန်းနား မြင့်မားကြီးကျယ်ခဲ့ခြင်းများ၏ အရိပ်အရောင်များကိုပင်၊ မမြင်ရနိုင်တော့ပေ။ တူးဖေါ်ထွင်းဖေါက် ဆောက်လုပ်ထားခဲ့သောလုပ်ငန်းစဉ်မှ၊ စေတီပုထိုး စရပ်များနှင့်၊ ရဟန်းကျောင်းများဖြစ်ကြသည့်၊ ဘားဂျ၊ ဘေဒ်စ၊ ကန်ဟေရီ၊ နားဆစ်က်၊ ဂျူန္နာ, ကားလေး၊ စသည်တို့ကို၊ အနောက်ပိုင်းအိန္ဒိယနယ်၊ ဌလိယော်နယ် ဘဂ်ဟ်ဒေသနှင့် ဟိုက်ဒရဗဒ် နယ်အောရင်ဗဒ် ဒေသများ၌၊ မှတ်တိုင်အစဉ်အတန်းများဖြင့်၊ တွေ့မြင်မှတ်သိရပေသည်။

ဤမှတ်တိုင်အစဉ်အတန်းများသည်၊ ဟိုက်ဒရဗဒ် အ စိုး ရ နယ် တွင်၊ အဂျန္တနှင့် လောရ နှစ်ဌာနလုံးဝယ်ရှိကြသည့်၊ ဂူလိုဏ်များ အ တွင်း၌၊ တင့်တယ်ခန်းနားစွာတည်လျက်ရှိပေသည်။ ဤနှစ်ဌာနတို့သည်၊ တကမ္ဘာလုံး၌ပင် ထင်ပေါ်ကျော်ကြား၍၊ အိန္ဒိယပြည် ဗုဒ္ဓဘာသာ စေတီဘုရား ပုထိုးတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိတွင်၊ ကဏ္ဍတရပ်အဖြစ်ဖြင့် ပါဝင်လျက်ရှိလေသည်။

ရှေးဗဟိုရ်ခေတ် ရ ဟန်း ကျောင်း တို့ တွင်၊ ဗ<sup>ိ</sup>ဟာနယ် နာလန္ဒ ကျောင်းတော်ကြီးသည်၊ ထိုစဉ်အခါက၊ ဗုဒ္ဓဘာသာလောကတလျှောက် လုံးတွင်၊ ပျံ့နှံ့ထင်ပေါ်လျက်၊ ဂုဏ်ကြက်သရေတိုးပွားမှုကို၊ အောင်မြင်စွာ ဖြစ်စေခဲ့လေသည်။ ၎င်းဌာနသည် အိန္ဒိယပြည်၌၊ ဗုဒ္ဓဘာသာ အသက်ဆုံး ခမ်းတိုင်သည့်အထိ၊ အစည်အဆက်တည်ရှိခဲ့၍၊ အိန္ဒိယပြည်ရှိ ဗုဒ္ဓဘာသာ စေတ<sup>ိ</sup>ပုထိုးတို့၏ အတ္ထုပ္ပတ္တိရာဇဝင်တွင်၊ ဂုဏ်သတင်း ထွန်း တောက်ခဲ့ သော ဤအဆောက်အဦးကို၊ နိဂုံးချုပ်အနေဖြင့် ဘော်ပြလိုက်ရပေသည်။

## ဆန်ချီ။

ဆန်ချီဒေသသည်၊ ( San-chi ) အိန္ဒိပြည်တွင် ယခုအခါအထင်ရှားဆုံး၊ အကျယ်ပြန့်ဆုံးသော ဗုဒ္ဓဘာသာအကြွင်းအကျ<sup>ံ</sup>များ၏ နေရာဌာန ဖြစ်လေသည်။ ဤဌာနသည် ဘုရားရှင်၏ရှေးဟောင်း ဇာတ်ဝတ္ထုရာဇ ဝင်နှင့် ထင်ရှားစွာပတ်သက် ဆက်သွယ်မှုမရှိခဲ့ပေ။ ထို့ကြောင့် ဤဌာနကို ဗုဒ္ဓဘာသာ စာပေသမိုင်းများတွင် များစွာမတွေ့ရချေ။

ဗုဒ္ဓဘာသာ၏ အခြားရှေးဟောင်းဗဟိုရ်ဌာနများနှင့်ပတ်သက်သော အကြောင်းကို ဘော်ပြပြောဆိုရာ၊ အရာကိစ္စတို့၏ သိလှောင်ရာ ဘ ဏ္ဍာ တိုက်သဘွယ်ဖြစ်ခဲ့သော တရုပ်ပြည်သား ဘုရားဖူးများ၏ခရီးစဉ်မှတ်တမ်း များ၌ပင်၊ ဤနေရာနှင့်ပတ်သက်၍ညွှန်ကြားမှတ်သားထားမှုကိုမတွေ့ရပေ။ ထိုကြောင့် ဆန်ချီဒေသ၌တွေ့ရသော မှတ်တိုင်များသည်၊ အိန္ဒိယပြည်ရှိဗုဒ္ဓ ဘာသာဆိုင်ရာတွင်၊ အထက်တန်းအကျဆုံး၊ အပြီးမြောက်ဆုံး ဥဒါဟ ရုဏ်ပုံစံများပင်ဖြစ်သည်ဟု၊ ယခုအခါပြောဆိုကြသော စကားသည်ကား၊ အံ့သြဘွယ်ရာသာဖြစ်လေသည်။

ဤအကျိုးတရားများအတွင်းဝယ်၊ ဆန်ချီဘုရားသည်၊ အသောက မင်းတရားကြီးနှင့် ကုန်သည်ကြီးတဦးတို့၏သမီးတို့ထိမ်းမြားလက်ထပ်သော ရာဇဝင်ဝတ္ထုနှင့်၊ ထိုထိမ်းမြားမင်္ဂလာမှ၊ဖွားမြင်ရရှိတော်မူသော အသော ကမင်းကြီး၏ သားတော် ရှင်မဟိန္ဒမထေရ်မြတ်သည်၊ သီဟိုဠ်ကျွန်းသို့

သာသနာပြုကြွတော်မူရာ၊ လမ်းခရီး၀ယ်ရပ်တန့်တော်မူသည်ဟု ပြောဆိုကြသောတောင်ကုန်းပေါ်တွင်၊ ကျောင်းတဆောင် ဆောက်တော်မူခြင်းနှင့် သက်ဆိုင်ဆက်သွယ်ပြီးနေသော၊ ဝိဒိသမြို့အနီးအနားၥ၌၊ သီဟိုဠ်မဟာဝင် ကျမ်းလာစေတိယဂိရိဘုရား၏ယခုခေတ်ကိုယ်စားတော်ဖြစ်လေသည်ဟုထင်မြင်ချက်ခိုင်လုံစွာ ဖေါ်ပြထားပေသည်။

ဝတ္ထုကြောင်းမှာ၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ဆန်ချီဒေသ၌ ရှေးအကြံဆုံးသောမှတ်တိုင်များသည်၊ အသောကမင်းကြီး လက်ထက်မှစ၍၊ နေ့စွဲမှတ်သားရသောကိစ္စကါး အမှန်ပင်ဖြစ်၍၊ ဂေါတမဘုရားရှင်၏ဘာသာရေးလုပ်ငန်း ဗဟိုရ် ဌာ န အ ဖြစ် သို့ ရောက်အောင်၊ ဤဌာနကို မြှောက်တင်ခဲ့၍၊ လွန်လေပြီးသော ရှေးခေတ်သမယများတွင်၊ ဤနေရာ၏ ခမ်းနားတင့်တယ် ကြက်သရေကြွယ်ခဲ့ခြင်းအတွက်၊ ပ ဓါ န လို ရင်း ဖြစ်ခဲ့သော၊ ဤဗုဒ္ဓဘာသာ ကွန်စတင်တိုင်(Constantine) သည် မြို့ကြီးကို၊ အအစောင့်ရှောက် သာသနာ့ဒါယကာက တာဝန်ယူရွက်ဆောင်ခဲ့သည်မှာ၊ ထင်ရှားလေသည်။

ဆန်ချီသည် ဘုံဘေမြို့မှမိုင်ပေါင်း ၅၄၉ မိုင်ဝေး၍ ကာလကတ္တားမြို့မှ မိုင်ပေါင်း ၈၉၇ မိုင်ဝေး၏၊ ကောင်းပိုမြို့မှ ၂၉၁ မိုင် ရှိ သော G. I. P. မီးရထားလမ်းပေါ်တွင်၊ တည်ရှိလေသည်။ မီးရထားဘူတာရုံအနီးတွင်။ အိမ်ထောင်ပရိဘောဂအပြည့်အစုံနှင့် စီစဉ်ဆောက်လုပ်ထားသော စာတိုက်ဘက်ဆိုင်ရာဗိုလ်တဲတလုံးနှင့်၊ တည်းခိုရန်နေရာထိုင်ခင်းရနိုင်သော အစိုးရတည်းခိုအိမ်တလုံးလည်းရှိလေသည်၊

အဆောက် အဦး အား လုံး လို လို ပင်၊ A. D. ၁, ၁၀၀ ခန့် မှာ၊ ကျောက်တုံးနံရံတခုနှင့် ကာရန်ထားခဲ့သော တောင် ပူ ဇာ ထိပ်ပေါ်ရှိ။ တောင်ကလပ်ပေါ်တွင်၊ တည်ရှိနေပေသည်။ စေတီ ပု ထိုး တော်များအနက်၊ အချိန်နေ့စွဲအားဖြင့် B. C. တတိယမြောက်ရာစုမှ၊ A. D. ဒွါဒသမမြောက်ရာစု (၁၂ ရာစု) အထိဖြစ်၍၊ အရွယ်အစား ပမာဏအားဖြင့်၊ အောက်ခြေမြစ်၌၊ ပေ ၅၀ လောက်မြင့်သည့်၊ ကြီး ကျယ် ပြန့်ပြော မို့

မောက်သော ပေါင်းအခုံးနှင့် အောက်ချေအုပ်မြစ်တွင်၊ အမြင့် ပေ ၁၀၀ ရှိသောစေတီတော်ကြီးမှ၊ အမြင့် တပေထက် မပိုသော စေတီငယ်က လေးများအထိ၊ အဆင့်ဆင့်အစဉ်လိုက်အားဖြင့် မြောက်များစွာရှိလေသည်။

အခုသာကမင်းလက်ထက်တွင်၊ မူလက အုပ်များနှင့်တည်ဆောက်ထားသဖြင့်၊ ဤစေတီတော်ကြီးကို၊ ယခုအရွယ်အစါးထက်နှစ်ဆလောက် နည်းနည်း ချဲ့ ထွင် ပြု လုပ် ၍၊ ကျောက်ပွတ်လုံး လက်ရန်းတန်းများနှင့်၊ ဝင်းတံခါးခုန်းဆင်ဝင်ပေါက်တွေကို၊ ထပ်ပေါင်း၍ထည့်သော၊ နောက်ရာစုအခါတွင်၊ ကျောက်ဖြင့်ဖုံးအုပ်တည်ထားလေသည်။

၎င်းသည် ယခုတည်ရှိ နေသည့်အတိုင်း၊ ထိပ်နားတွင်ငုံးတိတိဖြစ်လျက်၊ တောင်ဘက်ဘေးဝယ် ကျယ်ပြန့်သော နှစ်ထပ်ဆင်ချေလျှောဖြင့်၊ ဆက်စပ်ထားသောဆင်ချေလျှောအဝိုင်းပစ္စယံအပေါ်တွင်၊ ထပ်ဆင့်တည်ထားသည့်၊ လုံးယောင်ယောင်ပေါင်းခုံတခုပါဝင်လေသည်။

ဤပစ္စယံပေါ်ရှိကွက်လပ်နှင့် စေတီ၏ အောက်ခြေ ပတ်လည်ဘွင်၊ ပတ်ပတ်လည်စကြံလမ်း (ပရဒက်ခိုနပါသ) နှစ်လမ်းရှိ၍၊ ဤလမ်းအသီးသီးတို့ကို၊ ကျောက်ပွတ်သုံးလက်ရန်းတခုစီနှင့်၊ ဝန်းရံပိတ်ကွယ်ထားလေသည်၊ ဤပေါင်းခုံ၏ထိပ်ပေါ်တွင်၊ ဘဂဝါသခင် ဘုရားရှင်၏ ဘာသာဝါဒလွှမ်းခြုံအုပ်စိုး တန်ခိုးကြီးခြင်းခဲ့ခြင်း၏ အထိမ်းအမှတ်သဘွယ်ဖြစ်သည့် ဤသတိရဘွယ်ရာအဆောက်အဦးများကို၊ အုပ်မိုးထားသော ထီးတော်မြတ်ကို ပတ်ဝိုင်းဝန်းရံလျက်ရှိသော၊ တတိယမြောက် ပွတ်လုံးလက်ရန်းတခုလည်းရှိလေသည်။

မြေပြင်ပေါ်ရှိ ပုတ်လုံးခန့်အကာအရံမှာ၊ အရပ်လေးမျက်နှာဘက်၌၊ ကြည့်ရှုမှတ်သားဘွယ်သော ဝင်းတံခါးခုန်းပေါက်ကြီးလေးခုရှိ၍ လှပစွာထွင်းထုထားသော အရုပ်, ပန်း တန်ဆာတို့ဖြင့်ရှိလေရာ၊ ၎င်းတို့ကား နောက်ကရှိသော အဆောက်အဦး၏ မူလသဘာဝနှင့် မှတ်သားဘွယ်အကောင်းဆုံးအဖြစ်ကို၊ ပြိုင်ယှဉ်ဘွယ်တမျိုးအဖြစ် တည်လျက်ရှိလေသည်။

ဝင်းတံခါးပေါက် လေးခုလုံးတို့သည်၊ တလက်ရာ တပုံစံတည်းဖြစ်ကြ၍၊ ပွတ်လုံးလက်ရန်းများနှင့်၊ ဝင်းတံခါးများကို၊ ဆောက်လုပ်ရာ၌ အသုံးပြုခဲ့သော ပညာနည်းစနစ်၏ ဘော်ပြချက်ကား၊.... ၎င်းတို့သည် ကျောက်ထု ပန်းရံဆရာများအလုပ်ထက်၊ ဗိဿုကာဆရာများ၏ အလုပ်က ပို၍ခက်ခဲသည့်အသွင် ထင်ရှားစေခဲ့သည်။

ဝင်းတံခါးအသီးသီးမှာ၊ ထိပ်ကြာလန်များတပ်ထားသော စတုရန်းတိုင်နှစ်လုံးစီပါဝင်၍၊ ၎င်းတို့သည် အတုံ့အပြန်ပြုလျှက်၊ ၎င်းတို့၏အမြင့်ထက်အနည်းငယ်ပိုလျှက်ကြားကွက်လပ်နေရာများ ချန်လှပ်လျှက်၊ တခုပေါ် တခုဆင့်ထားသော ပန်း အရစ် အခွေတို့ဖြင့်၊ အဆုံးသတ်ထားသော ယက်မဘောင်သုံးခုတို့၏ အဆောက်အဦးကို ထောက်ခံ မထားလေသည်။

တိုင်ထိပ်ကြာသံများကို၊ ရပ်နေသောလူချပ်ပုံတို့ဖြင့်၎င်း၊ ခြင်္သေ့ရုပ်ရှေ့ပိုင်းတို့ဖြင့်၎င်း၊ ကြောခြင်းကပ်နေသော ဆင်ရုပ်တို့ဖြင့်၎င်း၊ တန်ဆာဆင်ထားပါသည်။ ထို တိုင် ထိပ် မှ ပင် ထိုးထွက်၍၊ အောက်ဆုံးဘောင်ယက်မ၏ ထွက်နေသောအစွန်းများကို ကြားထောက်များအဖြစ် ထောက်ခံနေသည်ကား၊ ကြက်သရေနှင့်ပြည့်စုံ၍ နှစ် သက် ဘွယ်သော အကြမ်းဖြင်းထုထားသည့် မိန်းမရုပ်များလည်းရှိလေသည်၊ ယောကျာ်းရုပ်များ၊ မိန်းမရုပ်များ၊ မြင်းတော်စီးရုပ်များ၊ ဆင်ရုပ်များ၊ ခြင်္သေ့ရုပ်များကို၊ ဘောင်ယက်မများ၏အကြားနှင့်အပေါ်တွင်၊စိမ်ထုလုပ်ထား၍၊၎င်းတို့အားလုံးကိုဖုံးအုပ်လွှမ်းမိုး၍နေသောအရာသည်ကား၊အလုပ်အကြွေးများနှင့်ရတနာသုံးပါးအလံများဖြင့်၊ ဘေးတဘက်တချက်ရံလျှက်ရှိသော ဘုရားရှင်၏ တရားဥပဒေအထိမ်းအမှတ် လက္ခဏာဖြစ်သော စကြာတော်များဖြစ်လေသည်။

ဝင်းတံခါးပေါက်များကို ပွတ်လုံးလက်ရန်းများနှင့်၊ တကယ်ပြိုင်နိုင်းသော်, လှပသေသပ်စွာထွင်းထုထား၍၊ တိုင်များနှင့် အ ထက် ပိုင်း အဆောက်အဦးတွင်၊ ဇာတ်ဝတ္ထုတော်များ၏ အတ္ထုပ္ပတ္တိကိုဘော်ပြသော

တာ့ကပ်ပိုင်းပုံရုပ်ထုများဖြင့်၎င်း၊ ဘုရားရှင်၏အဖြစ်တော် အတ္ထုပ္ပတ္တိ အခန်းများဖြင့်၎င်း၊ ဘာသာရေးဟွင် နောက် ပေါ် ရာဇဝင်၌အရေးကြီးသော ကိစ္စများ၏ အခန်းများဖြင့်၎င်း၊ အသေးစိပ်ထွင်းဖေါက်ချယ်လှယ်ထားလေသည်၊

ဗုဒ္ဓဘာသာဇာတ်ဝတ္ထုကို စိတ်ပါဝင်စားသူ ပညာရှိများအတွက်၊ ဤတာ့ကပ်ပုံ ပန်းပုအရုပ်ပန်းများသည်၊ စိတ်ဝင်စားဘွယ် လေ့ကျင့်ဆည်းပူးခြင်းများကို၊ ပြသလျှက်ရှိပေသည်။ သို့ရာဘွင် ဤအကြောင်း အရာကို အကျဉ်းချုပ်ရေးသားဖေါ်ပြရန်၊ ဤ၌မလိုပေ၊ မည်သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓဂါယာမြို့ မဟာဗောဓိပင်သို့ အသောကမင်းတြားကြီး အဖူးမျှော်ရောက်ရှိပုံကိုး ဘော်ပြသော ဝင်းတံခါးများ၏အနက်၊ တခုသော ဘောင်ယက်မကြီး၏ အတွင်း၌ပါဝင်သည့်၊ ကားဘောင်တခုကို ညွှန်းပြထားပေသည်။

အိန္ဒိယပြည်တွင်း၊ အခြားသောအဆောက်အဦးများ၌၊ အထင်ရှားဆုံးသော ဗုဒ္ဓဘာသာဒါယကာကြီးကို၊ ရုပ်လုံးဖေါ်၍ပြသခြင်း မပြုလုပ်ခဲ့ပေ။ ကောရာဇ်မင်းကြီး၏ဤရုပ်ပုံသည်၊ အစစ်အမှန်မဟုတ်နိုင်သော်လည်း၊ အိန္ဒိယရာဇဝင်တွင်၊ အကြီးဆုံးသောပုဂ္ဂိုလ်ကြီးများအနက်၊ ဤပြိုင်ဘက်မရှိသူတဦး၏ရုပ်ပုံကား၊ သူ့တိုင်းသူပြည်သားတို့အဘို့၊ နှစ်သိမ့်ဘွယ်ရာတရပ်ပင်ဖြစ်လေသည်။

သေသေ သပ်သပ် အသေးစိပ်ပြုလုပ်ထားသော များပြားလှသည့်အရုပ်များ၊ ရုပ်လုံးပေါ်ပန်းပုများကို၊ ထုထွင်းရန် နှစ် ပေါင်း များ စွာ ကြာခဲ့မည်ဖြစ်၍၊ အလုံးစုံပုံစံတူညီမှုကားမဖြစ်နိုင်ပေ။ သို့ရာတွင် မည်သည့်နေရာတွင်မှ၊ ကျွန်ုပ်တို့သည်၊ ကြမ်းတမ်းသော သို့မဟုတ် ပညာဉာဏ်မရင့်ကျက်သော လုပ်ကိုင်ပုံ၏ အမှတ်အသားလက္ခဏာတစုံတရာကို၊ မတွေ့ရပေ။

ပင်ကိုယ်ဉာဏ်နှင့် သဘာဝကျခြင်းများသည်၊ နက်နက်နဲနဲ အသိဉာဏ်ဖြင့် ရုပ်ပုံများ၏ လွတ်လပ်လွယ်ကူခြင်း၌၎င်း၊ ၎င်းတို့ကို စည်းကမ်းပညာမဲ့ ဖွဲ့စည်းထုလုပ်ခြင်းများ၌၎င်း၊ သက်သေသဘွယ် ထင် ရှား လေသည်။ ဘော်ပြထားသော လုပ်ကိုင်ချက်သည်၊ အလွန်ရိုးသား၍၊ အတော်

ပင်ဇာတ်ကွ က်ဇာတ်လမ်းကျလေသည်။ ဤပန်းပုရုပ်လုံးများမှပြသောအ တတ်ပညာသည် လူများ၏ စိတ်နှလုံး အတွင်း၌ငင်း၊ ယုံကြည်မှုအတွင်း၌ ၎င်း၊ အမြစ်တွယ်နေ၍ ၎င်းတို့၏ ဘာသာရေးယုံကြည်မှုများနှင့်၎င်း၊ သ ဘာဝ ဓမ္မနှင့်၎င်း၊ ၎င်းတို့၏နက်နဲစွာဖြစ်နေသော သနားကြင်နာမှုနှင့်၎င်း၊ ပတ်သက်၍လည်း၊ သာယာပြေပြစ်သောဘောင်ပြချက်ကို ပေးခဲ့လေသည်။

ပညာဖြင့်လုပ်ကိုင်ခြင်း၊ စိတ်ဘူးဖြင့်လုပ်ကိုင်ခြင်းတို့မှ၊ ညီညာစွာ လွှပ်လပ်သောကြောင့်၊ ဗုဒ္ဓဘာသာဝတ္ထုစဉ်များကို၊ ပန်းပုဆရာ၏ လက် စွမ်းထက်သလောက်၊ အရိုးသားဆုံး အကြွယ်ဝဆုံးသောအဖြစ်ဖြင့်၊ ဘာ သာစကားနှင့် ပြောပြနေသလိုပင်၊ ဘာသာ့ဂုဏ်ကြက်သရေတိုးစေရန်ဖြစ် ခဲ့လေသည်။ ၎င်းပြင် ဤထွင်းပန်းတို့သည်၊ လူတို့၏စိတ်ကို ဤမျှလောက် မှန်ကန်စွာ နှစ်သိမ့်သဘောကျစေခဲ့၍၊ ကျွန်ုပ်တို့၏စိတ်ဓါတ်များကို၊ နှစ် သိမ့်သဘောကျစေရန်၊ တည်လျှက်ရှိသော၊ ၎င်းတို့၏သနားကြင်နာခြင်း၊ ထင်ရှားသိသာသော ရိုးသားဖြောင့်မတ်ခြင်းတို့ဖြင့်ထင်ရှားစေလေသည်။

ဤနေရာတွင် အခြားများစွာသောစေတီတော်များအနက်၊ သုံးဆူ တို့သည်၊ အထူးသဖြင့်မှတ်သားထိုက်ပါသည်။ ဤအရာများအနက်၊ အ မှတ် ၃ စေတီတော်သည်၊ ဗဟိုရ်စေတီတော်ကြီး၏၊ အရှေ့မြောက်ဘက် ၌တည်ရှိ၍၊ ဒုဒယ်အရွယ်အစားပို၍ငယ်သော်လည်း ထပ်တူထပ်မျှ လို လို ပုံစံစနစ်ရေးဆွဲပုံဖြစ်လေသည်။ ဤစေတီတော်၏ ဓါတ်တော်တိုက်ခမ်း တွင်၊ စစ်ဗိုလ်ကြီး ကနင်းဟန်သည်၊ ဘုရားရှင်၏ထင်ရှားကျော်စောသော တပည့်သာဝကများအနက်၊ နှစ်ပါးဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အ ရှင်မဟာမောဂ္ဂလန်တို့၏ဓါတ်တော်များကိုတွေ့ရှိ၍၊ ဤဓါတ်တော်များကို ဆန့်ချီ၌ စေ တီ သစ် တဆူတွင် ပူဇော်ဌာပနာခြင်းအတွက်၊ လန်ဒန်မြို့ မကြာမီက ပင့်ဆောင်ခဲ့လေသည်။


ရှေးအခါများတွင် ဤစေတီတော်ကို အထူးမြင့်မြတ် မြှုစင်ခြင်းဖြင့်၊ အပူဇော်ခံယူခဲ့ရလေပြီ။ အခြားအမှတ် ၂ စေတီတော်သည်၊ တောင်ကုန်း ၏အနောက်ဘက်ဘေး အောက်ပိုင်းရှိ ကျောက်ဆောင်အပြားစွန်း တ ခု



လှိုင်ဂူ (၁၀၇)   မိခင်နှင့်သူငယ်။




လှိုင်ဂူ (၁၀၇) နတ်သားနတ်သမီးများ။




အေလိုရာလှိုင်ဂူတွင်း။






လှိုဏ်ဂူမုခ်။




ဘုရားလောင်း။



လှိုင်ဂူတွင်း ။



မဟာစေတီတူးဖေါ်ရာ။



နာလန္ဒာ၌ မဟာစေတီနှင့်ကျောင်းတော်ရာ။



နာလန္ဒာရှိ ကြေးရုပ်တော်။

ပေါ်တွင်၊ တည်ရှိနေပါသည်။ ဤနေရာတွင် ဝင်းတံခါးပေါက်မရှိသော်လည်း၊ အောက် ခြေ ကို ပတ်ဝိုင်းထားသော ဝရမ်တာလက်ရန်းသည်၊ အားလုံးလိုပင်ကျုံရှိသေး၍၊ မူလစေတီတော်ကြီး၏ ဝင်းတံခါးမှ ပန်းပုပညာများ၏ ပိုမို၍တိုးတက်နေသောအလုပ်အကိုင်ပညာကို၊ ထိထိရောက်ရောက်ယှဉ်ပြိုင်ရာ၌၊ ရှေးဟောင်းအလုပ်သမားအင်္ဂါ၏ စိတ်ဝင်စားဘွယ်ရုပ်လုံးဖေါ်အမျိုးမျိုးပုံတို့ကို ဖေါ်ထုတ်ပြသပေသည်။

ဤပန်းပုရုပ်များသည်၊ ပန်းတန်ဆာပုံစံများ၏ အထူးကျွမ်းကျင်မှုနှင့် ပူးတွဲပါဝင်နေသော အသက်ရှိသည့်ရုပ်ပုံသဏ္ဍာန်ကို အကြမ်းထုလုပ်ထားပုံဖြစ်ပါသည်။ အနောက်တောင်ဘက်ဘေးပေါ်တွင်။ တောင်ကုန်းခြေရင်း၏အနီးမှာ၊ အ ခြား စေ တီ တော်ကလေး တဆူသည်၊ B. C. တတိယမြောက်ရာစု၏ ထင်ရှားကျော်ဇောသော အရှင်မဟာကဿပနှင့် အရှင်မောဂ္ဂလာန်တို့၏ဓါတ်တော်များကို၊ ထာပနာထားလေသည်။

ဤစေတီတော်သည်လည်း၊ ဤသို့သောအကြောင်းများကြောင့်၊ ဖြူစင်မြင့်မြတ်ခံ့သာမက၊ ပွတ်လုံးတိုင်များပေါ်တွင်ရှိ ပန်းပုအရုပ် စက် ဝိုင်းကားကြီးများနှင့်၊ ဝင်းတံခါးများပေါ်ရှိလှပစွာထွင်းထုထားသော ဇာတ်လမ်းများအတွက်၊ စိတ်ဝင်စားဘွယ်ကောင်းလေသည်။

ဤဒေသတွင် ပြန့်နှံ့လျက်ရှိသော စေတီတော်များကိုတွေ့ရှိရ၍၊ ၎င်းတို့အနက် စေတီအချို့၌၊ ဓါတ်တော်များကို ဌာပနာထားသောကြောင့်၊ အထူးအရှိအသေပြုဘွယ်ဖြစ်လေသည်။ ဆန်ချီမှမိုင်အနည်းငယ်ဝေးသော ဆောနရီဒေသ၌ရှိသော ဘုရားရှစ်ဆူတို့အနက်၊ နှစ်ဆူသည် စတုရန်း ပရိုဏ်ဘုရားဝိုင်းအတွင်း၌၊ အရေးကြီးသော အဆောက်အဦးများဖြစ်ကြ၍၊ တဆူမှ များစွာသော ဓါတ်တော်မွေတော်တို့ကို တူးဖေါ်တွေ့ရလေသည်။

ထိုမှ ၃ မိုင်ခန့်ဝေးကွာသော စတ်ဇာရဒေသ၌၊ ဘုရားစေတီနှစ်ဆူရှိလျက် စေတီငယ်မှ အရှင်သာရိပုတ္တရာ၏ ဓါတ်တော်နှင့်တကွ၊ ဆန်ချီမှ တွေ့ရှိရသော ဓါတ်တော်များကဲ့သို့ အခြားဓါတ်တော်များကို တဖန်တွေ့ရှိ

ရပြန်သည်။ ဆန်ချီမှ ၇ မိုင်ဝေးကွာသော၊ ဘောဂျိပါဒေသနှင့်၊ နောက်ထပ် ၅ မိုင်ဝေးကွာသော၊ အန္ဓားရိဒေသ၌ငင်း၊ စိတ်ဝင်စား ကြည် ညို ဘွယ်သော ဘုရားစေတီများရှိကြ၍၊ စေတီအနည်းငယ်တို့မှာ၊ တန်ခိုးကြီးသော ဓါတ်တော်များရှိကြပါသည်။

ဗုဒ္ဓဘာသာယုံကြည်မှုကို လိုက်နာသူများအတွက်၊ အထူးသန့်စင်မြင့်မြတ်ခြင်းရှိသော တနေရာလုံးကို၊ ဖုံးအုပ်လျှက်ရှိသည့်၊ ဤဘုရား စေတီများအနက်ဝယ်၊ အသောကမင်းကြီးလက်ထက် ထက်ပို၍၊ ရှေးကျသည်ဟုမှတ်သားနိုင်သော၊ ဘုရားတဆူမျှမရှိပေ။ သို့မဟုတ် A. D. ပထမမြောက်ရာစုထက် ပို၍နောက်ကျနိုင်သော စေတီတဆူမှမရှိပေ။

ဆန်ချီ၌ ဘုရားစေတီတော်ကြီး၏ တောင်ဘက်မုခ်ပေါက်တံခါးကို၊ ကပ်၍တည်ထားသော ခြသေ့လေးကောင် ကြောချင်းကပ်လျှက်နေသည့် တိုင်ထိပ်ကြာလန်နှင့် ဟောင်းနွမ်းပျက်စီးနေသော အသောကကျောက်စာတိုင်၏ အကြွင်းအကျန်များရှိကြလေသည်။ ကျိုးပြတ် ပျက်စီး နေသော ၎င်းတိုင်ငုတ်ပေါ်တွင်၊ ကျောင်းပရဝုဏ်အတွင်း၌၊ ဂိုဏ်းကွဲတစုံတရာ ရှိခြင်းကို၊ စူးရှထက်သန်သော အာဏာစကားဖြင့်၊ အသောကမင်းကြီး တားမြစ်တော်မူခဲ့သော၊ အမိန့်တော်ကျောက်စာကို၊ ယခုတိုင်တွေ့ရှိဘတ်ရှုနိုင်ပေသည်။

၎င်း၏ တောက်ပြောင်သောအရောင်ကြောင့်၎င်း၊ ရေးဆွဲသောပုံစံကြောင့်၎င်း၊ အမူအရာဟန်ပန်ကြောင့်၎င်း၊ အသောကမင်းကြီး၏ တမျိုးတည်းသော အမိန့်တော်ကျောက်စာတိုင်များအတွင်း၌။ အဆင့်အတန်းတူမျှလျှက်ရှိလေသည်။ ဆန်ချီဒေသ၏ ပဓါန ညွှန့် ချက် သည်၊ ဤခန့်ငြားသော ရှေးဟောင်းဘုရားစေတီများ၏ ဖြူ စင် မြင့်မြတ် ခြင်းကြောင့်သာလျှင်မကသေး၊ ၎င်းတို့၏လှပဆန်းကြယ် နူနပ်သေသပ်သော ပန်းပုအရုပ်များကြောင့်လည်း၊ ၎င်းတို့အပေါ်ဝယ် သံ သ ယ ကင်းရှင်းစွာနှင့် လေးစားမြတ်နိုးဘွယ်တည်မြဲနေပေသည်။

ဤညှို့ခါတ်ကို၊ပတ်ဝိုင်းပုံပြုလျက်ရှိသောကျောင်းဘုရား စေတီပုထိုးတော်များနှင့်၊ တိုးတက်ကျယ်ပြန့်စေလေသည်။ ဤငြိမ်းချမ်းရေးနှင့်ပြည့်စုံသော ကုန်းထိပ်ပေါ်ဝယ်၊ ၎င်းတို့ကိုပတ်ဝိုင်းလျက်၊ ထင်ရှားသောရဟန်းသံဃာတို့၏ နေထိုင်ပုံကိုပြသလျက်ရှိသော၊ ကျောင်းဘုရားများဖြင့်လည်း၊ ညှို့ခါတ်ကိုပိုမိုတိုးတက်စေလေသည်။

၎င်းတို့အနက် အထူးမှတ်သားထိုက်သော စေ တီ တော်သည်ကား၊ (စေတီအမှတ် ၁၈) လိုက်ဂူခမ်းမစေတီတော်ဖြစ်၍။ မူလစေတီတော်ကြီး၏၊ တောင်မုခ်ပေါက်နှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် တည် ရှိ နေ၏။ ဤအဆောက်အဦးမျိုးအတွက် လိုရင်းပုံစံအဆောက်အဦးကြီးများ၏ ပုံစံများအနက်၊ တခုအဖြစ်ဖြင့် အထူးစိတ်ဝင်စားဘွယ်ဖြစ်လေသည်။

ယခုကျန်ရှိနေသော အပျက်အစီးတို့သည်။ သာမညအရိုးစုတခုသာလျှင်ဖြစ်သော်လည်း၊ တိုင်များ၏ရှေးမူစနစ်ဖြင့်၊ သီးခြားထူးချွန်သော လှပခြင်းတမျိုးရှိလေသည်။ မြင်လောက်အောင် ယခုပေါ်ထွက်နေသောတိုင်များ နံရံများတို့သည်၊ A. D. သတ္တမမြောက်ရာစုထက် ပို ၍ ရှေး ကျအောင်၊ ရက်စွဲသတ်မှတ်ထားခြင်းမရှိပေ။ သို့ရာတွင် ၎င်းအောက်၌ ဤနေရာကိုပင်၊ အဆင့်ဆင့်ထပ်ခါထပ်ခါ တည်ထားခဲ့သော ရှေးသာ၍ကျသည့် စေတီငယ်သုံးဆူတို့၏ အကြွင်းအကျန်များတည်ရှိနေပေသည်။

ဂရိတ်ပြည် ရှေးဘုရားကျောင်းဟောင်းများကို သတိရစေသော အခြားအဆောက်အဦးတခုကို၊ ရှေ့မျက်နှာ၌ တိုင်နှင့်ဆောက်လုပ်ထားသော ဆင်ဝင်မုခ်ပေါက်တပေါက်နှင့်။ ရိုးရိုးအပြားလိုက်မိုးထားသော၊ စတုရန်းခမ်းမကြီးတခမ်းမှတပါး၊ အခြားတစုံတရာ မ ပါ ဝင်ဘဲလျက် ( ဘုရားကျောင်းအမှတ် ၁၇ ) အထူးချယ်လှယ်မွန်းမံထားခြင်းမရှိသော စေတီကလေးတဆူအတွင်း၌၊ တွေ့မြင်နိုင်လေသည်။

မြေရေိယာ ညီညာ သပ်ယပ် သော်လည်း။ အဆောက်အဦးဆိုင်ရာသင့်မြတ်ဘွယ်ရာခြင်း၊ အသတ်အမှတ် အချိုးအစား ကိုက်ညီခြင်း။ ရိုးရိုး

ပြောင်ချောသောမျက်နှာပြင်များနှင့် အလှကြိုယာ တန်း ဆာကွာခြားတို့ကို၊ ပေါ်ရဏာ ဂရိတ်ပြည်လက်သမားပညာဖြင့်၊ အကောင်းဆုံးဆောက်လုပ်ခြင်းများနှင့် ကောင်းစွာနှိုင်းယှဉ်ကြည့်နိုင်ပါသည်။

A. D. စတုတ္ထမြောက် ရာစုလောက် အချိန်ကာလကိုပိုင်ဆိုင်ခဲ့သောကြောင့်၊ ဤဘုရားစေတီတော်သည်၊ ရာဇဝင် အကြောင်း ယုတ္တိများအတွက်လည်း၊ အရေးကြီးသောအရာတခုဖြစ်လေသည်။ ဂုတ္တမင်းတို့လက်ထက်သည်၊ အိန္ဒိယပြည်၌ ကျောင်းဘုရားစေတီ လက် သ မား အတတ်ပညာ၏ရာဇဝင်တွင်၊ ခေတ်သစ်တမျိုးပေါ်ထွက်လာ၍၊ ဘုရားစေတီ၏အလယ်ဗဟိုရ်ချက်မသည်၊ အဝင်ဝတခုတည်းမှာ၊ (မဏ္ဍပ) ခေါ် ဆင်ဝင်မုခ်ဆောင်နှင့် (ဂရ်ဘဂရိဟ) ခေါ် လေး ဒေါင့် ပတ်လည် အခန်းတခန်း။ ဤရိုးရိုးအပြားယိုက်မိုးထားသော စေတီတော်အဘွင်း၌၊ ပဌမအကြိမ်အတွက်ထွက်ပေါ်လာ၍၊ ဘူဝနေဆွရဒေသ၌ လိင်ရာဇာကြီးကဲ့သို့ငင်း။ ကောနရက်ဒေသ၌ လျှဒါနိး ပူ ဇော် ထား သော နေမင်းစေတီကျောင်းကဲ့သို့ငင်း။ ခဂျုရဟော်ဒေသ၌ ခမ်းနားကြီးကျယ်သော ကန္ဒာရယ မဟာဒေဝေါကဲ့သို့ငင်း။ ဤကဲ့သို့ကြီးကျယ်မြင့်မြတ်သော၊ ဆောက်လုပ်ဖန့်တည်းပေးခြင်းများအဖြစ်သို့၊ အဆင့်ဆင့်ထပ်ခါထပ်ခါ ပေါ်ထွက်ဖြစ်ထွန်းလာရာ၊ အနာဂါတ်ကာလ အနုစိပ်လုပ်ငန်းတို့အဘွက်၊ အခြေခံမူလကို ကြီးစွာသောပြုပြင်ထောက်ပန့်မှုဖြစ်ခဲ့လေသည်။

စေတီကျောင်းများအနက်၊ ဆန်ချီတွင် ပုံစံငါးမျိုးရှိ၍၊ ၎င်းတို့သည်၊ နှစ်စွဲအားဖြင့် A. D. စတုတ္ထမြောက်ရာစုမှ၊ ဒွါဒသမမြောက် ရာစု အထိ၊ အချိန်ရှည်ကြာခဲ့လေသည်။ ဤနေရာတွင်၊ ရှေးကတည်ထားခဲ့သော၊ ပို၍ရှေးကျသည့်စေတီဟောင်းများကို၊ သစ်သားဖြင့် ဆောက် လုပ်ထားခဲ့ကြသဖြင့်၊ ပျက်စီးပျောက်ကွယ်ခဲ့လေပြီ။ သို့မဟုတ် နောက်ထပ်အဆောက်အဦးများ၏ အခြေအုပ်မြစ်များအောက်၌၊ မြုတ်၍သွားခဲ့လေပြီ။

ကြည်ညိုဘွယ် ယခုတည်ရှိလျက်နေကြသော စေတီများကို၊ စတုရန်းလဟာပြင် ပရဝုဏ်အဝန်းကို ပတ်ပိုင်းထားသည့်၊ နှစ်ထပ်ခန်းများအဆင့်

ဆင့်တို့ဖြင့်၊ ထုံးစံလေ့နမူနာအပေါ်မှာ၊ နည်းနည်းဖြစ်စေ၊ များ၍ဖြစ်စေဆောက်လုပ်ထားခဲ့ကြလေသည်။

ကျောင်းဘုရား စေတီများအနက်၊ စိတ်ဝင်စားဘွယ်အကောင်းဆုံးကား၊ အရှေ့မျက်နှာဘက်၌ရှိသော တောင်ကလာပ်၏အမြင့်ဆုံးသောနေရာပိုင်းပေါ်မှာ၊ တည်ရှိလေသည်။ ပဓာနပရဝုဏ်အဝန်း အထင်အရှားဖြစ်ခဲ့သော၊ အဝန်း၏အရှေ့ဘက်ဘေးတွင်၊ ဘုရားရှင်၏ မြင့် မား သော ကျောင်းတကျောင်းနှင့်တကွ၊ ကျောင်းခမ်းမများနှင့် ပတ်ဝိုင်းထားသောများပြားသည့်ပရဝုဏ်များရှိလေသည်။

ဆန်ချီဒေသ၏ ပြိုင်ဘက်မရှိသော အဆောက်အဦး အထိမ်းအမှတ်များကို၊ ရှေး ၁၀၁၀ ခုနှစ်လောက်အထိ။ ရာစုနှစ်ပေါင်းများစွာကို၊ လွန်မြောက်စေ၍၊ ပညာရှိများနှင့် ရှေးဟောင်းပစ္စည်းရှာဖွေသူ သိုက်ဆရာတစုတို့သည်၊ ဤမမေ့နိုင်ဘွယ်သော နေရာဌာနကိုပြန်၍ စိပင်ပြန့်ပွားလာစေရန်၊ကြိုးစားခဲ့ကြလေသည်။တူးဖေါ်ရှာဖွေခြင်း၊တဖန်ပြန်၍ပင်ရင်းအတိုင်းတည်ဆောက်ခြင်းတည်းဟူသော ကြီးကျယ်သည့်လုပ်ငန်းသည်၊ အိန္ဒိယပြည် ရှေးဟောင်းပစ္စည်းဌာန ဒါရိုက်တာချုပ်ဟောင်းတဦးဖြစ်သည့်၊ ဆာဥန်မာရှယ်လ်၏ ကျေးဇူးကြောင့်ဖြစ်လေသည်။

သူသည်အကြွင်းအကျန်ပစ္စည်းများကို၊ တဖန်ပြန်၍ တူးဖေါ်ယူယုံမျှသာမကသေး၊ ၎င်းတို့ကိုသည်း အသစ်တဖန်ပြန်၍ပြုလုပ်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် ထိုစေတီတို့ကို ရှေးကပုံစံနမူနာချိုးအစားမျိုးဖြင့်၊ တဖန်ပြန်၍၊ ထူထောင်ဆောက်တည်ထားသဖြင့်၊ ယခုဘော်ထုတ်၍ ပြထားသောအပျက်အစီးများသို့၊ ရောက်ရှိလာသည့်၊ ဥာဏ်ကြီးသူ အလည်အပတ်ခရီးသွားများသည်၊ ရှေးဟောင်းပစ္စည်းဝတ္ထုဆိုင်ရာ ဤနေရာဌာန၏ရှေးအခါက ခမ်းနားသာယာမှုကို ကြည့်ရှုတွေ့မြင်ဘို့ရန်၊ ယခုအခါတွင် ဖြစ်နိုင်သောအခြေမှာ တည်ရှိပေသေးသည်။

# အဂျန္တာနှင့်ဧလိုရာ။

ဗုဒ္ဓဘာသာဆိုင်ရာ မှတ်သားဘွယ်များအနက်၊ နှစ် ၄၅၀ န တို့ သည်၊ ဟိုက်ဒရဗဒ်အစိုးရနယ်တွင် တည်ရှိနေလေသည်။ မြင့် မြတ် သောရှုမျှော်ခင်းများအနက်၊ ကျဉ်းမြောင်းသော တောင် ၂ ခုအကြားတွင်၊ ထူးဆန်းအံ့သြဘွယ်ကောင်းသော အဂျန္တာ (Ajanta) လိုဏ်ဂူများတည်ရှိလျက်၊ ၎င်းတို့အနက် ဂူ၄ါးလုံးသည် စေတီများဖြစ်ကြ၍၊ အကျံသည်ဝိဟာရများ (ဘုရားကျောင်းများ) ဖြစ်ကြလေသည်။

ယခုတည်ရှိနေသော ကျောက် ဆောင်မှ ထွင်းပြီး လှပတင့်တယ်စွာ ထွင်းထုထားပြီးလျှင်၊ ပန်းချီဆေးများနှင့် ရေး ချယ် ဆင်ပြင်ထားသော လိုဏ်ဂူအချို့တို့၏ နံရံများ၊ တိုင်များ၊ မျက်နှာကြက်များနှင့်တကွ၊ ၎င်းတို့ကား၊ နှစ်ပေါင်း ၁၀၀၀ အချိန်အတောအတွင်း၌ ဗုဒ္ဓဘာသာအတတ်ပညာ၏ အဆက်မပြတ်သော အကြောင်းအရာချုပ်တမျိုးကို၊ စီမံခန့်ခွဲ၍ပေးပါသည်၊ ၎င်းပြင် အိန္ဒိယပြည်၌ မည်သည့်ရှေးဟောင်းပစ္စည်းအကြွင်းအကျံမဆို၊ လက်သမားပညာ၊ ပန်းပုပညာ၊ ပန်းချီပညာ တို့၏နှစ်သက်သဘောကျဘွယ်ရောနှောပေါင်းစပ်ခြင်းကို၊ ဤကဲ့သို့မဖေါ်ပြခဲ့ပေ။

ဧလိုရာဒေသ၏ အံ့သြဘွယ်သော လိုဏ်ဂူတို့ကို၊ ကျောက်တောင်ကလာပ်ကြီးတတောင်၏ တောင်စောင်း၌ ထွင်းဖေါက်တူးဖေါ်ထားလေသည်။ အဂျန္တာနှင့်မတူ အမူကွဲလျက်၊ ဧလိုရာသည် အိယန္ဒိပြည်၏ ဗုဒ္ဓဘာသာ၊ဗြဟ္မာဏဘာသာ၊ ဂျိုင်းဘာသာတည်းဟူသောဘာသါကြီး ၃ မျိုး၏ မှတ်ထိုက်မှတ်အပ်သော သတိရဘွယ်အထိမ်းအမှတ်များနှင့်ကျွန်ုပ်တို့အားပြသထားပေသည်။ ကြီးကျယ်စွာ အရုပ်ပန်းထုထားသော တသားတည်းသောကျောက်တိုင်ကို၊ ၎င်း၏ကြီးသောအရွယ်အစားနှင့်၎င်း၊ ကျယ်သောပရဝဏ်ဝင်းခြံနှင့်၎င်း၊ ပကတိကျောက်တိုင်များနှင့် ဆင်ဝင်မုတ်များနှင့်၎င်း၊ ရှုပ်ထွေးပွေလိမ်နေသော စကြံနိအခမ်းများနှင့်၎င်း၊ ဆေးပန်းချီချယ်လှယ်ထားသော မျက်နှာကြက်များနှင့်၎င်း၊ ကြီးမားသောပန်းပုအရုပ်များနှင့်၊ အလွန်ထူးကဲသော တန်ဆာပလာများနှင့်၎င်း၊ ဘော်ပြလျက်ရှိလေ

သည်။ ထို့ပြင် ကျော်ဇောသော ဗြဟ္မဏကေလာသဘုရားကျောင်းတော်သည်၊ ကျောက်ဆောင်၏ ဗဟိုရှိချက်မမှ၊ အားလုံးကိုမတ်မတ်တည့်တည့် ထုခွဲလုပ်ထားခဲ့သဖြင့်၊ အတတ်ပညာကမ္ဘာကြီးတွင်၊ အံ့သြဘွယ်ရာတခု ပင်ဖြစ်ချေသည်။

အဂျန္တဌာနသည်၊ မော်တော်ကားသွားနိုင်သော လမ်းတလမ်းဖြင့်၊ ဘုံဘေမြို့မှ ၂၆၁ မိုင်ဝေးသော G. I. P. မီးရထားလမ်းပေါ်တွင်၊ ဂျလ်ဂယောန်မီးရထားဘူတာရုံမှ ၃၇ မိုင်ကွာဝေးပါသည်၊ လမ်းခွဲတခုသည် လိုဏ်ဂူများမှ ၁၃ မိုင် ဝေးကွာသော ပါဟုယားရ်ဘူတာသို့ ပချောရဂျမ်နာရ်မီးရထားလမ်းဖြင့်သွားရပါသည်။ သို့ရာတွင် ဤလမ်းကိုပို့ဆောင်သယ်ယူခြင်းအခက်အခဲကြောင့်၊ ကောင်းသည်ဟုမဆိုနိုင်ပေ။

ဧလိုရာ (Ellora) နေရာသည်၊ (G. I. P. မီးရထား လမ်းပေါ်တွင်ရှိ၊ မန်မဒ်ဘူတာကိုဖြတ်၍ ဘုံဘေမြို့မှချဉ်းကပ်နိုင်သော ဟိုက်ဒရဗဒ်အစိုးရမီးရထားလမ်းပေါ်ရှိအောရန်ဂဗင်ဘူတာမှ ၁၄မိုင်ကွာဝေးပါသည်။ဤဌာနနှစ်ဌာနသို့ အပျော်ခရီးတိုတခုကို၊ တချိန်တည်းစီမံခန့်ခွဲရန် အကြံပေးထိုက်လှပေသည်၊ အစိုးရရှေးဟောင်းပစ္စည်းဌာနသည်၊ ကြိုတင်၍အကြောင်းကြားထားပါက၊ အလည်အပတ်ခရီးသည်များအတွက်၊တည်းခိုရန် နေရာထိုင်ခင်းအတွက်၎င်း၊ လိုဏ်ဂူများသို့ ၎င်းတို့အားပို့ဆောင်ခြင်းအတွက်၎င်း၊ စီမံရွက်ဆောင်ပေးလေသည်။

အဂျန္တလိုဏ်ဂူတို့သည်၊ ခရစ်ယန်မပေါ်မီ ခေတ်၏နောက်ပိုင်းရာစုများမှစ၍၊ အချိန်သတ်မှတ်ခါ၊ ရာဇဝင်သက္ကရာဇ်အရ ရေတွက်ခဲ့သော ၎င်းတို့သည် ဤအမျိုးအစားအဆောက်အဦးတို့၏အထိမ်းအမှတ်သဘွယ် ထွက်ပေါ်လာသော အပြည့်အစုံမှတ်တမ်းတခုပင်ဖြစ်လေသည်။ ရှေးအကျဆုံး ကူးဖေါ်ထွင်းဖေါက်ထားသော အဆောက်အဦးများသည်၊ အစဉ်အတန်း၏ဗဟိုရှိ၍၊ တည်ရှိကြ၍၊ နံပါတ် ၉ နှင့် ၁၀ လိုဏ်ဂူတို့သည်၊ အာဂျန္တာနေရာတွင်ရှိသော စေတီအခမ်းစရပ်များ၏အနက် ရှေးအကျဆုံးဖြစ်လေသည်။

ပဓာနအားဖြင့်လက်သမားပန်းပုံစံများပါဝင်သော မျက်နှာသာပန်းတန်ဆာများနှင့်တကွ၊ ဤသာ၍ ပုံစံရှေးရိုးကျသော စေတီအခန်း စရပ်များမှစ၍၊ အခြားပန်းပုံ ပန်းလှတန်ဆာမျိုး လုံး လုံး မ ပါဝင် လောက်အောင်၊ ဘုရားရုပ်ပွားတော်များ ပိုမိုများပြားလျက်၊ နံပါတ် ၁၉ နှင့် ၂၇ လိုဏ်ဂူများအထိ၊ နောက်ပေါ်လိုဏ်ဂူများအတွက်၊ ဘာသာရေး၌စွဲမြဲယုံကြည်သူတို့၏ စိတ်ပညာထင်မြင်ချက်တွင်၊ အဓိပ္ပါယ် လေး နက်သော ပြောင်းလွဲချက်များကို၊ ညွှန်ကြားပြသသော ကွက်လပ်ကြီးတနေရာရှိလေသည်။

မူနှင့်စိမံချက်တွင် ၎င်းတို့၏ရှေးဟောင်းမူသေများမှ၊ သိပ်မထူးခြားပေ။ သို့သော်အချောလုပ်ကိုင်ပုံများ၏စတိုင်၌ပင် လယ်ကွေ့ပမာခြားနားလေသည်။ ၎င်းတို့သည် ရေးဆွဲပုံ၌၊ အလွန်လှပရုံမျှမက၊ စိတ်ကူးချက်ခြားနားသော ကျောင်းတကျောင်းကိုလည်း၊ ပိုင်ဆိုင်ပါသည်။ သဘောကျဘွယ် အကောင်းဆုံးသော အသစ်ပြောင်းလဲလုပ်ကိုင်ချက်ကို၊ အဘွင်းအပြင်တတ်နိုင်သောနေရာအလုံးကို။ ဖုံးလောက်အောင်ပြုလုပ်ထားသော ပန်းပုရုပ်များ၏ တန်ဘိုး၌၊ မှတ်သားနိုင်ပါသည်။

နေရာတိုင်း၌ လှူဒါန်းဆုတောင်းပူဇော်ပွဲတင်ရာ ပလ္လင်ပေါ်မှာပင် ပန်းပုလက်ရာကြမ်းဖြင့် ဟန်ကိုက်စွာထွင်းထုထားသောရပ်တော်မူဖြစ်စေ၊ ထိုင်တော်မူဖြစ်စေ၊ "ရှိခိုးခြင်းနှင့်ပြည့်စုံသူ" ဘုရားရှင်၏ရုပ်ပွားတော်များကိုယ်းကွယ်ပူဇော်ထားကြပါသည်၊ ဤကျောင်းကြီးများ၏ လှပခြင်းသည်၊ ပူဇော်ထိုက်သော ဘုရားရှင်အား အရိုအသေပြုခြင်းအားဖြင့်၊ ကျောက်တုံး၌ခန့်ညားသောဆုတောင်းလင်္ကာတပုဒ်ဖြစ်လေသည်။ ၎င်းပြင် ရှေးလူဟောင်းများ၏ နတ်ကိုအရှင်းမယုံကြည်သော အယူဝါဒဖြင့်လွှမ်းမိုးနေသောရုပ်ထု ကိုယ်းကွယ်သောဝါဒ တခုသို့ ဆိုက်ရောက်ခဲ့လေသည်၊

ရဟန်းကျောင်းများကို၊ မရှောင်ကွင်း နိုင်သော ဤခြားနားချက်နှင့်ဆောက်တည်ထားသောကျောင်းများကဲ့သို့ဆောက်ထားကြသည်ကါး အတွင်းပရဝုဏ်ကွက်လပ်သည် တဘက်ဘေး၌တိုင်လက်ရန်းတခုနှင့်တကွ

အခြားဘေးသုံးဘက်၌ အခမ်းစဉ်များနှင့် တကွသော ဗဟိုရုံခမ်းမ၏ ပုံ သဏ္ဍာန်ကိုဆောင်ယူပါသည်။

များစွာသော အဂ္ဂနန္ဒ လိုဏ်ဂူ တို့ သည်၊ ရဟန်းများနေထိုင်ရန် ကျောင်းများဖြစ်၍၊ ဤဂူများအနက် အမှတ် ၁၂ နှင့် ၁၃ တို့သည်၊ နံပါတ် ၉ နှင့် ၁၀ ပလ္လင်ခမ်းများနှင့် အချိန်ကာလအားဖြင့်၊ တူညီလျက် ရှေးဟောင်းအစုများပါဝင်ကြလေသည်။ ရှေးဟောင်းအစုတည်း၌၊ အခမ်း မကြီးမှာ တိုင်များမပါရှိပေ၊ သို့ရာတွင်မကြာမီတိုင်ပါသောအခမ်းကြီးများ သည်၊ ပေါ်ပေါက်လာစပြုကြ၏၊ အဂ္ဂနန္ဒ၌ ဤကဲ့သောအစီအစဉ်များအ နက်၊ ရှေးအကျဆုံးပုံစံသည်၊ ဂူနံပါတ် ၁၁ ဖြစ်လေသည်။

တိုင်စိုက်ခြင်း၏နည်းကောင်း၌ နှောင့်နှေးကြံ့ကြာသော ခေတ် ကာလအချိန်သည်၊ ဗိမ္မ၌အမျိုးအစားညီစွာ အံကိုက်သောစနစ်ပုံတပုံကို၊ ခမ်းမကြီး၏လေးမျက်နှာဘေးပေါ်မှာ၊ ဆင်ဝင်မုခ်ပေါက်များကို စီမံချက် မျိုး ပေါ်ထွက်လာသည့်တိုင်အောင် လိုက်ပါလာသည်။

အထောက်အခံ ပေးထားသည့်အပြင်၊ ဤနည်းကျသောစနစ်ပုံသည် လိုဏ်ဂူ၏အတွင်းလုပ်ကိုင်ချက်ကို၊ ထပ်ပေါင်း၍ တိုင်တို့၏ အဘိုးထိုက် ပန်းတန်ဆာအလှတို့သည်၊ အချို့လိုဏ်ဂူများတွင်၊ အသေးစိတ်ရေးဆွဲ ထားသော ပန်းချီအနုပညာတို့ဖြင့်၊ ထပ်၍မြှင့်တင်ထားသော ကြီးကျယ် ခမ်းနားသည့် အကျိုးကျေးဇူးကို ပြုလုပ်ဖန်တည်းခဲ့လေသည်။

ဤအမျိုးအစားတို့အနက် အရေးအရောက်ဆုံးသည်ကား၊ အမှတ် ၁၆၊ ၁၇၊ ၁၊ နှင့် ၂ လိုဏ်ဂူများဖြစ်ကြ၍၊ ရှေ့ဂူနှစ်လုံးကို A. D.အ နှစ် ၅၀၀ လောက်ကတူးဖော်၍၊ နောက်လိုဏ်ဂူများကို၊ နောက်ရာစု လောက်တွင်၊ တူးဖော်ခဲ့လေသည်။ အသီးသီးသော ဤကျောင်းများကို၊ ခမ်းမကြီး၏နောက်ဘက် ဘေးအဆုံး၌၊ မိုကပ်နေလျက် ရုပ်ပွားတော်တ ဆူပါဝင်သော ကျောင်းကလေးတကျောင်းဖြင့် ထပ်မံဘော်ပြ ထားလေ သည်။

ဤလိုဏ်ဂူအားလုံးတို့သည်၊ ၎င်းတို့၏ခမ်းမကြီးကျယ်ခြင်းနှင့် တိုင်များ၏ဆန်းကြယ်လှပခြင်းများအတွက်၊ မှတ်သားဘွယ်ကောင်းလေသည်၊ မရေတွက်နိုင်အောင် အမျိုးမျိုးသော်လည်း၊ တပုံနှင့်တပုံ ထပ်တူထပ်မျှမတူကြဘဲ၊ မနှစ်သက်ဘွယ်ဖြစ်စေခြင်းမှ ကာကွယ်ထားသော စနစ်ပုံနှင့် ပုံသဏ္ဍာန်တို့၏ ယေဘုယအားဖြင့် တူညီမှုရှိလေသည်၊ လှပစွာထုလုပ်ထားသော တောင်ယက်မများနှင့် တိုင်ဖြင့်လုပ်ထားသော ‌ရှေ့မျက်နှာသာသည်၊ ခန်းနားသပ်ရပ်မှု၌ ယုတ်လျော့ခြင်းမရှိပေ။

သို့ရာတွင် အဂျန္တ၏ ဘုန်းသရေမင်္ဂလာသည်၊ ၎င်း၏ ပန်း ချီ ပညာများ၏စနစ်မှုနှင့် ခန့်ညားမှု၌တည်ရှိလေသည်။ ပညာရှင်များနှင့် ပန်းချီဆရာများ၏ တပြိုင်တည်းအချီးမွမ်းခံရလျက်၊ ပန်းချီပညာများကို ဝတ္ထုကားပုံများ၊ အရုပ်ကားများ၊ အလှပန်းများအဖြစ်ဖြင့် ပိုင်း ခြား ခွဲ ဝေနိုင်ပါသည်။ ဂေါတမဘုရားရှင်၏ ဇာတ်ဝတ္ထုတော်များနှင့် သက်တော်ထင်ရှား အဖြစ်အပျက်များကို ရေးဆွဲပြသထားသော ဝတ္ထုကားပုံများသည်၊ နေရာ၏ဂုဏ်ရည်ကို ဘော်ပြထားသလိုဖြစ်လေသည်။

အရုပ်ကားပုံတို့သည်၊ ဘုရားရှင်နှင့် ဘုရားအလောင်းတော်များ ပုံတော်များကိုင်း၊ ပုဏ္ဏား နတ်များ၏အရုပ်များင်း၊ ပါဝင်နေပေသည်။ အလှပန်းပုံများသည် စံနမူနာများဖြင့် အမျိုးမျိုး အ ထွေ ထွေ ရောယှက်လျှက်ရှိသော ပုံတခုကိုဘော်ပြလျက်ရှိပေသည်။ လိုဏ်ဂူများကဲ့သို့ပင် ပန်းချီကားများသည်လည်း၊ ကျယ်ပြန့်စွာသီးခြားထားသော ကာလ အစဉ်အစုများကို ပိုင်ဆိုင်ကြပါသည်။

ကားပုံတခုသည် ခရစ်ယန်ခေတ်မပေါ်မှီကိုင်း၊ အခြားတခုသည် A. D, ၆ ခုနှင့် ၇ ခုမြောက်ရာစုကိုင်း၊ သက်ဆိုင်စေလေသည်။ ပဌမအစုသည် ဘာရ်ဟုတ်နှင့် ဆန်ချီ တချိန်တည်းပေါ် ပန်းပုများ၏ တူညီချက်များကို အခိုင်အမာဘော်ပြ၍၊ အတော်ပင်ရင့်ကြက်သောပညာတရပ်ကို ပြသထားလေသည်။ စိတ် ထက်မျက်ပြင်းထန်သော အကြမ်းပုံတခုဖြင့် လေးနက်စေခဲ့သော ပန်းချီပုံ၏ ရိုးသားသောပုံတခုမှာ၊ ဤပုံစံသည် နံ

ပါတ် ၁၆၊ ၁၇။ ၁ နှင့် ၂ လိုဏ်ဂူများ၌ တွေ့မြင်ရသည့်အတိုင်း၊ ဒုတိယ အစု၏ အံ့သြဘွယ်သောပန်းချီကားများတွင် ပြီး ဆုံး ခြင်း သို့ ရောက်လေသည်၊ ၎င်းတို့၏ ကောင်းသောအဖွဲ့အစီး၌၎င်း၊ ရပ်တည်ပုံ၊ ရွေ့ရှားပုံများ၏ အသက်အမှတ်မရှိ ရွေးချယ်ချက်တခုဖြစ်သော်လည်း၊ သဘာဝ ဓမ္မအတိုင်း၊ ညီညာချိန်ဆချက်ဖြင့်၊ ပြောင်းလဲထားသောပုံ၏ နူးညံ့ပြော့ပျောင်းခြင်း၌၎င်း၊ နက်နဲညီညာသောအရောင်ဖြင့် လွှမ်းခြုံ ခြင်း ဖြင့် ရောစပ်ထားသော ၎င်းတို့၏ပြသခြင်းနှင့် ကွက်စိတ်ကျသော အရည်အချင်း၌၎င်း၊ စိတ်ကြည်နူးဘွယ်ကောင်းသော ဆေးကြောင်းများ၌၎င်း၊ အလွန်ကြီးမားသော သြဇာအာဏာကို သုံးသပ်ပြုလုပ်ထားသော အိန္ဒိယပန်းချီပညာ၏ ရှေးဟောင်းပညာကျောင်းကို၊ ဤနေရာတွင် ကျွန်ုပ်တို့ရရှိနိုင်ပေသည်။

အဂ္ဂန္တပန်းချီဆေးပညာတို့သည်၊ အရှေ့တိုက် ရာဇဝင်နှင့် အရှေ့တိုက်အတတ်ပညာအတွက်၊ ကျော်စောထင်ရှား လေးစားထိုက်သော အဓိပ္ပါယ်ကိုဆောင်နေလေသည်။ အရှေ့ အရှေ့ပိုင်းတွင် အတတ်ပညာသခ်ဏ်းစာအားလုံးကို၊ ဗုဒ္ဓဘာသာ၏အဆင့်ဆင့် အခြေအနေတို့၌၊ ၎င်း၏ရာဇဝင်နှင့်ပေါင်းစပ်ပူးတွဲထားလေသည်။ ၎င်းပြင်အတတ်ပညာရှာမှီးသူသည်။ အဂ္ဂန္တာကိုဗုဒ္ဓဘာသာဝါဒပေါ်ထွန်းရာနိုင်ငံ၌ ၎င်း၏ယုံကြည်မှုနှင့်အယူစွဲမြဲမှုတို့ဖြင့် ပြုလုပ်ဖန်တည်းခဲ့သော ဆေးရေးပန်းချီပညာ၏တည်လျှက်ရှိနေသော မှတ်တိုင်ကြီးတတိုင်သဘွယ်ပင်ဟု ဆက်ခါဆက်ခါ အလိုအလျောက် ညွှန်ပြလျှက်ရှိသည်ကို တွေ့ရလေသည်၊

အရှေ့တိုက်ရှိ ဗုဒ္ဓဘာသာနိုင်ငံအားလုံးတို့၏ ပန်း ချီ ပညာတတ်တို့သည်၊ သူတို့၏စိတ်ကူးကို ရှေးအဂ္ဂန္တထုံးစံစနစ်မှ နမူနာအတုယူခဲ့ကြပလေသည်။ ဤအထက်တန်းစားပန်းချီပုံများကို၊ ဖန်တည်းရေးဆွဲခြင်း၏နောက်၌ ဘာသာရေးခွန်အားဗလ၏ ထိန်လင်းချက်ရှိသော်လည်း၊ ရေးဆွဲသူဆရာတို့သည်၊ ကမ္ဘာနှင့်အမြဲမပြတ် ရောနှောပေါင်းစပ်ပြီး ဖြစ်ခဲ့ရပေမည်။

အဂျန္တလိုဏ်ဂူများ၏နံရံများ၊ တိုင်များ၊ မျက်နှာကြက်များသည်၊ တောများ ဥယျာဉ်များအတွင်း၌၎င်း၊ နန်းတွင်းများ မြို့တော်တွင်းများ၌၎င်း၊ ကွင်းပြင်ကျယ်ကြီးများ၊ တောနက်ကြီးများ၌၎င်း၊ အံ့သြဘွယ်ကောင်းသော ဇာတ်ကားတခုကိုနောက်ခံထား၍ လူစွမ်းကောင်းအာဇာနည်များ၊ မင်းသားများနှင့် သူတော်ကောင်းပညာရှိများဖြင့်၎င်း၊ အဆင့်အတန်းအမျိုးမျိုးမှ ယောကျ်ား မိန်းမတို့ဖြင့်၎င်း၊ ကပြကြသော ပြဇာတ်တထုပ်ဖြစ်သည့်၊ အသက်မွေးနေထိုင်မှု၌ချမ်းသါကြွယ်ဝမှုနှင့်၊ အကြောင်းအမျိုးမျိုးဖြင့် ပြဇာတ်ကြီးတဖွဲ့၏ နောက်ခံကားကို၊ ပြုလုပ်ကြလေသည်။

အားလုံးသော ဤအရာတို့မှာ ကမ္ဘာ့ မျက်နှာပြင်၏ ကျော်ထွက်လာသော အရောင်ပျံ့နှံ့ခြင်း၌၎င်း၊ တိရစ္ဆာန်သတ္တဝါတို့၏အားနှင့် ကြက်သရေ၌၎င်း၊ ကျေးငှက်များ ပန်းမာလာများ၏ ချစ်ခင်ခြင်းနှင့် ဖြူစင်ခြင်း၌၎င်း၊ ပျော်ရွှင်ပွဲကြီးကို ထွက်ပေါ်စေလေသည်၊ ၎င်းပြင် လှပသောအရာဝတ္ထုများဖြင့်၊ အဝတ်ထည်ကိုယက်လုပ်ထားသဖြင့်၊ ကျွန်ုပ်တို့မြင်ကြရသည်ကား ကမ္ဘာ့မဏ္ဍုဂ်ကြီး၏ စိတ်ဓါတ်မှန်ကန်ချက်များဖြင့်၊ စီစဉ်ထားသော နမူနာပုံစံဖြစ်လေသည်။

လေိုရလိုဏ်ဂူများအနက် တောင်စောင်း၏ တောင်ဘက်ဆုံး ထိပ်တလျှောက်၊ ဂူဆဲ့နှစ်လုံးတို့သည်၊ ဗုဒ္ဓဘာသာဆိုင်ရာအစီအစဉ်ကိုပြုလုပ်ဖွဲ့စည်းထားလေသည်။ ပုဏ္ဏားနှင့် ဂျိန်းများလည်း၊ ဂူတူးဖေါ်ရေးများ၌ စိတ်ဝင်စားဘွယ် ဖြစ်ပေါ်လာချက်များကို ဖေါ်ပြလေသည်။ ဗုဒ္ဓဘာသာဂူများသည်၊ A. D. သက္ကရာဇ် ၅၅၀ နှင့် ၇၅၀ ကြားလောက်နီးနီးရာစုနှစ်ရာစုအချိန်လုပ်ငန်းစဉ်ကို အုပ်မိပုံရပါသည်။

ဤ ဂူ များ အ နက် ဝိဆွကရ်မဂူသည်၊ ( နံပါတ် ၁၀ ) အဂျန္တ၌ နောက်အကျဆုံး ဘုရားနှစ်ဆူနှင့် အချိန်တူလောက်ဖြစ်သော်လည်း ရှေးမျက်နှာသာစီစဉ်ချက်တွင်။ အရေးကြီးသော ပြောင်း လဲ ချက် တချက်ကို၊ ဘော်ပြသော ပလ္လင်ခမ်းကြီးတခုရှိလေသည်။ တစုံတယောက်သည်၊ ဤကဲ့သို့သော ဘုရားရှေ့မျက်နှာသာများကို ဤကဲ့သို့ထင်ရှားသော လက္ခဏာ

ကိုဘော်ပြသည့်၊ မြင်းခွာပုံဖေါက်ထားသောပလ္လင်ခန်းပြူတင်းပေါက်ကို၊ ဤနေရာ၌တွေ့ရသေးသည်။

ဤရှေးဟောင်းဓလေ့ မျက်နှာသာပြန်၍ ပြောင်းလဲချက်မှာ၊ အမြန်ပြောင်းလဲရန် ကြိုးကြိုက်နေသည်ဟု၊ ကြံတင်၍သိမြင်ပုံရပေသည်။ ဤအရာကို လှူဘွယ်တင်ရန် ပလ္လင်က အားလုံးကိုပိတ်ဆို့ထားသော၊ ခမ်းမ၏အတွင်းဘက် နေရာကွက်လပ်၏အဆုံး၌ နောက်ထပ်ထင်မြင် ပေါ်ထွက်လာပေသည်။ ၎င်းသည် အရှိအသေပြုခြင်းအတွက်၊ ပဓာနအချက်ဖြစ်သော ဘုရားရှင်၏ရုပ်ပွားတော်ကြီးအတွက် အရေးပါသောနောက်ခံကားအဖြစ် ယခုအခါ အသုံးခံလျက်ရှိပေသည်။

ရဟန်းကျောင်းဂူများသည်၊ တူးဖေါ်သောပစ္စည်းအချို့၌၊ အမျိုးမျိုးရှိကြသော်လည်း၊ အဂ္ဂန္တကျောင်းပုံနှင့် ထပ်တူထပ်မျှဆိုသလိုပင် ဖြစ်ခဲ့ကြလေသည်။ နံပါတ် ၂ ဂူသည်။ ဘေး ၂ ဘက်ပေါ်၌၊ ဘုရားရုပ်ပွားတော်တဆူစီနှင့် ကျောင်းခမ်းများအစားဖြစ်ပြီးလျှင်၊ အခမ်းများရှိသော ဘေးဘက် စင်္ကြံနံလမ်းများကြောင့် စိတ်ဝင်စားဘွယ်ဖြစ်လေသည်။

နံပါတ် ၅ ဂူသည်၊ တိုင်တန်းနှစ်တန်းဖြင့် ဗဟိုရ်ချက်မနှင့်၊ စောင်းတန်း ၂ ခုကိုခွဲခြားလိုက်သဖြင့်၊ အိန္ဒိယပြည်ရှိ ကြီးကျယ်သော ဘုရားဂူကျောင်းအဆင့်အတန်းများတွင်၊ ပြိုင်ဘက်မရှိအောင်တည်ရှိနေပေသည်။ နံပါတ် ၈ လိုဏ်ဂူသည် အောရန်ဂဘဒ်ဂူများ၏အချို့တို့၌၊ ကျွန်ုပ်တို့တွေ့ရသကဲ့သို့၊ လွတ်လပ်စွာတည်နေလျက်၊ ပတ်ပတ်လည်လမ်းတလမ်းနှင့် ရှားမဲ့ဌာနတခုကို၊ ဘော်ပြသောကြောင့် အရေးကြီးပေသည်။

သို့ရာတွင် အလွန်အရေးကြီးဆုံးသော ဂူများကား၊ နံပါတ် ၁၁ နှင့် ၁၂ နှစ်ထပ်ကျောင်းနှစ်ဆောင်ဖြစ်လေသည်။ တင်ပဲလ်ခေါ် နံပါတ် ၁၂ ဂူသည်၊ မျက်နှာသာဥပစာတွင်၊ ကွက်လပ်အဝန်းတို့ဖေါက်ထားသည့် ကျောက်ခေါင်းဝင်း တံခါးဝနှင့်တကွ၊ ပို၍နေရာသက်သာချောင်ချိလေသည်၊ ဤရှေ့ဥပစာသည်၊ စထုရန်းတိုင်ရှစ်လုံးပေါ်မှာ၊ ဆောက်လုပ်ထားသော စင်္ကြံလမ်းတခုစီနှင့် အထပ်သုံးထပ်မြင့်လေသည်။

ထို့ပြင် အတွင်းဘက်၌ အထပ်အသီးသီးကို၊ ခြားနားစွာစီစဉ်ထားပါသည်။ မြေအောက်အထပ်သည်၊ အဝေးစွန်းဘုရားခန်းတခန်း၊ ဘေးတဘက်တချက်တွင်၊ လေးဒေါင့်ခန်းကလေးများနှင့်တကွ၊ တိုင်နှင့်ဆောက်လုပ်ထားသော ခမ်းမကြီးကို ဆောက်နေကြပုံစံနမူနာအတိုင်းဖြစ်လေသည်။ ပထမအထပ်သည်၊ ဂူနံပါတ် ၂ တွင်၊ ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း၊ ကျောင်းခမ်းများ၏အစား၊ ဘေးနှစ်ဘက်တွင်၊ ရုပ်ထုများအတွက်၊ စင်္ကြံခမ်းတခုရှိလေသည်။

အပေါ်ဆုံးအထပ်၌အခမ်းကို ကျောက်ဆောင်တွင်းသို့ ဖေါက်သွင်းထားသော၊ ပဒေါင်းဝင်ရိုးတခုနှင့်၊ ဒေါင့်မှန်များ၌ ကန့်လန့်ဖြတ်လျက်၊ ဘေးတဘက်တချက်ပေါ်တွင်၊ ကန့်လန့်ယက်မဘောင်တခုနှင့်၊ ကြက်ခြေခတ်ပုံသဏ္ဍာန်ဖြင့် ကြံ့စီပြုလုပ်ထားခဲ့သည် ထင်ရလေသည်။ ဘုရားဆောင်ကိုပဒေါင်းဝင်ရိုးနှင့်၊အသီးသီးသောကြက်ခြေခတ်ပုံသဏ္ဍာန်ဘေးများပေါ်ရှိကျောင်းခန်းတို့၏အစွန်းများ၌ ပြုလုပ်ထားလေသည်။

ဤကြက်ခြေခတ်ပုံသဏ္ဍာန်စီမံကိန်း၌ ရှေးဦးအစ လုလ္လပြုချက်ကို ဂူနံပါတ် ၅ အတွက်၊ ကန့်လန့်ဖြတ်စနစ်ပုံကို တွေ့မြင်မှတ်သားနိုင်ပေသည်။ တင်းသောလိဂူသည်၊ အိန္ဒိယတပြည်လုံး၌၊ စိတ်ဝင်စားဘွယ်အကောင်းဆုံးသော အတန်းအစားများအနက်၊ တခုအပါအဝင်ဖြစ်လေသည်။ ခန့်ညားသော ရှေ့ဥပစာသည်၊ ပေ ၅၀ နီးပါးမြင့်လျက်၊ အလွန်ပင်ရိုးသားပေါ်လွင်သော်လည်း၊ ဂူ၏အပြင်ဘက်မျက်နှာပန်းအတွက်၊ ဂုဏ်ရည်တန်ခိုးတောက်ပစေလေသည်။

ရှေ့ဥပစာအတွက် ယဉ်ကျေးစွာဆောက်လုပ်ခြင်းကို၊ ခြားနားစွာ၊ စီမံဆောက်လုပ်ထားသော်လည်း၊ တလျှောက်လုံးစံနမူနာ၏ အချိန်အဆညီညာခြင်းကို ဘော်ပြသောအထပ်အသီးသီး၏ အတွင်းစီမံချက်၌၊ ပန်းပုများ၏ ကောင်းမွန်သေသပ်ခြင်းကြောင့်၊ အပြန်အလှန် စံချိန်ကိုက်နေပေသည်။ ၎င်းပြင်ဂူဆောက်လုပ်ရေးအတတ်ပညာ၌ သာလွန်ရန်ခဲရင်းလိမ့်မည်ဖြစ်သော ဆိုင်ရာစိတ်ကူးချက်၌ ခန်းနားခြင်းနှင့် သင့်မြတ်ခြင်းတမျိုးရှိပေသည်။

အဂျန္တ၏ ဆေးရောင်ရင့်သောပန်းချီများကိုနိုင်းယှဉ်ရာ၊ ပန်းပုများသည်၊ အရွယ်အစားအားဖြင့် ကြီး၍ဖြစ်၍ပြုလုပ်ရာ၌ အ ထက် တန်း ကျ လျှက်၊ လေ့ရာ၏ အရေးကြီး သော အမွေ အနှစ် တမျိုး ဖြစ် ပေ သည်။ ၎င်းတို့သည် မြတ် စွာ ဘု ရား၊ ဘုရားအလောင်းတော်များနှင့်၊ အခြားသောနတ်ရုပ်များကို၊ ပဓာနထား၍ ရုပ်ပုံထုလုပ်ကြသဖြင့်၊ ဤကဲ့သို့ထုလုပ်ပုံဖေါ်ခြင်းများအတွက်။ မှတ်သားထားသောနည်းနိသျ တို့ကို လိုက်နာ၍၊ အဂျန္တပန်းချီပညာ၌ ကျွန်ုပ်တို့တွေ့ရသလို၊ မကုန် ခမ်း နိုင် လောက်သော ဝ တ္ထု ပုံ ပြင် စုဆောင်းချက်များမှ၊ အကျဉ်းချုပ်ဝတ္ထုခမ်းများ၌ တွေ့မြင်သိမှတ်ကြရသောလွတ်လပ်ခြင်းအမျိုးမျိုးတို့သည်၊ ရှိကြသေးပေသတည်း။

## နာလန္ဒာ။

နာလန္ဒ (Nalanda) ၌ အနံ့အပြားကျော်စောသော ကျောင်းအဆောက်အဦးတို့သည်ကား၊ နောင်ခေတ် ဗုဒ္ဓဘာသာ ရာဇဝင်တွင်၊ မြင့်မြတ်စွာအရေးကြီးခြင်းတခုဖြစ်လေသည်။ ပေါရာဏစကားအရ၊ ဤနေရာသို့ ဘုရားရှင်သည် ကြိမ်ဖန်များစွာကြွရောက်တော်မူခဲ့လေသည်၊ ကျောင်းကန်အဆောက်အဦးတို့၏ရာဇဝင်ကို အသောကမင်းကြီး လက်ထက်တိုင်အောင်၊ လမ်းစရှာဖွေ၍တွေ့ရလေသည်။

သို့ရာတွင် ရှေးဟောင်းပစ္စည်း တူးဖေါ်ရေးလုပ်ငန်းများသည်၊ ဂုတ္တတို့ခေတ်ကာလထက်၊ ရှေးကျစွာတည်ရှိနေခြင်းအတွက် ခိုင်လုံသောသက်သေတစုံတရာကို မတွေ့ရှိရသေးချေ။ ၎င်းပြင် စာပေသမိုင်း၌ ပတ်သက်ပူးတွဲသော ကျောက်စာမော်ကွန်းများ၊ အမှတ်တံဆိပ်များနှင့် အခြားပစ္စည်းကြွင်းများစသော သက်သေခံချက်အစဉ်သည်၊ A. D. သက္ကရာဇ် ပဥ္စမမြောက်ရာစုမှ အောက်သို့ဒွါဒသမရာစု တိုင်အောင်၊ ဤကျော်စောသော ကျောင်းကန်ဘုရားနေရာ၏ စီပင်သာယာသောအခြေအနေ၏ အလင်းရောင်ကိုပြသပေသည်။

အောင်ပန်းချူးခဲ့သော တရုပ်ဘုရားဖူး ဟ^ဝ^ယူယင်ဆန်ဂ်သည်၊ အတော်ကြာနေထိုင်ခဲ့ဘူးသော်နေရာကား၊ ဤကျောင်းမှာပင်ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်သည်၊ နေထိုင်သူဦးရေ ၁၀,၀၀၀ လောက်ကို၊ ၎င်းတို့၏ စည်းမျဉ်းဥပဒေများ ကျင့်ဝတ်တရားများနှင့်တကွ၊ အမျိုးမျိုးသောအဆောက်အဦးတို့၏ အသေးစိတ် အကွက်ကျ မှတ်ချက်တခုကိုရေးသားခဲ့ပေသည်။

ထိုပုဂ္ဂိုလ်သည်လည်း ဟားရှားမင်းကြီးနှင့်အခြားများစွာသော ရှေးမင်းကြီးများကို၊ ဤအဆောက်အဦး၏အကျိုးဆောင် ဒါယကာဟုဘော်ပြခဲ့လေသည်။ အခြားတရုပ်ခရီးသည် အိုင်ဆင်းဂ် သည်၊ အခြားအခြားသော ရှင်ဘုရင်တို့က၊ လှူဒါန်းထားခဲ့သောရွာပေါင်း ၂၀၀ မှ ကိုးကွယ်ထောက်ပန့်ထားလျက်၊ နာလန္ဒာရဟန်းတော်များ သီတင်းသုံးနေထိုင်ခဲ့သော အထွေထွေပွဲတော်တခုကို၊ ကျွန်ုပ်တို့အဘွက်ရေးမှတ်ထားခဲ့လေသည်၊

နာလန္ဒာသည်၊ ၎င်း၏ထူးချွန်သော ပညာရှိဆရာများအတွက်၊ ထိုစဉ်အခါက ကမ္ဘာတဝမ်း၌ ကျော်ကြားခဲ့သည့်အပြင်၊ သီလဘဒြထေရ်၊ သန္တရက္ခိတထေရ်၊ အတိသဒိပင်္ကရာထေရ်၊ စသော ၎င်း၏အာစရိယပုဂ္ဂိုလ်ကျော်များ၏ အမည်နာမသည်၊ အခြားများစွာသောသူတို့၏ အလင်းရောင်ကြက်သရေတမျိုးသည်၊ တောက်ပြောင်လျက်ရှိသော လရောင်များသဘွယ်၊ နာလန္ဒာ၏ အဘိုးတန်ရာဇဝင်တလျှောက်၌၊ မဟာဝိဟာရများရှိ မြင့်မြတ်ထင်ပေါ်ခြင်း၏အာရုံကို ပေါ်ထွက်လာခဲ့စေလေသည်။

နာလန္ဒာကို ဗတ်စ်တိယန်ပူးရ်မှ ၂၅ မိုင်။ ရတ်ဂျ်ဂီးရ်မှ ၇ မိုင်ရှိ၍။ ဗတ်စ်တိယန်ရ် ရာဂ်ျဂီးရ် (ရာဇဂြိုဟ်) ရထားလမ်းကလေးပေါ်ရှိ ဗာရ်ဂေါန်ခေါ်၊ ယခုရှိနေသည့်ရွာကလေးဟု အသိအမှတ်ပြုထားကြပါသည်။ အပျက်အစီးများမှာ၊ မီးရထားဘူတာရုံမှ တမိုင်ခွဲလောက်တွင် တည်ရှိနေ၍၊ ၎င်းဘူတာသည်လည်း၊ နာလန္ဒာ ဟူ သော အမည်ဖြင့်၊ တည်ရှိလေသည်။ နေရာထိုင်ခင်းမှာ နာလန္ဒာပြတိုက်၏ ဂေါပကလူကြီးက စီစဉ်ပေးရန်ဖြစ်လေသည်။ သို့မဟုတ် ဤနေရာရှိ အစောင့်မိုလ်ထဲတတဲ၌၎င်း၊ ဓမ္မသာလာများ၌၎င်း၊ နေရာထိုင်ခင်းရရှိနိုင်သော ရာဂ်ျဂါးရ်မှ သွားရောက်လည်ပတ်နိုင်ပါသည်။

နာလန္ဒာအပျက်အစီးများသည်၊ ကျယ်ပြန့်သောမြေရိယာ ကွက်ကြီးပေါ်မှာ ဖုံးအုပ်လျက်ရှိလေသည်။ တွေ့မြင်ရသောအဆောက်အဦးများမှာ၊ ကျယ်ဝန်းသောအဆောက်အဦးကြီး၏ တစိတ်တဒေသ ကို သာလျှင်ဘော်ပြ၍၊ကျောင်းနေရာများ၊ စေတီပုထိုးနေရာများ၊ ဘုရားကျောင်းနေရာများပါ ပါဝင်လေသည်။ အလျားလိုက်အားဖြင့်၊ ထိုအရာများမှာ တောင်မှမြောက်သို့ယိုးထွက်လျှက်။ အရှေ့ဘက်ဘေးပေါ်မှာ။ ကျောင်းများ။ အနောက်ဘက်ဘေးပေါ်မှာ၊ စေတီများနှင့် ဘုရားကျောင်းများရှိကြလေသည်။

ကျောင်းချားကို အားလုံးပင်၊ ဗဟိုရ်ကွက်လပ်ပတ်လည် စကြံန်လမ်းတလမ်းဖြင့်၊ ရှေးကသွားသော အခန်းအစဥ်အတန်းနှင့်တကွ၊ အဝင်ဝနှင့် တဘက်တည့်တည့် နောက်နံရံ၌ ဘုရားဆောင် တ ခု နှင့် တကွ၊ အသီးသီးကိစ္စအရာ၌၊ ပိုသည်ဖြစ်စေ၊ လို သည် ဖြစ်စေ၊ ပုံတူအားဖြင့် ဆောက်လုပ်ထားကြလေသည်။ တခုပေါ်တခုထပ်နေသည့် ခြားနားသောမြေထပ်မြေလွှာတို့သည်၊ လုံးလုံးထင်ရှား၍၊ ထပ်ခါထပ်ခါ ပြန်၍ပြင်ခြင်း၊ အသစ်မွမ်းမံခြင်းတို့ကို ဘော်ပြထားပေသည်။

ဤဘုန်းကြီးကျောင်းများသည်၊ အထပ်ရှိသောအဆောက်အဦးများဟု သက်သေထင်ရှားချက်များရှိပေသည်။ ၎င်းတို့၏ အပျက်အစီးများအတွင်း၌၊ ခန်းနားကြီးကျယ်၍၊ ကြက်သရေရှိသော အတိတ်ကာလ၏သတိရခြင်းကို ဆောင်လျှက်ရှိပေသည်။ နံပါတ် ၃ စေတီနေရာမှာ အနောက်တောင်ဘေးရှိ ကွက်လပ်တခု အလယ်ဗဟိုရ်တွင်တည်ရှိလျှက်။ ဆုတောင်းပြည့်စေတီတော်အမြောက်အများဖြင့် ပတ်ဝိုင်းထားသော အဆောက်အဦးကြီးတခုဖြစ်လေသည်။

မူလစေတီတော်မှာ ထပ်ခါထပ်ခါချဲ့ထွင်၍၊ မျိုကာတည်ထားသော အဆောက်အဦးကလေးဖြစ်၍၊ ကျွန်ုပ်တို့ရှေ့၌ ယခုတည်ရှိနေသော အဆောက်အဦးမှာ၊ ဤသို့ ခုနစ်ထပ်ထပ်၍ ဆောက်ခြင်း၏အကျိုးဖြစ်လေသည်။ ထပ်ခါထပ်ခါ ချဲ့ထွင်ဆောက်လုပ်ခြင်းများသည်၊ မူလစေတီတော်

၏စေတုရန်းမှုကိုအတုလိုက်၍၊ ဤစေတီတော်များအနက်။ ဂရုတစိုက်စောင့်ရှောက်၍ထားသော ပဉ္စမမြောက်မှာ လေးဒေါင့်မုခ်ပြသာဒ်များပါရှိ၍၊ ကောင်းစွာ ပုံဖေါ်ထားသော အင်္ဂတေအရုပ်များဖြင့်၎င်း၊ A. D. သတ္တရာစ် ဆဌမမြောက်ရာစုအချိန်လောက်က၊ အက္ခရာများဖြင့် ရေး ထား ခဲ့သည့် ဖြူစင်သော ဗုဒ္ဓဘာသာကျမ်းဂန်များနှင့် စာ ရေး ထိုး ထားသော၊ အုပ်များနှင့်တကွ အခါအခွင့်အားလျော်စွာ ဆုတောင်းပြည့်စေတီများနှင့် အဆောက်အဦးတို့ဖြင့် တန်ဆာဆင်ထားပါသည်။

ဤစေတီတော်မြောက်ဘက်၌၎င်း၊ သို့မဟုတ် တစဉ်တတန်းတည်း၌၎င်း၊ ပို၍ရှေးကျသော ဘုရားဟောင်းတဆူ၏ အကြွင်းအကျန်များအပေါ်မှာ တိုက်ရိုက်ငုံ၍တည်ထားသော နောက် ပေါ် ဘု ရား ကျောင်းတကျောင်းစီနှင့် ကျောင်းအဆောက်အဦးများကို ဘော်ပြခဲ့လေပြီ။ နောက်ထပ်အဆောက်အဦးသည်၊ ဘုရားစေတီတော်ကလေးများအဘွက်၊ ကြံစီထားသော စ တု ရမ်း အခန်းကလေးများ၏ ဒေါင့်လေးဒေါင့်တွင်၊ လေးဒေါင့်အညီထိုးထွက်နေသောအရာများကို ပြသထားပေသည်။

ဝိုင်းနေရှိသော ကွက်လပ်အတွင်း၌၊ ဘု ရား ကျောင်းဆောင် ကလေးများ၊ ဆုတောင်းပြည့်စေတီများ စသည်တို့၏ ပုံစံနမူနာဖြင့် အဆောက်အဦးများ၏လမ်းစအကြွင်းအကျန်များရှိကြလေသည်။ ဤသို့သော အကြွင်းအကျန်တို့မှာ၊ ဘေးဘက်အားလုံးပေါ်မှာကျယ်ပြန့်လျှက်၊ နောက်ကျိုးစားရှာဖွေခြင်းများသည်၊ ဤကျော်စောသောနေရာ၌ ပေါ်ထွက်လာသော အဆောက်အဦးများစွာတို့၏ တည်ရာဌာနကိုဘော်ပြရန် လိုပေသေးသည်။

အနီး၌ရှိသောပြတိုက်တွင်၊ မြေတူးဖေါ်ခြင်း များအတွင်းမှတွေ့ရှိရသောများစွာသော ပန်းပုများနှင့် အခြားရှေးဟောင်း ပစ္စည်းများကိုခိုင်မြဲစွာတည်စေလျှက်၊ ထားရှိသဖြင့်၊ ခရီးလှည့်လည်သူများအဘို့၊ နှစ်သက်ဘွယ်ရာ ကြည့်ခြင်းများဖြစ်လေသည်။ သိုက်ဘက်ဆိုင်ရာဝတ္ထုပစ္စည်း၏

တန်ဘိုးသည်။ များစွာဘော်ညွှန်း ထားပေသည်၊ ၎င်းမှာကျေးနီပြား ကျောက်စာများ အုပ်ချပ်များနှင့် မြေညက်နီတံဆိပ်များအပေါ်၌ စာတန်း များပါဝင်လေသည်။

နောက်ဒုတိယအရာများအတွင်း၌၊ ကျောင်းကြီး၏ ရဟန်းသံဃာ တော်တို့၊ ပိုင်ဆိုင်သော အာဏာတံဆိပ်ကို ရရှိပါသည်၊ အုပ်ချပ်စာတန်း များသည်၊ အကြောင်း၏နှောင်ကြိုးတည်းဟူသော ဘုရားရှင်၏တရားအ လိုတော်ကို၊ အနုစိပ်လျက်၊ နိဒါနသုတ္တ သို့မဟုတ် ပဋိစ္စသမုပ္ပါဒသုတ္တကဲ့ သို့သော၊ ဤတရားကျမ်းစာများကို၊ မှတ်သားထားပါသည်၊ ၎င်းပြင်ထို့ အတူဖြစ်သော ဓရနီစာပေကိုပင်၊ ဘဲဥပုံမြေညက်နီ တံဆိပ်များစွာအ တွင်း၌၊ တွေ့ရှိနိုင်ပေသည်။

နာလန္ဒာသည် ဤအဆောက်အဦးကိုစွန့်ကြဲ လှူဒါန်းလျက်၊ စောင့် ရှောက်ထောက်ပန့်ထားခဲ့သော ရာဇဝင်တင် ပဒေသရာဇ် ကေရာဇ်မင်း များ၏ ဘုရင့်တံဆိပ်တော်များအတွက်၊ တရားသဖြင့်ကျော်ကြားခဲ့ပေ သည်။ ကေရာဇ်နွယ် ဂုတ္တနန်းထက်မှ၊ နရသီဟဂုတ္တမင်း ဒုတိယမြောက် ကုမာရဂုတ္တမင်း၊ ဝိနယဂုတ္တမင်း၊ ဝိသျှနုဂုတ္တမင်းတို့သည်၎င်း၊ မောက္ခလီ နန်းဆက်မှ၊ သဗ္ဗာဝမ္မန်မင်း၊ အဝန္တီဝမ္မန်မင်းတို့သည်၎င်း ကာမရူပအဆက် မှ၊ ဘက္ကာရဝမ္မန်မင်းသည်၎င်း၊ ကနောဇ္ဇအဆက်မှ၊ ဟာသျှဝဒ္ဓနမင်းသည် ၎င်း၊ အမည်မသိရသောအဆက်အနွယ်မှ၊ အခြားများစွာသော မင်းတို့ သည်၎င်း၊ ဤကဲ့သို့သောမင်းအမည်တို့ကို ဘော်ညွှန်းခဲ့လေသည်။

ဤအဆောက်အဦးတို့ကား၊ အဝေးအနီးမှ အချိန်ကာလ ဆက်ခါ ဆက်ခါ မတွန့်တိုသော ဘုရင်ကိုးကွယ်ချက်ကို၊ နှိုးဆော်တိုက်တွန်းရန်၊ စွမ်းနိုင်သည့် အချက်ပင်ဖြစ်လေသည်။ ဤအချက်များကို၊ ကျောက်စာသ မိုင်းတခုသည်၊ ကာနောဇ္ဇအဆက်၊ ယသောဝမ္မန်မင်း၏အမည်ကို၎င်း၊ ကျောက်ပြားစာသမိုင်းစာများသည်၊ (ဂျားဝါး စုမတြာ) သီရိဝိဇယ ပြည်တွင်၊ သိုလ္လင်ဒြာနန်းဆက်မှ၊ ဗလပုတြဒေဝရှင်ဘုရင်မည်သောအိန္ဒိယ ပြည်ပမှ ဘုရင်ကိုးကွယ်ထောက်ပန့်ချက်ကိုလည်း ပါဝင်စေလျက်၊ ပါလ

ရှင်ဘုရင်တို့တွင်၊ တန်ခိုးအကြီးဆုံးဖြစ်ကြသော ဓမ္မပါလမင်းနှင့် ဒေဝပါလမင်းတို့၏ အမည်များကိုလည်း ပေါင်း၍ဖော်ပြထားလေသည်။

နောက်ပါလကေရာဇ်မင်းများ၏ အတွင်းဝယ်၊ ပဉ္စမမြောက်မဟီပါလမင်းသည်၊ ဤအနှံ့အပြား ကျော်စောသော အဆောက်အဦးကိုများစွာပြန်၍ပြင်ဆင်ခြင်းများနှင့်၊ အသစ်မွမ်းမံခြင်းများအတွက်၊ ထူးချွန်ရက်ရောစွာကူညီခဲ့စဉ်၊ ဝိပုလသိရိမိတ္တမည်သော ရဟန်းတော်တပါးသည်၊ ၎င်းနေရာ၏ အတ္တုပ္ပတ္တိရာဇဝင်ဆုံးခမ်းတိုင်မည့် နေ့များတွင်၊ ထိုနေရာ၌ ကျောင်းတကျောင်းဆောက်ထားခဲ့သည်ဟု ထင်ရှားခဲ့လေသည်၊ တသီးပုဂ္ဂလပုဂ္ဂိုလ်များအတွင်း၌၎င်း၊ မှူးမျိုးမတ်မျိုးများအတွင်း၌၎င်း၊ ဆင်းရဲသားများအတွင်း၌၎င်း၊ ညီမျှစွာအခြားထောက်ပံ့လှူဒါန်းခဲ့သူများလည်း ရှိခဲ့ကြလေသည်။

နာလန္ဒာနှင့်တကွ ဗင်္ဂလားဗီဟာနယ်၌၊ အခြားအပြိုင်ဌာနတို့တွင်၊ စောင့်ရှောက်လေ့ကျင့်သော ဗုဒ္ဓဘာသာတရားသည်၊ မူရင်း ဟီနယာနဝါဒ မဟုတ်တော့ချေ။ ၎င်းသည် ရှေ့ဟောင်း မဟာယာနဝါဒလည်း မဟုတ်ချေ။ ၎င်းကို တန္တြရစ်ပုဏ္ဏားအယူဝါဒမှ အလွန်မကွာဝေး မခြားနားသော တန္တြရစ်ဝါဒ၏ ထင်မြင်ချက်အလိုများနှင့် များ စွာ ရောပြွမ်းနေပါသည်။

လူမသမာတို့ ကျူးကျော် ဝင်ရောက် တိုက်ခိုက် ခြင်းသည်။ ဂေါတမဘုရားဘာသာဝါဒ၏ ဤစုပြုံနေသော ခံတပ်ကြီးများကို၊ တချက်တည်း ပျက်စီးပျောက်ကွယ်စေခဲ့၍၊ ၎င်းဝါဒကို ယခုခေတ်ဟိန္ဒူဝါဒ၏ အစိတ်အပိုင်းတခုသို့၊ မသိမသာဖြစ်လာလောက်အောင်ပင်၊ တကယ့်အမှန်ပြောင်းလဲခဲ့ချေပြီတကား။

# နိဂုံး


၀

ဗုဒ္ဓဘာသာသည်၊ အေရှရာဇဝင်တွင်၊ အားကောင်းသော ဘာသာတခုဖြစ်လေသည်။ ၎င်းသည် ကျယ်ဝန်းသောဒေသများပေါ်မှာ၊ ပြန့်ပွားလျက်ရှိလေသည်။ အချိန်ကာလကြာညောင်းခြင်းသည်၊ ဂေါတမဘုရားရှင်၏ မူရင်းတရားတော်များကို၊ ကွယ်ဝှက် ဖုံးကွယ်စေခြင်းဖြင့်၊ သာသာဝါဒကို များစွာပြောင်းလွဲစေခဲ့ပြီ။ သို့ရာတွင် ဘုရားရှင်သည်၊ ကျွန်ုပ်တို့အား သစ္စာလေးပါး တရားတော်နှင့်၊ မဂ္ဂင်ရှစ်ပါးတရားတော်များကို၊ ဟောကြားတော်မူခဲ့သည်ကို၊ မည်သူမဆိုမေ့နိုင်ဘွယ်မရှိပေ။


မြင့်မြတ်စွာနေထိုင်ခြင်းကိုဎင်း၊ နောက်ဆုံးပန်းတိုင်အဖြစ်ဖြင့်၊နိဗ္ဗာန်အဘို့ ကျိုးစားအားထုတ်ရန်ကိုဎင်း၊ ကျွန်ုပ်တို့အားဟောကြားတော်မူခဲ့သူမှာ၊ ထိုဘုရားရှင်ပင်ဖြစ်ချေသည်။ နိဗ္ဗာန်တရားသည်ပျောက်ကွယ်သွားခြင်းကိုမဆိုလို၊ ငါတည်းဟူသော အတ္တကို ၎င်းထက်သာ၍မြတ်သော တစုံတရာအဟ္ဂင်း၌။ ပြောက်ဝင်စေလျက်၊ ငါတည်းဟူသောအတ္တကို၊ ညင်းပယ်စွန့်ပြစ်ခြင်းကိုသာလျှင် ဆိုလိုပါသည်။

မနုဿလူသားတို့သည်၊ ၎င်းတို့ကိုယ်တိုင်ထက် မြတ်သောတစုံတရာအတွင်းသို့။ ၎င်းတို့ကိုယ်တိုင်ကို၊ မစွန့်လွှတ်သမျှကာလပတ်လုံး၊ ပေါင်းသင်းဆက်ဆံရေးစီးကမ်းလည်း၊ ရှိနိုင်မည်မဟုတ်၊ လုံခြုံရေးလည်း ရှိနိုင်မည်မဟုတ်၊ ငြိမ်းချမ်းရေးသော်ဎင်း၊ ကြွယ်ဝချမ်းသာရေးသော်ဎင်း၊ ရှိနိုင်မည်မဟုတ်၊ တရားဖြောင့်မှန်သော ခေါင်းဆောင်လည်း ရှိနိုင်မည်မဟုတ်ပေ။

ဤလူတို့၏ အထွဋ်အထိပ် ဆရာသခင် ဘုရားရှင်၏ဖွားမြင်တော်မူရာဌာန၊ မဇ္ဈိမတိုင်း အိန္ဒိယပြည်ကြီးသည်ကား၊ ဤမြင့်မြတ်သော နေထိုင်ရေးအတွက်၊ သက်သေခံလျက်ရှိသေးသည့်အပြင်၊ ဤဘုရားဖူးဆိုင်ရာ ဗုဒ္ဓဘာသာဌာနများသို့၊ တကြိမ်တခါသွားရောက်လည်ပတ်ဖူးမျှော်ခြင်းကားစိတ်ဓါတ်ကြည်နူး ရွှင်ပြလျက်၊ ဘဝသံသရာအတွက် အားတက်ဘွယ်တရပ်ပင်ဖြစ်ပေသတည်း။ ။



726.9/5-53
A1MMGB000715


အာဂျန္တာ
ဧလိုရာ
မဒရပ်
လင်္ကာဒီပ
တလက်မ = မိုင် ၂၀၀, ခန့်

# အဝေးရောက် မြန်မာဆရာတော်များ။

မြန်မာပြည်မှဘုရားဖူးများ၏ အသုံးကျေးဇူးတင်ထိုက်လှသော အဝေးရောက် ဆရာတော်ဘုရားများ၏ ဘွဲ့နှင့်လိပ်စာကို ဖေါ်ပြလိုက်ပါကြောင်း။

အိန္ဒိယနိုင်ငံ။ ၁။ အရှင် ဦးအာစရ၊ BALARAMPUR, GOONDA DISTRICT, U. P., ၂။ အရှင် ဦးစန္ဒိမာ၊ C2/1C, MALDIA ROAD, BENARAS CANT., U. P., ၃။ အရှင်ဦးဥတ္တမ၊ BUDDHA GAYA P. O., GAYA DISTRICT, U. P., ၄။ အရှင် ဦးဇယျန္တ၊ RAJGIR, U. P., ၅။ အရှင် ဦးကိတ္တိမ၊ SARNATH, U. P., ၆။ အရှင် မဟိန္ဒ၊ SAVATTHI GOONDA DISTRICT, U. P., ၇။ အရှင် ဦးပညာသိရိ၊ 12 (a) EDEN HOSPITAL ROAD, CALCUTTA 12.

သီဟိုဠ်ကျွန်း။ ၁။ အရှင် ဝိနယ လင်္ကာရဆရာတော်၊ Dematagoda Road, Maradana, Colombo., ၂။ အရှင် ဦးသိဂ္ဂဝ၊ ၎င်း၊ ၃။ အရှင် ဦးညာဏ။ Trin comalee Street, Kandy.

အထက်ပါနိုင်ငံများ၌၊ စာရင်းတွင်မပါသေးသော ဆရာတော်များနှင့် အခြားနိုင်ငံတွင် သီတင်းသုံးနေတော်မူသော ဆရာတော်များ၏ ဘွဲ့နှင့် လိပ်စာကို ဓမ္မမိတ်ဆွေများကို ပို့ပါမည်အကြောင်း မေတ္တာရပ်ခံပါသည်။

၂၆၊ ၂၀ လမ်း၊ ရန်ကုန်မြို့။

ညှော်ခံရေးအဖွဲ့။
ဗုဒ္ဓ ဓမ္မ က မ္ဘာ သာ သနာ ပြု အဖွဲ့

# ဗုဒ္ဓသာသနာ သမာဂမ အသင်း

## ( ဗုဒ္ဓဓမ္မသာသနာပြုအဖွဲ့ )

အသင်း၏ရည်ရွယ်ချက်မှာ။

"သင်္ဂါယနာ အဆက်ဆက်မှ ဆင်းသက်လာသော ဗုဒ္ဓဓမ္မ မူစစ်ကို သင်ကြားလေ့လာ ကျင့်ကြံခြင်းကို တတ်အားသမျှကူညီရန်" ဟူ၍ တခုတည်းဖြစ်ပါသည်။

မြတ်စွာ ဘုရား၏ အဆုံး အမကိုလိုက်နာ၍ အသင်း၏ ရည်ရွယ်ချက်ကို သဘောတူသော ဗုဒ္ဓဘာသာဝင်တို့သည်၊ အသင်းသားအဖြစ် ဝင်နိုင်ကြသည်။

| | |
|---|---|
| သင်းဝင်ကြေး | ၁ဝိ။ |
| နှစ်စဉ်ကြေး | ၁၅ိ။ |
| ရာသက်ပန်အသင်းသား | ၃ဝဝိ။ |

(အသင်း၏နှစ်မှာ စက်တင်ဘာလမှစမည်။)

အသင်းသားများကို အသင်းမှထုတ်ဝေသော စာအုပ်စာတမ်း စာစောင်များကို နှုန်းလျှော့၍ထုတ်ပေးမည်ဖြစ်ကြောင်း။

အသင်းဝင်ကျေး၊ နှစ်စဉ်ကျေး၊ ရာသက်ပန်ကျေးနှင့် အလှူငွေများကို အသင်း၏အကျိုးဆောင် ငွေထိမ်း ဒေါ်မမစောအောင်၊ အမှတ် ၂၇၀၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။ ထံပို့နိုင်ပါကြောင်း။

Burmese Advertising Press, 44, 36th Street.